The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .16, NO . 6 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 8 , 2016



## အများပြည်သူသွားလာမှု
## အဆင်ပြေချောမွေ့စေရေးအတွက်
## အမြန်ဘတ်စ်ကားစနစ် (အပေါ့စား) ဖြင့်
## မြှင့်တင်ကြစို့

ဒေါက်တာမောင်အောင် ၁၈



## မြန်မာနဲ့ CSR

၁၂

ပြည်ပသို့ ကြက်သွန်နီများ စတင်တင်ပို့ခွင့်ပြု ၁၆

**7 Day Cars** ဝက်ဘ်ဆိုက်စတင်လွှင့်တင် ၂၂

ပခုက္ကူခရိုင်တွင် စံမညီ မြေပဲဆီများ ရှိ/မရှိကို ကွင်းဆင်းလေ့လာဆောင်ရွက် ၂၈

ဝယ်ယူသူ၏ ယုံကြည်မှုအစဉ် ရှိနေသည်မှာ ........

# GOLD CRANE SERVICE CO.,LTD.




ရုံးခန်းလိပ်စာ (၁) - အမှတ်(၁၉)င၊ ပဏ္ဍိတလမ်း၊ ၇-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း - ၀၉-၇၃၂၂၄၆၀၈၊ ၀၉-၇၃၂၂၄၆၀၉၊ ၀၁-၅၀၀၆၀၃
Fax ၀၁-၅၀၀၆၀၃၊ Email goldcrane2012@gmail.com
ရုံးခန်းလိပ်စာ (၂) - အမှတ်(၄)(ကိ)၊ မေခလမ်း၊ ခရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၆၅၆၆၉၀၊ ၀၁-၆၅၆၆၉၁၊ Fax ၀၁-၆၆၃၀၂၀

# Ayeyar Hinthar Holdings Company Limited







ဆေးရုံကြီး
Hot Lines : + 959783666 141~144

SUZUKI
Way of Life!
Ayeyar Hinthar Motors





SEVEN 7 ALUMINIUM



Fabrication & Installation of Aluminium Products

**YANGON**
# 1106, Ye Ta Khon Tower, 531, Lower Kyee Myin Daing Road, Kyee Myin Daing Township, Yangon,Myanmar.

Tel: +951 – 508070 ~ 1, 508232~4
Fax : +951 – 508071
Hotline : +959 – 97634 7770, + 959 – 97634 8880
Email : marketing@7aluminium.com,sales@7aluminium.com

**NAYPYITAW**
# 39, Shopping Complex, Za Bu Thiri Township, Nay Pyi Taw.
Tel : 067 – 422 363,25855
Fax : 067 – 422 355

# ပို့ကုန်အရည်အသွေး စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစင်တာ (ITC) နှင့် Physikalisch Technische Bundesanstalt (PTB) တို့ ပူးပေါင်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဦးစီးကျင်းပသည့် ပို့ကုန်အရည်အသွေး စီမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပခဲ့ပါသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ITC နှင့် PTB တို့မှ Advisor များက အသီးသီး အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားရာတွင် "အရည်အသွေး စီမံခန့်ခွဲမှုလုပ်ငန်းစဉ်သည် နိုင်ငံတော်၏ ပို့ကုန်မြှင့်တင်ရေးအတွက် အထူးအရေးကြီးပါကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့် အမျိုးသား ပို့ကုန်မဟာဗျူဟာ(NES) ကိုလည်း များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲမှ အသိပညာ များ၊ လုပ်ငန်းကျွမ်းကျင်မှုနှင့်ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များအား ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုအတွက် ပို့ကုန်အရည်အသွေးဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်ရေးမှာလည်း အထူးအရေးကြီးသည့် အချက်ဖြစ်ပါကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲဖြစ် မြောက်အောင် ဆောင်ရွက်ပေးခဲ့ကြသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအားလုံးကို ဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း"ပြောကြားခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ITC နှင့် PTB တို့မှ Advisor များ အခြားဖိတ်ကြားထားသည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ UMFCCI နှင့် သက်ဆိုင်ရာ အသင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက်မှ ၅ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ဆက်လက်၍ မန္တလေးမြို့တွင်လည်း ဖေဖော်ဝါရီ ၈ ရက်မှ ၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

---

# အမျိုးသားပို့ကုန်မဟာဗျူဟာ လုပ်ငန်းအဖွဲ့များအလိုက် ဆွေးနွေးပွဲ ဒုတိယအကြိမ် ကျင်းပ

မြန်မာနိုင်ငံရဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာ NES အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် လုပ်ငန်းအဖွဲ့များနဲ့ နိုင်ငံတကာ ကုန်သွယ်မှု ဗဟိုဌာနမှ တာဝန်ရှိသူများ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက်နံနက် ၉း၃၀ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းရုံး ဒုတိယထပ်ရှိ အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

ဆွေးနွေးပွဲမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်စိုးနဲ့ တာဝန်ရှိသူများ နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာနမှ ကျွမ်းကျင်သူများနဲ့ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ တွေ့ဆုံဆွေးနွေးကြပါတယ်။

ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များဖြစ်တဲ့ ကုန်သွယ်မှုသတင်းအချက်အလက်နဲ့ ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍ၊ ရော်ဘာကဏ္ဍနဲ့ သစ်နဲ့သစ်တောထွက်ပစ္စည်းကဏ္ဍကို ဖေဖော်ဝါရီ ၄ ရက်မှာလည်းကောင်း၊ အထည်အလိပ်နဲ့ အဝတ်အထည်ကဏ္ဍကို ဖေဖော်ဝါရီ ၅ ရက်မှာလည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၃ ရက်ကပြုလုပ်ခဲ့ပြီး အဲဒီဆွေးနွေးပွဲမှာ ကဏ္ဍအလိုက် အကောင်အထည်ဖော်လုပ်ဆောင်မယ့် စီမံကိန်းများရေးဆွဲရန်နဲ့ စီမံကိန်းအကောင်အထည်ဖော်ရာမှာ ကြုံတွေ့ရမယ့် အခက်အခဲများ လိုအပ်ချက်များကို အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းလုပ်ဆောင်ရန် မိတ်ဖက်အဖွဲ့အစည်းများထံမှ အကူအညီများ ရယူရန်ဖြစ်ပါတယ်။

ယခုဆွေးနွေးပွဲမှာ ပထမအကြိမ်က ရေးဆွဲခဲ့တဲ့ စီမံကိန်းနဲ့ လိုအပ်ချက်များကို ပြန်လည်တင်ပြဆွေးနွေးပြီး ရှေ့ဆက်ရမယ့်လုပ်ငန်းစဉ်များကို ညှိနှိုင်းခြင်းဖြစ်ပါတယ်။ ယခုလို တွေ့ဆုံညှိနှိုင်းရာမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကဏ္ဍအလိုက်တာဝန်ရှိသူများ၊ ကဏ္ဍအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနဲ့ ကုမ္ပဏီ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလိှုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.6 Monday February 8 2016

# ကုန်သွယ်ရေးစခန်းများမှ ဆန်နဲ့ ဆန်ကွဲ တင်ပို့မှု လျော့ကျသော်လည်း ပင်လယ်ရေကြောင်းမှပိုမိုတင်ပို့

ကုန်သွယ်ရေးစခန်းများမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ အတွင်းမှာ ကန်ဒေါ်လာ ၂၈ ဒသမ ၉၃၉ သန်းဖိုးရှိ ဆန်တန်ချိန် ၇၈၈၉၃ တန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့တာဖြစ်ပါတယ်။

မူဆယ် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၁ ဒသမ ၆၉၄ သန်းဖိုးရှိ ငစိန်နဲ့ ဧည့်မထ ဆန် ၅၉၁၆၅ တန်၊ ချင်းရွှေဟော်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၅၃၈ သန်းဖိုးရှိ ငစိန်ဆန် ၁၄၇၇ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၆ ဒသမ ၇၀၇ သန်းဖိုးရှိ ငစိန်ဆန် ၁၈၂၅၀ တန်တင်ပို့ခဲ့တာဖြစ်ပါတယ်။ အနီးစပ်ဆုံး ဒီဇင်ဘာလ တင်ပို့မှုထက် တန် ၅၄၁၀၀ ခန့်လျော့ကျခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုအနေနဲ့ကတော့ ကန်ဒေါ်လာ ၅ ဒသမ ၁၇၄ သန်းဖိုးရှိ ဆန်ကွဲ ၁၅၈၅၈ တန်ကို မူဆယ်မှ ၁၅၃၅၇ တန်နဲ့ လွယ်ဂျယ်မှ တန် ၅၀၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာလည်း ယခင်လထက် ၇၄၆၂ တန် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇန်နဝါရီလအတွင်း ကန်ဒေါ်လာ ၁၁ ဒသမ ၄၇၇ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၃၆၈၁၉ တန်ကျော် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဒီဇင်ဘာလထက် ၂၀၂၆၀ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်အပြင် ဆန်ကွဲကိုလည်း ဇန်နဝါရီလအတွင်း ၈၆၈၃ တန်တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၂ ဒသမ ၃၁၆ သန်းရရှိခဲ့ပါတယ်။ ဒီဇင်ဘာလ တင်ပို့မှုထက် ၉၆၂ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**



# ရန်ကုန်ဝါးတန်းကုန်စည်ဒိုင်သို့ ဆန်ချောအဝင်ပါးပြီး အရောင်းအဝယ်အေး

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ ဖေဖော်ဝါရီ ၅ ရက် လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ၂၈၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၈၀၀၀ ကျပ်ဖြစ်လို့ ယခင်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ရင် ထိပ်စတစ်အိတ်ကို ၁၀၀၀ ကျပ်ခန့် ဈေးကျလာပါတယ်။ မြောင်းမြ/ ပုသိမ် ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ၃၁၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၀၀၀၀ ကျပ်၊ နယ်စုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ၂၈၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၇၀၀၀ ကျပ်ဖြစ်ပြီး ဈေးနှုန်းမပြောင်းလဲဘဲ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ဈေးနှုန်းက ၃၅၀၀၀ ကျပ်မှ ၃၆၀၀၀ ကျပ်ဖြစ်ကြောင်း၊ ကုန်စည်ဒိုင်သို့ ပေါ်ဆန်းဆန်အဝင်ပါးကာ အရောင်းအဝယ်အေး လျက်ရှိကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် ထိပ်စ တစ်အိတ် ၂၃၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၂၀၀၀ ကျပ်ဖြစ်လို့ ယခင်ပတ်နဲ့ နှိုင်းယှဉ်ရင် ထိပ်စတစ်အိတ် ၁၂၀၀ ကျပ်၊ လတ်စ တစ်အိတ် ၈၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။ မနောသုခသစ်ရှယ်ဈေးနှုန်းက ၂၃၀၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၅၀၀ ကျော်ခန့် ဈေးမြင့်လာပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် ကုန်စည်ဒိုင်သို့ ဝင်ရောက်မှုနည်းခြင်းကြောင့် ဈေးတက်ရခြင်းဖြစ်ကြောင်း၊ လိုအပ်ချက်ရှိသလောက် အရောင်းအဝယ်ဖြစ်ကြောင်း ဝါးတန်းကုန်စည်ဒိုင်ဈေးကွက် မှ စုံစမ်းသိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်တွင် တရုတ်နှစ်သစ်ကူးပွဲတော်အတွက် ဖေဖော်ဝါရီလ ၅ ရက်မှ ၁၂ ရက်ထိ ဒိုင်ပိတ်ထားလို့ ဈေးနှုန်းမဖွင့်ဘဲ အရောင်းအဝယ်ရပ်နားထားတယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီ ၅ ရက်ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၉၀ ဒသမ ၄၈ ကျပ်ဖြစ်ပြီး၊ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန် ၁၀၀၀ ကျော် ဝင်ရောက်လျက်ရှိပါတယ်။ ယခုတစ်ပတ်အတွင်း စုစုပေါင်းတန်ချိန် ၈၉၆၅ ဝင်ရောက်ခဲ့တယ်လို့ မူဆယ်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

မြန်မာ့ဆန်ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇန်နဝါရီ ၂၉ ရက်ထိ တန်ချိန် ၉၇၄၆၂၈ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၅၅ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၇၅၃၀၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၃ သန်းကျော်ဖိုး လျော့နည်းလျက်ရှိပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၃၁၉၆၇၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၈ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၂၈၉၂၉ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈ သန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်ကြောင်း သိရပါတယ်။

**MIRT-YGN**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၄-၂-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၆ | ၃၈၉ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၀ | ၃၈၃ | △ | ၃၅၀ | ၃၅၀ | □ | ၃၅၅ | ၃၆၀ | △ | ၃၄၀ | ၃၄၅ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၇၁ | ၃၇၃ | △ | ၃၄၀ | ၃၄၀ | □ | ၃၂၅ | ၃၂၅ | □ | ၃၀၅ | ၃၁၀ | △ |
| ပေါင်းဆန် | ၃၇၀ | ၃၇၀ | □ | - | - | - | ၃၄၅ | ၃၅၀ | △ | ၄၀၅ | - | |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၄-၂-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၆၅ | ၄၆၀ | ▽ | ၄၆၅ | ၄၄၀ | ▽ | ၄၆၀ | ၄၃၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၅ | ၄၄၀ | ▽ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၅-၂-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၅၀၀ | □ | ၂၁၀၀၀ | □ | ၇၁၇၆ | □ | ၂၉၀၀၀ | □ |
| ပုသိမ် | ၅၉၀၀ | △ | ၂၃၀၀၀ | △ | ၆၉၀၀ | △ | ၂၉၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၀၀၀၀ | □ | ၆၆၀၀ | △ | ၂၇၀၀၀ | □ |
| ရွှေဘို | ၆၂၅၀ | △ | ၂၄၅၀၀ | △ | ၉၇၀၀ | □ | ၃၁၅၀၀ | □ |
| စစ်တွေ | ၄၇၀၀ | □ | ၂၀၀၀၀ | □ | ၇၀၀၀ | □ | ၂၈၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | △ | ၂၄၀၀၀ | △ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | △ | ၂၂၀၀၀ | △ | - | - | ၂၇၀၀၀ | □ |
| မန္တလေး | ၆၈၀၀ | △ | ၂၄၅၀၀ | △ | - | - | ၃၀၀၀၀ | □ |
| မကွေး | ၇၂၀၀ | △ | ၂၅၂၀၀ | □ | - | - | ၃၆၅၀၀ | △ |
| မော်လမြိုင် | ၅၄၀၀ | □ | ၂၀၀၀၀ | □ | ၆၅၀၀ | □ | ၂၄၀၀၀ | □ |
| လှိုင်ကော် | ၆၃၈၀ | □ | ၂၅၀၀၀ | □ | - | - | ၃၆၀၀၀ | △ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| ဘားအံ | ၅၈၀၀ | △ | ၂၁၀၀၀ | □ | - | - | ၂၅၀၀၀ | □ |
| တောင်ကြီး | - | - | ၂၃၅၀၀ | □ | - | - | ၃၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ပုသိမ်ဆန်စပါးဈေးကွက် ကောက်စောစပါးပေါ်ချိန် အောက်တိုဘာလကထက် ယခုအချိန် စပါးဈေး မြင့်တက်လျက်ရှိ

ပုသိမ်မြို့တွင်းရှိ ဆန်စပါးဈေးကွက်တွင် အောက်တိုဘာလမှ စတင်ထွက်ရှိတဲ့ မိုးဧည့်မထ အုပ်စုဝင် မနောသုခ၊ မျိုးပွား၊ ဆင်းသုခ၊ စပါးဈေးနှုန်းမှာ (ပေါင် ၅၀) တင်း ၁၀၀ ကို ၅၈၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိရာမှ ယခုဖေဖော်ဝါရီလတွင် စပါးဈေးနှုန်းမှာ ၆၆၀၀၀၀ ကျပ်ဖြစ်သွားပါတယ်။ ထိုနည်းတူ ပေါ်ဆန်းရင်စပါး ဈေးနှုန်းမှာလည်း ယခင်ပေါ်စက (ပေါင် ၅၀ ) တင်း ၁၀၀ ကို ၇၄၀၀၀၀ ကျပ်-၇၅၀၀၀၀ ကျပ်မှ ယခုအချိန် ၈၂၀၀၀၀ ကျပ်ဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

လက်ရှိဈေးကွက်တွင် မနောသုခ၊ မျိုးပွား၊ ဆင်းသုခ ဆန်တစ်အိတ်ကို ၂၄၀၀၀ ကျပ်၊ မီးကောက် ဆန်တစ်အိတ် ၂၅၀၀၀ ကျပ်-၂၆၀၀၀ ကျပ်၊ ရွှေသွယ် ဆန်တစ်အိတ်ကို ၂၆၀၀၀ ကျပ်-၂၇၀၀၀ ကျပ်၊ ဧရာဝတီပေါ်ဆန်း တစ်အိတ် ၃၁၀၀၀ ကျပ်၊ ပေါ်ဆန်းရင်တစ်အိတ် ၃၀၀၀၀ ကျပ်ဖြင့် ယခင်လထက် ဆန်တစ်အိတ် ၁၀၀၀ ကျပ်-၂၀၀၀ ကျပ်ဝန်းကျင် ဈေးနှုန်းမြင့်တက်လျက်ရှိပါတယ်။ စပါးပေါ်ချိန် အောက်တိုဘာလ၊ နိုဝင်ဘာလများတွင် အရောင်းအဝယ်သွက်လျက်ရှိပြီး ယခုအချိန် အရောင်းအဝယ်မှာ ပုံမှန်ဖြစ်ကြောင်း၊ ကုန်သည်ပွဲစားများထံမှ သိရပါတယ်။

ယခုအချိန် မိုးစပါးများမှာ ဈေးကွက်တွင် မလှိုင်တော့ဘဲ စက်ပိုင်၊ ကုန်သည်၊ လှောင်လက်တချို့နဲ့ တောင်သူလက်ကြီးသမားများထံတွင်သာ ရှိတော့ကြောင်း၊ ရန်ကုန်၊ အညာဒေသများသို့ ပုံမှန်တင်ပို့နေသော ကုန်သည်၊ စက်ပိုင်များမှာ လက်ရှိအချိန်တွင် လိုအပ်တဲ့ စပါးများကို ဝယ်ယူသိုလှောင်ထားပြီး ဧပြီလ နွေစပါးပေါ်ချိန် ဈေးကွက်ကိုစောင့်ကြည့်မှာဖြစ်ကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၅-၂-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၉/၁ | ၅/၂ | ပြောင်းလဲမှု | ၂၉/၁ | ၅/၂ | ပြောင်းလဲမှု | ၂၉/၁ | ၅/၂ | ပြောင်းလဲမှု | ၂၉/၁ | ၅/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | - | - | - | - | ၂၅၀၀ | - | ၂၇၂၅ | ၂၅၀၀ | ▼ | ၂၇၅၀ | ၂၅၅၀ | ▼ |
| ၂ | ပဲစင်းငုံ | ၂၄၄၉ | ၂၁၈၂ | ▼ | - | ၂၃၃၃ | - | ၂၄၀၅ | - | - | ၂၃၉၅ | ၂၁၅၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၈၃၀ | ၁၅၅၀ | ▼ | ၁၉၅၆ | ၁၈၃၁ | ▼ | ၁၈၆၀ | - | - | ၁၇၉၀ | ၁၇၄၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၆၀၀ | ၂၃၀၀ | ▼ | - | - | - | - | - | - | ၁၆၇၅ | ၁၇၄၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၃၀၀ | ၁၂၁၅ | ▼ | ၁၄၁၇ | - | - | ၁၄၇၅ | - | - | ၁၀၈၀ | ၁၁၆၀ | ▲ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | - | ၁၂၉၈ | - | ၉၄၇ | ၉၂၀ | ▲ | ၆၃၀ | ၆၃၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၅-၂-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၂၈/၁ | ၄/၂ | ပြောင်းလဲမှု | ၂၈/၁ | ၄/၂ | ပြောင်းလဲမှု | ၂၈/၁ | ၄/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၃၇၀ | ၁၃၁၀ | ▼ | ၁၅၄၂ | ၁၅၁၉ | ▼ | ၁၃၉၅ | ၁၃၂၇ | ▼ |
| ၂ | ပဲစင်းငုံ | ၁၁၉၀ | ၁၁၂၀ | ▼ | ၁၂၃၄ | ၁၁၃၆ | ▼ | ၁၂၃၄ | ၁၁၂၁ | ▼ |
| ၃ | ပဲတီရွှေဝါ | ၈၅၀ | ၈၅၀ | ■ | ၉၈၄ | ၉၀၀ | ▼ | ၁၀၂၈ | ၉၅၉ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၃၉ | ၆၁၂ | ▼ | ၆၆၈ | ၆၃၄ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၃-၁-၁၆)ထိ | ယခုတစ်ပတ် (၃၀-၁-၁၆)ထိ | (၁-၁-၁၆) မှ (၃၀-၁-၁၆) ထိ |
| မတ်ပဲ | ၁၅၁၄ | ၃၆၁၀ | ၉၅၂၀ |
| ပဲတီစိမ်း | ၄၄၇၉ | ၅၀၇၇ | ၂၂၅၉၆ |
| ပဲစင်းငုံ | ၄၄၄၀ | ၈၄၉၅ | ၂၉၈၀၈ |
| ကုလားပဲ | ၃ | ၁၁ | ၅၃ |
| ပဲလွန်းဖြူ | ၁၀၉ | ၁၂၁ | ၄၇၀ |
| မြေထောက်ပဲ | ၁၂၀ | ၁၂၀ | ၂၈၆ |

## ကာလတူထက်တင်ပို့မှုပမာဏ လျော့နည်းခဲ့သော်လည်း ပဲဈေးကောင်းသဖြင့် တန်ဖိုးအားဖြင့် ပိုမိုရရှိ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်ထိ ပြည်ပသို့ ပဲအမျိုးမျိုးတန်ချိန် ၉ ဒသမ ၇၄၆ သိန်း တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၈၇၈ သန်းကျော်ဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူမှာ ပဲတန်ချိန် ၉ ဒသမ ၃၂၀ သိန်း၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၇၄၄ သန်းကျော်ဖိုးတင်ပို့နိုင်ခဲ့ရာ ယခုနှစ်မှာ တန်ချိန်အားဖြင့် ၉၉၇၃ တန်လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၃၃ သန်းကျော် ပိုမိုရရှိခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ် ပထမ ၁၀ လတာကာလမှာ အများဆုံးတင်ပို့ခဲ့တဲ့ပဲများကတော့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ကုလားပဲနဲ့ ပဲလွန်းဖြူတို့ဖြစ်ကြပါတယ်။

| ပဲအမျိုးအမည် | တန်ချိန် (ကိန်းပြည့်) | တန်ဖိုး (ကန်ဒေါ်လာသန်း) |
|---|---|---|
| မတ်ပဲ | ၃၉၆၈၉၃ | ၃၉၁. ၁၆၅ |
| ပဲတီစိမ်း | ၂၃၄၅၀၁ | ၂၃၈. ၄၆၈ |
| ပဲစင်းငုံ | ၁၄၄၄၅၀ | ၁၄၀. ၂၈၂ |
| ကုလားပဲ | ၂၃၂၈၀ | ၁၁. ၃၂ |
| ပဲလွန်းဖြူ | ၁၄၂၉၉ | ၉. ၇၅၁ |

အခြားတင်ပို့ခဲ့တဲ့ ပဲအမျိုးမျိုးတွေကတော့ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ပဲကြီး၊ ပဲကတ္တီပါ (စွန်တာနီ/ပြာ)၊ ဘိုကိတ်ပဲ၊ ပဲပုပ်စေ့၊ ပဲနီကြား၊ နိုင်လွန်ပဲ၊ မြေပဲဆံနဲ့ အခြားပဲတို့ဖြစ်ပါတယ်။ယမန်နှစ်ကာလတူထက် ပမာဏအားဖြင့်ပိုမိုတင်ပို့နိုင်ခဲ့တဲ့ပဲတွေကတော့ ပဲတီစိမ်း၊ ကုလားပဲ၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ပဲပုပ်စေ့၊ ပဲနီကြားနဲ့ နိုင်လွန်ပဲတို့ဖြစ်ကြပါတယ်။

**MIRT**

## ပခုက္ကူတွင် ပဲစင်းငုံနီဈေးကျသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိ

ပခုက္ကူ၌ ၂၀၁၅-၂၀၁၆ ခုနှစ်ရာသီတွင် ပဲစင်းငုံနီ တစ်တင်း ၄၉၅၀၀ ကျပ်ဈေးဖြင့် တာထွက်လှပခဲ့ပါတယ်။ ပဲစင်းငုံနီစိုက်တောင်သူများမှာ အများအားဖြင့် (သီးညှပ်) စိုက်ကြခြင်းဖြစ်ပြီး တစ်ဧကကို ၃ တင်းနဲ့ အလွန်ကောင်းမှ ၅ တင်းသာထွက်ရှိပါတယ်။ တောင်သူများအထွက်နည်းခြင်းနဲ့ ပြည်ပဆွဲလက် ဈေးကွက်မှ ဈေးကောင်းပေး ဝယ်ခြင်းကြောင့် ဇန်နဝါရီ ၆ ရက်က ၅၁၀၀၀ ကျပ် ဈေးထိ ဈေးကောင်းရ၍ အိတ်ရေ ၁၅၀၀-၂၀၀၀ အထိ အရောင်းအဝယ်သွက်ပြီး တောင်သူများ အကျိုးအမြတ်ဖြစ်ထွန်းခဲ့ကြပါတယ်။

ဈေးကောင်းလို့ အရောင်းအဝယ်သွက်ခဲ့တဲ့ ပဲစင်းငုံနီဟာ ဇန်နဝါရီလနောက်ဆုံးပတ်မှစ၍ တစ်တင်း ၄၈၁၀၀ ကျပ်-၄၈၀၀၀ ကျပ်ဈေးရှိခဲ့ပြီး ဖေဖော်ဝါရီလ ၄ ရက် နောက်ဆုံးဈေးအနေဖြင့် တစ်တင်း ၄၆၀၀၀ အထိ တရိပ်ရိပ်ကျလာခဲ့ရာ တောင်သူများအနေဖြင့် အကျိုးဖြစ်ထွန်းလျက်ရှိသော်လည်း ပဲစင်းငုံလှောင်သူ ကုန်သည်ပွဲစားများအနေဖြင့် တက်ဈေးကိုမျှော်မှန်း၍ လှောင်ခဲ့သော်လည်း ယနေ့ဖြစ်ပေါ်နေသော ကာလပေါက်ဈေး ပေါ်တွင် ပဲစင်းငုံတစ်တင်း ၃၀၀၀ ကျပ်-၄၀၀၀ ကျပ်ခန့် အရှုံးဖြစ်ပေါ်လျက်ရှိကြောင်း ပဲစင်းငုံနီ သိုလှောင်သူတစ်ဦးထံမှ သိရပါတယ်။ အကျဈေးဖြင့် ရှိနေသော်လည်း ပခုက္ကူကုန်စည်ဒိုင်တွင် နေ့စဉ် အိတ်ရေ ၁၀၀ ခန့် ပုံမှန် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ချယ်ရီမြင့်-ပခုက္ကူ**

## မုံရွာကုန်စည်ဒိုင် ဖေဖော်ဝါရီပထမပတ် ပဲဈေးကွက် Export ပဲအချို့ဈေးဆက်လက်ကျ



မုံရွာကုန်စည်ဒိုင် ဖေဖော်ဝါရီလ ပထမပတ်ပဲမျိုးစုံဈေးကွက်မှာ ပဲသစ်တွေ စုံညီစွာဝင်ရောက်လာခဲ့ပြီး၊ အရောင်းအဝယ်အားဖြင့် သွက်နေပေမယ့် Export ဝယ်လိုအားရှိတဲ့ပဲအချို့ ဈေးဆက်လက်ကျဆင်းနေတာတွေ့ရ ပါတယ်။

အထူးသဖြင့် ပဲမပေါ်ခင် သုံးလခန့်ကတည်းက တစ်တင်း ၅၀၀၀၀ ကျပ်နဲ့ ကြိုပွိုင့်အဝယ်ရှိခဲ့တဲ့ငုံနီဟာ ဒီရက်သတ္တပတ်ထဲမှာ တစ်တင်း ၄၆၅၀၀ ကျပ်၊ ၄၅၅၀၀ ကျပ်၊ ၄၅၃၀၀ ကျပ်ကနေကျဆင်းခဲ့ရာ ၄၃၈၀၀ ကျပ်အထိ ဈေးနိမ့်လာတာတွေ့ရပါတယ်။ ရန်ကုန်ဝယ်လက်၊ ကြိုပွိုင့်ရောင်းလက်နဲ့ ဒေသခံကုန်သည် လှောင်လက်တွေ အဝယ်စုံပေမယ့် ရောင်းလိုအားလျော့သွားလို့ တစ်ရက်အိတ် ၄၀၀၀၊ ၅၀၀၀ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်နိုင်ပြီး၊ တောင်သူလက်ဝယ်မှာ ဒီနှစ်ငုံနီအထွက်ရဲ့ သုံးပုံတစ်ပုံခန့်သာ ကျန်နိုင်တယ်လို့ ပွဲရုံရပ်ကွက်က သိရပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာလည်း စိမ်းကြီးက တစ်တင်း ၃၀၅၀၀ ကျပ်၊ ၃၀၀၀၀ ကျပ်အထိ၊ စိမ်းသေးက ၂၉၀၀၀ ကျပ်အထိ အသီးသီးကျဈေးဖြစ်ပေါ်ခဲ့ကာ ဝယ်လက်နည်းသလို ဈေးအရ ရောင်းလက်ကလည်း နောက်ဆုတ်ခဲ့လို့ တစ်ရက်စိမ်းကြီးအိတ် ၂၅၀ ခန့်နဲ့ စိမ်းသေး၁၅၀ အိတ်ခန့်သာ အရောင်းအဝယ်ဖြစ်တယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။

ကုလားပဲဈေးကွက်မှာ ချင်းတွင်းမြစ်အနောက်ဘက်ဒေသတွေနဲ့ ဘုတလင်ဘက်က အဝင်စိတ်လာကာ တစ်ရက်ကုလားပဲမျိုးစုံ အိတ် ၅၀၀ ခန့် ဒိုင်ကိုဝင်လာခဲ့ပြီး ပေါက်ဈေးအားဖြင့် ၉၂၉ တစ်တင်း ၃၁၅၀၀ ကျပ်၊ ကုလားပဲဖြူ လုံးကြီး တစ်တင်း ၃၀၅၀၀ ကျပ်ဈေးများနဲ့ ငြိမ်ခဲ့ကာ ရန်ကုန်ဝယ်လက်နဲ့ ဒေသခံလုပ်ငန်းသုံးသမားတွေ အဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ မတ်ပဲဈေးကွက်အနေနဲ့ ယခုတစ်ပတ်အတွင်း တစ်တင်း ၅၁၅၀၀ ကျပ်မှာ ပေါက်ဈေးငြိမ်နေသလို တစ်ရက်အိတ် ၅၀၀၊ ၆၀၀ ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်လို့ ဆိုပါတယ်။

ပြည်တွင်းနဲ့ ဒေသသုံးပဲဈေးကွက်မှာတော့ ယခုသီတင်းပတ်ထဲက ပဲကြီးအသစ်ဝင်လာပြီး ထိပ်စတစ်တင်း ၂၉၀၀၀ ကျပ်နဲ့ တစ်ရက်အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့သလို၊ စွန်တာနီမှာ တစ်တင်း ၁၈၀၀၀ ကျပ်မှ ၁၇၀၀၀ ကျပ်၊ ပဲနီလုံးကြားမှာ တစ်တင်း ၂၂၀၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်သို့ အသီးသီးကျဈေးဖြစ်ပေါ်ခဲ့ကာ တစ်ရက်နှစ်မျိုးပေါင်း အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်ကဆိုပါတယ်။

ယခုတစ်ပတ် အခြားပဲဈေးကွက်အနေနဲ့ ပဲပုပ်စေ့ တစ်တင်း ၁၅၅၀၀ ကျပ်၊ ၁၇၀၀၀ ကျပ်၊ ပုဂံပဲတစ်တင်း ၂၃၀၀၀ ကျပ်၊ မြေထောက်ပဲတစ်တင်း ၂၁၅၀၀ ကျပ်၊ ၂၁၀၀၀ ကျပ်၊ ထောပတ်ပဲအသစ် ၁၇၅၀၀ ကျပ်၊ ပဲလွန်းပြာ တစ်တင်း ၂၇၀၀၀ ကျပ်၊ လွန်းဖြူ ၂၇၅၀၀ ကျပ်အသီးသီးပေါက်ဈေးဖြစ်ပေါ်နေခဲ့ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## သုံးခွ၊ ခရမ်းမြို့နယ်တို့၌ ပဲတီစိမ်း (ပဲတီရွှေဝါ) များစတင်ထွက်ပေါ်နေ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်အတွင်းရှိ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့များတွင် ဆောင်းသီးနှံ (ပဲတီရွှေဝါ) စိုက်ဧက ၃၀၆၃၇၁ ဧကကို စိုက်ပျိုးခဲ့ရာ ဇန်နဝါရီ စတုတ္ထပတ်အတွင်း အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့သော်လည်း ပျက်စီးမှုမရှိဘဲ အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း သိရပါတယ်။

ယခု ဖေဖော်ဝါရီလဆန်း ၁ ရက်မှစ၍ သုံးခွမြို့နယ် (ရေပေါ်ကန်ရှမ်းစု၊ သခွပ်ကုန်း)ကျေးရွာများနဲ့ ခရမ်းမြို့နယ် (ခမတ်၊ ပုဂံတောင်၊ တမံကြီး၊ အုတ်ဖို၊ မောင်းမ) ကျေးရွာများရှိ ကုန်းကျ၍ စောစိုက်ခဲ့သော ပဲတီစိမ်း (ပဲတီရွှေဝါ) များ စတင်ထွက်ပေါ်လာပြီဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်တွင် ပေါ်ဦးပေါ်ဖျား ပဲတီစိမ်းဈေး (ပဲတီရွှေဝါ) ပိဿာ ၂၀ ကို ၄၄၀၀၀ ကျပ်ဈေးဖြင့် စတင်ဝယ်ယူခဲ့ပြီး ဖေဖော်ဝါရီ ၃ ရက်တွင် ၄၃၀၀၀ ကျပ်၊ ၄ ရက်တွင် ၄၂၀၀၀ ကျပ်ဈေးများဖြင့် အသီးသီးဝယ်ယူနေကြောင်း မြို့ပေါ်သို့ ဖေဖော်ဝါရီ ၄ ရက်ထိ ပဲတီစိမ်း တစ်တင်းခွဲ ခရမ်းမြို့နယ်တွင် အိတ် ၃၀၀ ခန့်၊ သုံးခွမြို့နယ်တွင် အိတ် ၂၀၀ ခန့် ပဲစိုက်တောင်သူများမှ လာရောက်ရောင်းချခဲ့ကြကြောင်း၊ သန်လျင်၊ ကျောက်တန်း မြို့နယ်များတွင်လည်း ယခုလလယ်ပိုင်းလောက်မှ ပဲတီစိမ်း (ပဲတီရွှေဝါ) များထွက်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ပဲစိုက်တောင်သူများ ပဲဝယ်ယူသော ကုန်သည်များနဲ့ ပဲဈေးကွက်အတွင်းမှ သိရပါတယ်။

**အောင်မြင့်-သန်လျင်**



## မုံရွာကုန်စည်ဒိုင်သို့ ကုလားပဲဖြူလုံးကြီး V-2 အသစ်များ ဝင်ရောက်နေ

စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ၂၀၁၅-၂၀၁၆ ခုနှစ် ဆောင်းသီးနှံကုလားပဲ လျာထားစိုက်ဧက သုံးသိန်းရှစ်သောင်းကျော်မှာ ဧကလေးသိန်းနှစ်သောင်းကျော်စိုက်ပျိုးခဲ့လို့ ရာခိုင်နှုန်းအားဖြင့် ၁၁၁ ရာခိုင်နှုန်း စိုက်နိုင်ခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးမြို့နယ်များမှ ကုလားပဲဖြူလုံးကြီး V-2 အသစ်များ ဇန်နဝါရီလနောက်ဆုံး မုံရွာကုန်စည်ဒိုင်ဘက်မှ စတင်ဝင်ရောက်ပြီး ဖေဖော်ဝါရီလ ပထမပတ်တွင် တစ်ရက်ပျမ်းမျှ အိတ် ၄၀၀၊ ၅၀၀ ဝင်ရောက်လျက်ရှိရာ Export ဝယ်လက်ရှိ၍ ဝင်သမျှအားလုံး အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။

အသစ် တစ်တင်းဖွင့်ဈေးမှာ ၃၅၀၀၀ ကျပ်ဖြင့်ဈေးဖွင့်ခဲ့ပြီး ဖေဖော်ဝါရီ ပထမပတ်တွင် တစ်တင်း ၃၀၅၀၀ ကျပ်သို့ ဈေးကျခဲ့ပါတယ်။ ငွေလဲလှယ်နှုန်း အပြောင်းအလဲကြောင့် မုံရွာကုန်စည်ဒိုင်သို့ ဝင်ရောက်သည့် ပဲမျိုးစုံသီးနှံများ၏ ပေါက်ဈေးနှုန်းများ ဖေဖော်ဝါရီလ ပထမပတ်အတွင်း ဈေးအနည်းငယ်ကျခဲ့ကြောင်း ကုန်သည်တစ်ဦးက ပြောပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ပုလဲမြို့နယ်မှာ V2 ကုလားပဲများ ရိတ်သိမ်း

ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်ဟာ ဂျုံ၊ ကုလားပဲ၊ နေကြာတို့ကို အဓိကစိုက်ပျိုးထုတ်လုပ်ပေးနေတဲ့ ဒေသဖြစ်ပါတယ်။ လက်ပုကုန်အုပ်စုရဲ့ လမ်းဘေးဝဲယာမှာ ရင့်မှည့်နေပြီဖြစ်တဲ့ V2 ကုလားပဲခင်းများကို မြင်တွေ့ခဲ့ရပါတယ်။ "ကျွန်တော့်အခင်းလည်း နုတ်နေပါပြီ၊ သီတင်းကျွတ်လကုန်လောက်က စိုက်ခဲ့တယ်။ အခုပြာသိုဆိုတော့ သက်တမ်းက သုံးလကျော်ပဲကြာတာပါ။ ရေရတဲ့အပေါ်မူတည်ပြီး နှစ်သီးစား သုံးသီးစားစိုက်တာရှိတယ်။ ဒီမှာက နှစ်သီးစားဖြစ်တော့ စောစိုက်သလိုဖြစ်တာပေါ့၊ ကျွန်တဲ့ဒေသ (ယင်းမာပင်) လိုမျိုးကြတော့ သုံးသီးစားဖြစ်တော့ နောက်ကျတယ်။ ကျွန်တော်တို့ဆီမှာသာစပြီး ရိတ်ကြရတာ၊ အဲဒီဘက်က အပင်တွေဆို သက်တမ်းတစ်လခွဲလောက်ပဲရှိဦးမယ်။ ဒီနှစ်က ကုလားပဲကြိုက်တဲ့ ရာသီဥတုပါ။

ဒါပေမယ့် ဒီမြေတွေမှာ နှစ်စဉ်ကုလားပဲစိုက်တာဆိုတော့ မှိုကျန်လေးတွေကြောင့် တချို့ပင်ညှိုးရောဂါဖြစ်တာလေးတွေ ကြုံရတယ်။ အထွက်ကတော့ ၁၅ တင်းလောက်ရမှာပါ။ အခုပေါက်ဈေးက တစ်တင်း ၃၅၀၀၀ ကျပ်ဝန်းကျင်ရှိပါတယ်။ ဈေးကွက်အနေနဲ့ ပခုက္ကူရှိတယ်။ မုံရွာရှိတယ်။ ဈေးသာတဲ့ဆီပို့တာပါပဲ"လို့ ယာခင်းရှင်က ပြောပါတယ်။ ပုလဲမြို့နယ်ဟာ V2 ကုလားပဲစိုက်ဧက ငါးသောင်းကျော်ရှိလို့ တင်းရေ ခုနစ်သိန်းခွဲကျော်မယ်လို့ မှန်းကြပါတယ်။

**စွမ်းရည်-ယင်းမာပင်**

## Export ဝယ်လက်ရှိနေတဲ့ ပဲစင်းငုံနီ ဈေးအနည်းငယ်ကျ

မုံရွာကုန်စည်ဒိုင်၌ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ပဲစင်းငုံနီ တစ်တင်းဈေး အနိမ့်အမြင့်မှာ ၅၀၉၀၀ ကျပ်၊ ၄၈၃၀၀ ကျပ်မှ ဖေဖော်ဝါရီလ ပထမပတ်တွင်း ၄၃၈၀၀ ကျပ်၊ ၄၅၃၀၀ ကျပ်သို့ ဈေးအနည်းငယ်ကျခဲ့လို့ တစ်ရက်လျှင် အိတ် ၃၀၀၀မှ၄၀၀၀ ကြားသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ Export ဝယ်လက်ရှိလို့ ဝယ်လိုအားကောင်းသော်လည်း လှောင်လက်သမားနဲ့ တောင်သူများက တက်ဈေးမျှော်နေသဖြင့် ယခုတစ်ပတ်မှာ အရောင်းအဝယ်ပါးနေကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။

အိန္ဒိယအစိုးရက မတ်ပဲ တန်၅၀၀၀နှင့် ပဲစင်းငုံ တန် ၅၀၀၀ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်များတွင် လေလံတင်ဝယ်ယူမည်ဖြစ်ကြောင်း အိန္ဒိယကောင်စစ်ဝန်ရုံးမှ e-mail ဖြင့် မုံရွာကုန်စည်ဒိုင်နှင့် SRCCI သို့ အကြောင်းကြားထားကြောင်း သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

# ပြည်ပမျိုးစုံဈေးကွက်မှာ ဇန်နဝါရီလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲများရဲ့ဈေးနှုန်းအနိမ့်အမြင့်အခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပမျိုးစုံဈေးကွက်အတွင်းမှာ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲများရဲ့ဈေးနှုန်းအခြေအနေနှင့် အရောင်းအဝယ်ဖြစ်မှုအခြေအနေများကို လေ့လာရာမှာ ဆောင်းပဲသစ်များဖြစ်တဲ့ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲသီးနှံများအနက် ပဲတီစိမ်းနဲ့ ပဲစင်းငုံသီးနှံများမှာ ပဲထွက်ရှိမှုလည်းများခဲ့ပြီဖြစ်လို့ ပဲဝင်ရောက်မှုလည်းများလာကာ အရောင်းအဝယ်သွက်နေပေမယ့် မတ်ပဲသီးနှံကတော့ ပဲအထွက်နည်းသေးတဲ့အတွက် ပဲသစ်ဝင်ရောက်မှု အနည်းငယ်သာ ရှိခဲ့ပါတယ်။

ပြည်တွင်းဝယ်လက် ပဲထဲမှာလည်း ကုလားပဲသီးနှံနဲ့ ပဲကြီးသီးနှံများမှာ လက်ကျန် ပဲများ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ဒေသတွင်းဝယ်လက်ဖြစ်တဲ့ ပဲကြော်ဖိုနဲ့ပဲခွဲစက်လုပ်ငန်းသမားများ အဓိကထား ဝယ်ယူကြတယ်လို့သိရပါတယ်။ ပဲပုပ်သီးနှံကတော့ ပဲအဝင်သိပ်မများသေးတဲ့အတွက် လက်လီသာဝယ်ယူမှုရှိနေပြီး ဝင်ရောက်မှုများလာရင်တော့ ရန်ကုန်ဝယ်လက်များလည်း ဝယ်ယူမှုရှိကြပါတယ်။ ပဲများအားလုံး၏ ၂၀၁၆ ဇန်နဝါရီလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သောဈေးနှုန်းအခြေအနေကိုတော့ အောက်ဖော်ပြပါဇယားအတိုင်းတွေ့ရပါတယ် -

(တင်း/ကျပ်)

| ပဲအမျိုးအစား | ၂၀၁၆ ဇန်နဝါရီလ | |
|---|---|---|
| | နိမ့် | မြင့် |
| မတ်ပဲ | ၅၅၀၀၀ | ၅၉၀၀၀ |
| ပဲတီစိမ်း | ၃၆၀၀၀ | ၃၈၀၀၀ |
| ပဲစင်းငုံ | ၄၈၅၀၀ | ၅၀၅၀၀ |
| ကုလားပဲ | ၃၅၅၀၀ | ၄၃၀၀၀ |
| ပဲကြီး (ရွှေကျွန်း) | ၃၃၀၀၀ | ၃၆၀၀၀ |
| ပဲကြီး (ကမ်းနား) | ၃၀၀၀၀ | ၃၃၀၀၀ |
| ပဲပုပ် | ၁၇၇၀၀ | ၁၉၉၀၀၀ |

အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲများအားလုံးအနက် ဈေးနှုန်းများအရ မတ်ပဲသီးနှံမှာ ဈေးအမြင့်ဆုံး ဖြစ်နေတာတွေ့ရပြီး ပဲသစ်အချို့ဝင်ရောက်လာပါတယ်။ ဇန်နဝါရီဒုတိယပတ်မှာ ပဲသစ်ဈေးစဖွင့်ကာ တစ်တင်း ကျပ် ၅၉၀၀၀ ရရှိပေမယ့် ပဲဝင်ရောက်မှုမများလို့ အရောင်းအဝယ်သိပ်မဖြစ်ခဲ့သေးဘဲ လကုန်ပတ်အထိလည်း ပဲသစ် ထပ်မံ ဝင်ရောက်ပေမယ့် အိတ်အရေအတွက် ဆယ်ဂဏန်းမျှသာရှိခဲ့ကြောင်း သိရပြီး၊ ပဲဈေးကလည်း တစ်တင်း ၅၅၀၀၀ ကျပ်ခန့်သာရရှိခဲ့ကြပါတယ်။ ဖေဖော်ဝါရီလကုန်ပတ်လောက်မှာတော့ ပဲသစ်များအဝင်များလာနိုင်ကြောင်း သိရပါ တယ်။

ပဲတီစိမ်းသီးနှံကတော့ ပြည်ပဝယ်လက်ပဲထဲမှာ မတ်ပဲနဲ့ ပဲစင်းငုံသီးနှံများရဲ့ဈေးနှုန်းများနဲ့နှိုင်းယှဉ်ရာမှာ ဈေးလျော့နည်းနေခဲ့ပါတယ်။ ဇန်နဝါရီလဆန်းမှာ တစ်တင်း ၃၆၀၀၀ ကျပ်ရရှိပြီး၊ လကုန်တွင် ထပ်မံဈေးပိုလာလို့ တစ်တင်း ၃၈၀၀၀ ကျပ်ရရှိခဲ့ပါတယ်။ ပဲတီစိမ်းကိုမန္တလေးဝယ်လက်က အဓိကထားဝယ်ယူပြီး ပဲထွက်ပေါ်ချိန် ရာသီတွင်သာ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကာ မတ်ပဲသီးနှံကဲ့သို့ တစ်နှစ်တာလုံး အရောင်းအဝယ် ဖြစ်ခဲ့တဲ့ပဲမဟုတ်ကြောင်းလည်း သိရပါတယ်။ ပြည်၊ ပေါက်ခေါင်း၊ ပေါင်းတလည်မြို့နယ်များတွင်သာ စိုက်ပျိုးမှုများပါတယ်။

ပဲစင်းငုံသီးနှံကတော့ ဇန်နဝါရီလအတွင်း ပြည်ပဝယ်လက်ပဲများထဲမှာ အရောင်းအဝယ်သွက်နေတဲ့ပဲဖြစ်ပြီး၊ ပဲဈေးနှုန်းကလည်း တစ်တင်း ၄၈၅၀၀ ကျပ်မှ ၅၀၅၀၀ ကျပ်ရရှိခဲ့ပါတယ်။ လဆန်းရက်မှာ တစ်တင်း ကျပ်ငါး သောင်းနဲ့ ငါးသောင်းကျော်အထိရရှိပြီး၊ လကုန်ပတ်မှာ ပဲဈေးအားလုံးလိုလိုဈေးလျော့ခဲ့တဲ့အတွက် ပဲစင်းငုံဈေးနှုန်းလည်း အရောင်းသွက်ပေမယ့် ဈေးလျော့နည်းသွားခဲ့ကာ တစ်တင်း ၄၈၅၀၀ ကျပ်သာရရှိခဲ့ကြပါတယ်။ ဇန်နဝါရီလကုန်ပတ်အတွင်း ရန်ကုန်ဝယ်လက်ကလည်း ဝင်ရောက်လာသမျှ ဝယ်ယူနေတဲ့အတွက် တစ်ရက်အိတ် တစ်ထောင်ကျော်ဝင်လာသလို အရောင်းအဝယ်လည်း ဖြစ်ခဲ့ကြပါတယ်။

ကုလားပဲသီးနှံမှာ ယခုနှစ် လလယ်မှာတော့ ဈေးကောင်းနေလို့ တစ်တင်း ၄၃၀၀၀ ကျပ်ကျော်အထိ ရရှိခဲ့ပြီ၊ လကုန်ရက်သတ္တပတ်မှာတော့ ပဲဈေးပြန်အေးသွားလို့ တစ်တင်း ၃၅၅၀၀ ကျပ်ခန့်သာရရှိပေမယ့် ပဲခွဲစက်သမားများက ပုံမှန်ဝယ်ယူနေကြတဲ့အတွက် အိတ် ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခင်နှစ်က ကုလားပဲသီးနှံရဲ့ ဇန်နဝါရီလအတွင်း ရရှိခဲ့တဲ့ ပဲဈေးနှုန်းမှာ ၁၅၂၀၀ ကျပ်မှ ၁၆၀၀၀ ကျပ်ခန့်သာရရှိခဲ့ကြလို့ ယခုနှစ်ကတော့ ကုလားပဲဈေးက ပြည်ပဝယ်လက်ပဲများနဲ့အပြိုင်ဈေးကောင်းရလာတဲ့အတွက် ပဲစိုက်ပျိုးသူများလည်း ပဲအထွက်ကောင်းပါက ဝင်ငွေပိုကောင်းကာ အကျိုးအမြတ်ပိုလာနိုင်ကြောင်း ခန့်မှန်းသိရှိရပါတယ်။

ပဲကြီးသီးနှံမှာ ဇန်နဝါရီလအတွင်း ဈေးနှုန်းအရ လကုန်တွင် လဆန်းရက်ထက် ဈေးပိုလာကြောင်း သိရှိရပါတယ်။ လဆန်းရက်မှာ (ရွှေကျွန်း) တစ်တင်း ၃၃၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၀၀၀၀ ကျပ်နဲ့ လကုန်ရက် မှာတော့ (ရွှေကျွန်း) တစ်တင်း ၃၀၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၃၀၀၀ ကျပ်ထိဈေးမြင့်တက်ခဲ့ပြီး၊ ပဲကြော်ဖိုသမားများဝယ်ယူလျက်ရှိတာကြောင့် အိတ် ၂၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။ ပဲကြီးနဲ့ ကုလားပဲသီးနှံဈေး ကတော့ ယခင်နှစ်က ဇန်ဝါရီလဈေးနှုန်းထက် ဈေးပိုကောင်းခဲ့ပြီး ပြည်ပတင်ပို့နိုင်ခြင်းမရှိပေမယ့် ပြည်တွင်း ဝယ်လက်ပဲထဲမှာ တစ်နှစ်လုံး အရောင်းအဝယ်ပုံမှန်ဖြစ်တဲ့ပဲများဖြစ်ခဲ့ကြပါတယ်။ ပဲပုပ်သီးနှံမှာ ပဲသစ်များနှစ်ဆန်းမှာ ဝင်ရောက်သော်လည်း လက်လီသမားသာအရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ အထွက်လှိုင်ချိန်တွင် ရန်ကုန်ဝယ်လက်များ ဝယ်ယူတဲ့အတွက် လက်လီလက်ကား အရောင်းအဝယ်ဖြစ်တဲ့ ပဲသီးနှံဖြစ်ကာ ဈေးကွက်အတွင်း တစ်တင်း ကျပ်နှစ်သောင်းအောက်သာရရှိခဲ့လို့ ဈေးအနိမ့်ဆုံးပဲဖြစ်နေခဲ့ကြောင်း သိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## နှစ်စဉ် ဈေးကောင်းခဲ့တဲ့ ပြည်စားတော်ပဲ လက်လီသာ အရောင်းအဝယ်ဖြစ်

ယခုဖေဖော်ဝါရီလဆန်းမှာ ပြည်ပဲဈေးကွက်အတွင်း လက်လီသာ အရောင်းအဝယ်ဖြစ်တဲ့ ပဲထဲမှာ စားတော်ပဲသီးနှံဟာ ဈေးကောင်းရလျက်ရှိနေပြီး ပြည်ပဝယ်လက်ပဲများနဲ့အပြိုင် တစ်တင်း ကျပ် လေးသောင်းကျော် ရရှိနေခဲ့ပါတယ်။

သို့သော်လည်း စားတော်ပဲသီးနှံဟာ လက်လီသမားသာ နေ့စဉ်အဝယ်ရှိလို့ အိတ်အနည်းငယ်သာ အရောင်းအဝယ် ဖြစ်ခဲ့ကြပါတယ်။ စားတော်ပဲသီးနှံရဲ့ ဈေးနှုန်းများအရ ယခင်နှစ်က ဈေးမှာလည်း ဒေသတွင်း လက်လီပဲများနဲ့ယှဉ်ရင် ဈေးကောင်းရနေခဲ့ပါတယ်။ ဒါကြောင့် လက်လီဈေးကွက်မှာ နှစ်စဉ် ဈေးကောင်းရတာကတော့ စားတော်ပဲသီးနှံဖြစ်ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## နနွင်း

### ဇန်နဝါရီလအတွင်း နနွင်းတန်ချိန် ကိုးရာကျော်တင်ပို့

ပြည်ပနိုင်ငံများသို့ ဇန်နဝါရီ ၂၄ ရက်မှ ၃၀ ရက်သီတင်းပတ်အတွင်း နနွင်း ၁၇၁ ဒသမ ၀၂ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယနိုင်ငံသို့ ၈၈ တန်၊ ဆော်ဒီအာရေဗျသို့ ၂၇ ဒသမ ၀၂ တန်၊ ဘင်္ဂလားဒေ့ရှ်သို့ ၅၆ တန်တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာ ၁၅၉ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ယှဉ်ရင် ၁၂တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှကန်ဒေါ်လာ၇၀၁ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလအတွင်း နနွင်းစုစုပေါင်း ၉၄၅ ဒသမ ၂၈ တန်တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်းကန်ဒေါ်လာ ၆၅၉၅၈၈ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း(DOT)**

### ဟိုပုံးနနွင်း တောင်ပို့လစကို မူဆယ်ဝယ်လက်ဝယ်ယူမှုရှိ

ဒီတစ်ပတ်တော့ ရှမ်းနနွင်းက အရောင်းအဝယ်ပြန်အေးနေပါတယ်။ နနွင်းအသစ်တွေ ပေါ်ကာစမှာ အရောင်းအဝယ်ကအေးတော့ အသစ်တွေကလည်း ဈေးကွက်ကိုသိပ်ပြီး မဝင်လာသေးပါဘူး၊ လက်ကျန်အဟောင်းတွေကိုသာ ရောင်းနေပေမယ့် အဟောင်းကလည်း လက်ကျန်တွေရှိနေသေးတယ်လို့လည်း သိရပါတယ်။ အရင်တစ်ပတ်အထိ အရောင်းအဝယ်ကကောင်းနေလို့ ဈေးကတော့ နည်းနည်းတက်လာပါ တယ်။ ရန်ကုန်ဝယ်လက်တွေက နနွင်းကိုနည်းနည်းချင်းစီသာ ဝယ်ယူနေပါတယ်။ တစ်ပတ်ကို ပိဿာချိန် တစ်သောင်းနဲ့ တစ်သောင်းဝန်းကျင် (ပတ်ချာလည်)ခန့်သာ ဝယ်ယူတယ်လို့လည်း သိရပါတယ်။ မူဆယ်ဝယ်လက် အဝယ်ရပ်သွားတာ တစ်လနှစ်လခန့်ရှိသွားပါပြီ၊ ဟိုပုံးနနွင်း၊ တောင်ပို့လစတွေကို ဝယ်ယူနေပြီး၊ ဒီတစ်ပတ်မှာတော့ ပိဿာချိန် တစ်သောင်းခန့် ဝယ်ယူသွားပါတယ်။

အောင်ပန်းဈေးကွက်မှာ နနွင်းကအသစ်တွေ မဝင်သေးဘဲ လက်ကျန်အဟောင်းတွေသာ ရောင်းနေပါ သေးတယ်။ ပင်လောင်းဘက်က ဝင်တဲ့ နနွင်းအောက်စတွေက တစ်ပိဿာ ၉၅၀ ကျပ်ဈေးရှိပြီး၊ ဆင်တောင်နနွင်းက တစ်ပိဿာ ၂၁၀၀ ကျပ်ထိ ဈေးရှိနေပါတယ်။ Export အဆွဲကတော့ နည်းနည်းချင်းအဆွဲရှိပေမယ့် ကုန်သည်အချို့က ဈေးမကြိုက်သေးလို့ အရောင်းအဝယ်သိပ်မဖြစ်သေးဘဲ ကြိုက်ဈေးကိုစောင့်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းပေါက်ဈေးတွေက ဟိုပုံးနနွင်းက တစ်ပိဿာ ၁၇၇၀ ကျပ် ဈေးရှိပြီး အောင်ပန်းနနွင်းက အနိမ့်ဆုံး ၉၅၀ ကျပ်မှ အမြင့်ဆုံး ၂၁၀၀ ကျပ်ဈေးရှိပါ တယ်။ **စောယုထွေး-တောင်ကြီး**



## ချင်း

### ချင်း တန်ချိန် ၈၀ ကျော်တင်ပို့

ဇန်နဝါရီ ၂၄ ရက်မှ ၃ ရက်အတွင်း ချင်း ၈၄ဒသမ ၉၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ပြည်ပဈေးကွက်သို့ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံသို့ ၃၄ ဒသမ ၉၆ တန်နဲ့ မလေးရှားသို့ တန် ၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နှစ်ပတ်ဆက်တိုက် အပို့ပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှသာ ပြန်လည် တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဒီဇင်ဘာလမှာ ချင်း ၆၂ တန်တင်ပို့နိုင်ခဲ့ပြီး ဇန်နဝါရီလမှာ ၉၁ တန်ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီလမှာ ၂၉ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

### ဟိုပုံးချင်းကို မျိုးနဲ့ ဒေသသုံးအတွက် အဝယ်လိုက်

ဈေးကွက်ကို အခုမှစပြီး အသစ်ဝင်လာတဲ့ ဟိုပုံးချင်းကတော့ အဝင်လည်းနည်း အရောင်းကလည်း အေးနေတယ်လို့ သိရပါတယ်။ အောင်ပန်းချင်းထက်ဈေးကွက်ကို အဝင်နောက်ကျလို့ ဈေးအီနေတဲ့ အချိန်မှာမှ ဈေးကွက်ကို ဝင်လာရတဲ့အတွက် ဈေးဦးကတော့ သိပ်မကောင်းသေးဘူးလို့လည်း ဒေသခံကုန်သည်တွေက ဆိုပါတယ်။ အခက်ကြီးလှတာတွေကိုတော့ မျိုးအတွက်ချန်ပြီးမှ ပိုတာကိုထုတ်ရောင်းကြတာဖြစ်ပါတယ်။ အလှကြီးတွေ မဟုတ်တဲ့ ချင်းသေးတွေကိုတော့ ပယ်ချင်းဆိုပြီး ရောင်းကြပါတယ်။ ဟိုပုံးချင်းကတော့ လောလောဆယ်မှာ မျိုးအတွက်နဲ့ ဒေသသုံးအတွက်သာ အဝယ်ရှိနေပါတယ်။ မျိုးချင်းကတော့ တစ်ပိဿာ ၄၀၀ ကျပ်ရှိပြီး ပယ်ချင်းကတော့ တစ်ပိဿာ ၃၀၀ ကျပ်-၃၃၀ ကျပ်ဈေးရှိပါတယ်။

အောင်ပန်းဈေးကွက်မှာလည်း ချင်းသစ်က ပုံမှန်အဝင်ရှိနေပြီး မျိုးအတွက် ပြန်လည်ဝယ်ယူနေလို့ ဈေးက အနည်းငယ်တက်လာတယ်လို့ သိရပါတယ်။ ချင်းကောင်း (ထိပ်စ) တွေကိုသာ မျိုးအဖြစ်ပြန်လည်ဝယ်ယူပါတယ်။ အထွက်နှုန်းကောင်းဖို့အတွက် ချင်းညှံ့စတွေကို သုံးလာတာကြောင့် ဈေးတက်လာတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာဈေးက ၅၀၀ ကျပ်-၅၅၀ ကျပ်နဲ့ ၅၆၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ **စောယုထွေး-တောင်ကြီး**

### ပြည်ချင်းလက်လီသာအရောင်းအဝယ်ရှိပြီး ဈေးလည်းငြိမ်လျက်ရှိ

ပြည်ဈေးကွက်မှာ လက်လီအရောင်းအဝယ်သာဖြစ်ခဲ့တဲ့ ချင်းသီးနှံဟာလည်း ချင်းသစ်များအဝင်သိပ်မရှိပေမယ့် လက်ကျန်ချင်းများနဲ့သာ အရောင်းအဝယ်ပုံမှန်ဖြစ်ပါတယ်။ ချင်းဈေးကတော့ တစ်ပိဿာကို (ရှယ်) ၉၀၀ ကျပ်၊ (ဂွန်) ၇၀၀ ကျပ်နဲ့ ဈေးငြိမ်နေခဲ့ပါတယ်။

ပြည်ဈေးကွက်မှာတော့ ချင်းက ပုံမှန်အဝင်ရှိနေပြီး တစ်ပတ်ကို ပိဿာ ၃၀ ဝင်အိတ် ၅၀ ခန့်သာ အဝင်ရှိပြီး ယခုတစ်ပတ်မှာတော့ ပိဿာချိန် ၃၀၀ ခန့် လက်လီသမားများနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## ကြက်သွန်

### ပြည်ကြက်သွန်နီ ပုံမှန်အဝင်ရှိပြီး ဈေးနှုန်းလည်း ပုံမှန်ပြန်ဖြစ်

ဖေဖော်ဝါရီလ ပထမပတ် ပြည်ကြက်သွန်နီပွဲရုံများမှာ ကြက်သွန်နီအိတ်တွေ တစ်ရက်ကို အိတ် ၅၀၀ ခန့်ပုံမှန်အဝင်ရှိနေပြီး ဈေးနှုန်းများမှာလည်း ယခင်နှစ်ဈေးနှုန်းတွေ နီးပါးရောက်ရှိလာတယ်လို့ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပါတယ်။ ဝင်ရောက်လာတဲ့ ကြက်သွန်နီတွေဟာ တစ်ခေါက်ထက်တစ်ခေါက် အရောင်အသွေးတွေလည်း ပိုလှပြီး ဈေးကွက်ဝင်လာတာ တွေ့ရပါတယ်။ ရေနံချောင်း၊ ပခုက္ကူ စတွေ ဆက်တိုက်ဝင်နေခြင်းဖြစ်ပါတယ်။

ယခုတစ်ပတ် ကြက်သွန်နီ တစ်ပိဿာဈေး ပွဲရုံ (ကြီး) ၆၅၀ ကျပ်၊ (လတ်) ၅၅၀ ကျပ်၊ (သေး) ၅၀၀ ကျပ်တို့ဖြစ်ပြီး ဒေသတွင်း လက်လီရောင်းဈေးတွေကတော့ (ကြီး) ၈၀၀ ကျပ်၊ (လတ်) ၇၀၀ ကျပ်နဲ့ (သေး) ၄၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ ယခင်တစ်ပတ်ထက် ကြက်သွန်နီ တစ်ပိဿာကို ပျမ်းမျှ ၁၅၀ ကျပ်- ၂၀၀ ကျပ်ထိ ဈေးကျလာခြင်းဖြစ်ပါတယ်။ အိတ်လိုက်ဈေးဆိုရင် ၅၀၀၀ ကျပ်၊ ၆၀၀၀ ကျပ်ထိ ဈေးကျလာတာ တွေ့ရပါတယ်။ ဒေသတွင်း အရောင်းအဝယ်သာရှိပြီး နေ့စဉ် အိတ် ၃၀၀ ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ **နီနီဝင်း-ပြည်**

### ယင်းမာပင်မြို့နယ်မှ ကြက်သွန်နီပိဿာချိန် သိန်းခုနစ်ဆယ်ကျော်ထွက်မည်ဟု ခန့်မှန်း

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်မှာ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ကြက်သွန်နီစိုက်ဧက ၂၁၀၀ ရှိပြီး ပိဿာချိန် သိန်း ၇၀ ဝန်းကျင်ရှိမယ်လို့ မှန်းကြပါတယ်။ ယင်းမာပင်ခရိုင် ငါးမောင်းကျေးရွာ ကြက်သွန်နီ (ကုန်း) စိုက်တောင်သူများမှာ နှစ်စဉ် ဧက ၃၀ ကျော်စိုက်ပျိုးကြပြီး၊ နှုန်းကြီးရွာဘက်မှာ သဲသောင်ပြင်ရော ကုန်းမြေပါ စိုက်ပျိုးကြပါတယ်။ မျိုးစေ့တစ်ပြည် ကျပ်သုံးသောင်းဖြင့် မုံရွာမြို့ အမြင့်ကျေးရွာမှ ဝယ်ယူကာ ပျိုးထောင်စိုက်ပျိုးကြပါတယ်။ သီတင်းကျွတ်နှောင်းပိုင်းတွင် စိုက်ပျိုးခဲ့တာကြောင့် တပေါင်းလဆန်းတွင် သီးနှံပေါ်မှာ ဖြစ်ပါ တယ်။ ရေမဝပ်ရန်လိုအပ်ပြီး တစ်ဧကအတွက် ပိဿာချိန် ၃၀၀၀ မှ ၃၅၀၀ ရနိုင်မည် ခန့်မှန်းပါတယ်။ တစ်ပိဿာ ၅၀၀ ကျပ်ပေါက်ဈေးရှိနေတယ်လို့ သိရပါတယ်။

တစ်ဧကကုန်ကျစရိတ် ကျပ်ငါးသိန်းကျော်ရှိပြီး သီးနှံပေါ် ချိန် ဈေးကျရင်လည်း တစ်ပိဿာ ၂၀၀ ကျပ်-၂၅၀ ကျပ်ရရှိပါက အရှုံးမရှိနိုင်ဘူးလို့ ဆိုပါတယ်။ ကုန်းကြက်သွန်နီက အထားခံပေမယ့် သဲသောင်ပြင်ကြက်သွန်နီက အထားမခံလို့ ဈေးကောင်းစောင့်ပါက အလေးချိန်လျော့သွားမှာဖြစ်တယ်လို့လည်း တောင်သူတို့က ဆိုပါတယ်။ **စွမ်းရည်-ယင်းမာပင်**

### ကြက်သွန်နီ ပိုမိုတင်ပို့

ဇန်နဝါရီ ၂၈ ရက်ကစပြီး ပြည်ပသို့ ကြက်သွန်နီ ပြန်လည်တင်ပို့ခွင့်ပြုလိုက်ပြီဖြစ်ရာ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ နောက်ဆုံးသီတင်းပတ်တွင် ကန်ဒေါ်လာ ၁၆၄၈၄၀ တန်ဖိုးရှိတဲ့ ကြက်သွန်နီ တန်ချိန် ၂၂၀ တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်က ၁၈၂ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာလည်း ကြက်သွန်နီ ပိုမိုတင်ပို့လာပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီ တစ်လလုံး မြဝတီကုန်သွယ်ရေးဇုန်မှ ကြက်သွန်နီ ၆၉၆ တန် တင်ပို့ခဲ့ပြီး မြန်မာ-အိန္ဒိယ နယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းကတော့ ၁၀ တန် တင်သွင်း ခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်မှာ ကြက်သွန်နီ တစ်တန်ကို မိမိဘက် ပေါက်ဈေး ၅၆၀၀၀၀ ကျပ်-၇၆၄၀၆၄ ကျပ်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မန်ကျည်း

### ဇန်နဝါရီလအတွင်း မန်ကျည်း တန်ချိန် ၅၀၀ ကျော်တင်ပို့

၂၀၁၆ ဇန်နဝါရီ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၁၉၃ တန်ကိုပင်လယ်ရေကြောင်းလမ်းမှ ပါကစ္စတန်နိုင်ငံကို ၁၆၈ တန်နဲ့ ထိုင်းနိုင်ငံကို ၂၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မန်ကျည်း ၄၄ တန် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၄၈၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဇန်နဝါရီလအတွင်း မန်ကျည်းစုစုပေါင်း ၅၃၁ တန် တင်ပို့နိုင်ခဲ့ပြီး ကန်ဒေါ်လာ ၉၇၉၇၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

### ပြည် (ရခိုင်ပွဲရုံများ) သို့ မန်ကျည်းမှည့်သစ်များ ဆက်လက်ဝင်ရောက်

ပြည်မြို့ (ရခိုင်ပွဲရုံများ) သို့ ရွှေတောင်၊ ကျီးသဲ၊ ဆင်တဲနဲ့ ပန်းတောင်းတို့မှ အစေ့ပါမန်ကျည်းမှည့် အသစ်တွေ ဆက်လက်ဝင်လာပါတယ်။ တစ်ရက်ကို ပိဿာ ၅၀၀ ခန့် အဝင်ရှိပါတယ်။ ယခုသီတင်းပတ် မန်ကျည်းမှည့် ဝင်ရောက်မှု ပိဿာအနည်းငယ်တိုးလာပြီး ဈေးနှုန်းလည်း (အစေ့ပါ) တစ်ပိဿာ ၈၅၀ ကျပ်ဖြစ်ကြောင်း သိရပါတယ်။ အစေ့လွတ် မန်ကျည်းမှည့် (အဟောင်း) ဈေးကတော့ ၁၅၀၀ ကျပ်ဖြစ်ကာ ဈေးကျလာပါတယ်။ ဝင်လာသမျှ မန်ကျည်းမှည့်အသစ်တွေကို ရခိုင်ပြည်နယ်ဘက်က နေ့စဉ် အဝယ်ရှိတာကြောင့် ပိဿာ ၃၀၀၊ ၄၀၀တင်ပို့မှုရှိပါတယ်။ မန်ကျည်းမှည့်များကို ရခိုင်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့တင်ပို့နေကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၃၁ တန်ကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုညဒသမ ၁၉၁ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၁ တန်ကျော် တင်ပို့နိုင်တဲ့တွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၉ တန်ကျော် ပိုမိုတင်ပို့နိုင် ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းက ယခုတစ်ပတ်တွင် သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိသလို ယခင်တစ်ပတ်ကလည်း တင်ပို့နိုင်ခြင်းမရှိကြောင်းသိရှိရပါတယ်။ **ခင်မြနွယ်**

# ကုန်သွယ်မှုသင်တန်းကျောင်းက ဖွင့်လှစ်တဲ့သင်တန်းတွေကို ဘာကြောင့် တက်သင့်သလဲ(ကုန်သွယ်မှုသင်တန်းကျောင်းနှင့် သူတို့အမြင်)

ကုန်သွယ်မှုသင်တန်းကျောင်းကို ၂၀၁၂ ခုနှစ် ဧပြီလမှ စတင်၍ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပို့ကုန်သွင်းကုန်ရုံး၌ ဖွင့်လှစ်ထား ပါသည်။ ကုန်သွယ်မှုဆိုင်ရာ လက်မှတ်ရ သင်တန်းများကို လေးလလျှင်တစ်ကြိမ် ဖွင့်လှစ်သင်ကြား ပို့ချလျက်ရှိရာ သင်တန်း သားပေါင်း ၆၀၀ ကျော် မွေး ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ စိတ်ပါဝင် စားသူများနှင့် တက်ရောက်လိုသူများအတွက် သင်တန်းနှင့် ပတ်သက်သည့် အခြေအနေများကို ယေဘုယျသိရှိနိုင်ရန် ရည်ရွယ်၍ သင်တန်းဆရာနှင့် သင်တန်းတက်ရောက်ခဲ့သူများ၏ အမြင်များကို စုစည်းဖော်ပြလိုက်ပါသည်။



**ဦးသိန်းမြင့်ဝေ**

ကျွန်တော်က ကုန်သွယ်မှု သင်တန်းကျောင်းက ဆရာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနဲ့ စီးပွားရေးပညာ သဘောတရားတွေ ဆွေးနွေးပါတယ်။ ဒါ့အပြင် အိမ်နီးချင်း နိုင်ငံ တွေရဲ့ ကုန်သွယ်ရေးပေါ်လစီ၊ လုပ်ထုံးလုပ်နည်းတွေ စတဲ့ အကြောင်းအရာတွေကို ဆွေးနွေးပို့ချပါတယ်။

အဓိကပြောလိုတာက ဒီသင်တန်းတက်လိုက်တဲ့အတွက် ပို့ကုန်သွင်းကုန် ကုန်သွယ်မှုလုပ်ငန်းကို နားလည်သဘော ပေါက်ပြီး ကိုယ်တိုင် လုပ်တတ်ကိုင်တတ်ဖြစ်သွားတာပါပဲ။ တချို့ဆိုရင် သင်တန်းပြီးတဲ့နောက် ကိုယ်ပိုင်ကုမ္ပဏီတွေထောင်ပြီး လက်တွေ့လုပ်ကိုင်နေကြပါပြီ။ အရင် က ကုမ္ပဏီမှာ စာရေးလုပ် ခဲ့တဲ့သူဟာ သင်တန်းလည်းပြီးရော မန်နေဂျာရာထူးရပြီးလစာကို အမေရိကန်ဒေါ်လာနဲ့ ရနေတာရှိတယ်။

ဒီသင်တန်း တက်လိုက်တဲ့အတွက် သင်တန်းသားဟာ စီးပွားရေးပတ်ဝန်းကျင် ကောင်းထဲ ရောက်ရှိသွားပြီး အဆက်အသွယ်တွေ၊ ကွန်ရက်တွေ (Networks) ရသွားကြ တယ်။ ရင်းနှီး မြှုပ်နှံမှု၊ ကုမ္ပဏီ မှတ်ပုံ တင်၊ အကောက်ခွန်၊ နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ကုန်သည်/စက်မှုအသင်းချုပ်၊ ပို့ကုန်သွင်း ကုန်ဌာန၊ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးစတဲ့ လက်တွေ့လည် ပတ်နေတဲ့ ဌာနတွေ၊ အရာရှိတွေနဲ့ ချိတ်ဆက်မိတဲ့ အကျိုး ကျေးဇူးကိုလည်း ခံစားရပါတယ်။

ငွေကြေးအကုန်အကျ မများဘဲ အချိန်တိုအတွင်းမှာ အတွေ့အကြုံတွေ၊ ပညာတွေ အများကြီးရနိုင်ပါတယ်။ သင်တန်းသားများအတွက် အကျိုးများသလို တိုင်းပြည် ကုန်သွယ်မှုမြှင့်တင် ရေးအတွက်လည်း အရေးပါတဲ့သင်တန်းလို့ မြင်ပါတယ်။



**နိုင်လင်း**

ကျွန်တော်အမည်ကတော့ နိုင်လင်း လို့ခေါ်ပါတယ် ။ Trade Training Institute သင်တန်းရဲ့အပတ်စဉ် (၂) ကို ၂၀၁၂ ခုနှစ် အောက်တိုဘာ၁၃ ရက်ကနေ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ထိ တက်ရောက်ခဲ့ပါတယ်။ Myanmar Yak Trading Co., Ltd. နဲ့ Challenge and Hope Co., Ltd. မှာ အုပ်ချုပ်မှု ဒါရိုက်တာအဖြစ်နဲ့ တာဝန်ယူပြီး ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ ကုန်သွယ်ရေးလုပ်ငန်းတွေ လုပ်ကိုင်နေပါတယ် ။ အဓိက ကတော့ ကိုရီးယားနိုင်ငံနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေကို လုပ်ကိုင်နေတာဖြစ်ပြီး ကိုရီးယားနိုင်ငံသားတွေနဲ့ ဆက်သွယ်လုပ်ကိုင်နေရပါတယ် ။

ဒီသင်တန်းကို တက်ရောက်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ လက်တွေ့ကုမ္ပဏီ လုပ်ငန်းတွေလုပ်တဲ့ အခါ မှာ လိုအပ်တာတွေနဲ့ အမြဲ ပြောင်းလဲနေတဲ့ ဥပဒေတွေ နည်း ဥပဒေတွေကို သိချင်တာ အပါအဝင်ကုမ္ပဏီတစ်ခု စတင်တည်ထောင်တာကနေ ဖျက်သိမ်းတဲ့ အထိ သိလိုတာ နဲ့ နိုင်ငံတကာနဲ့ ကုန်သွယ်ရေးလုပ်တဲ့ နည်းလမ်းတွေကို ဘယ်လို နည်းစနစ်တကျ လုပ်ရမယ်ဆိုတာ သိချင်တာကြောင့်ဖြစ်ပါတယ်။

သင်တန်းတက်ရောက်တဲ့အခါမှာလည်း ကိုယ်သိချင်တာတွေ၊ လက်တွေ့လုပ်ကိုင်နေတဲ့အပိုင်းနဲ့ နည်းဥပဒေ ကွာခြားနေတာ၊ အပြင်မှာသိနေတာနဲ့ ဥပဒေအရပြဋ္ဌာန်းထားတာတွေရဲ့ ကွဲလွဲ နေတဲ့ အပိုင်းတွေ ကို သိမြင် မေးမြန်းခွင့်ရခဲ့ပါတယ်။ လက် တွေ့လုပ်ငန်းလုပ်ကိုင်တဲ့အခါမှာလည်း အထောက်အကူ အများကြီးရပါတယ်။ သင်တန်းဆင်းပြီး နောက်ပိုင်းမှာလဲ သိလိုတာတွေကို ဆရာတွေက စိတ်ရှည်နွေးထွေးစွာ ဆက်လက်ဖြေကြား ပေးပါတယ်။ မကြာခဏလည်းတွေ့ဆုံပြီး အသိပညာတိုးစရာတွေ သင်ကြားပေးပါတယ်။



**ဆင့်ထက်ထက်**

ကျွန်မအမည်က ဆင့်ထက်ထက် ဖြစ်ပါတယ်။ Inter - national Trade Basic Course Batch (၄) ကို တက်ရောက်ခဲ့ပါတယ်။ ကျွန်မက Trading ကုမ္ပဏီ တစ်ခုဖွင့်ထားပါတယ်။

ဒီ သင်တန်း တက်ရောက်ခဲ့တဲ့ ရည်ရွယ်ချက်ရဲ့ လုပ်ငန်းစဉ် တွေကို သူများကုမ္ပဏီတွေ ဒီလိုလျှောက်လို့ ကိုယ်လည်းဒီလို လျှောက်ရတယ်ဆိုတာမျိုး မဟုတ်ဘဲ ကိုယ်တိုင်က လုပ်ငန်းစဉ်တွေကို သေချာသိရှိနားလည်ချင်တဲ့အတွက် ဒီကုန်သွယ်မှုသင်တန်းကို တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။

သင်တန်းမှာ ကုမ္ပဏီတစ်ခု စတင်တည်ထောင်ဖို့ ဘယ်လို လုပ်ဆောင်ရတယ်၊ ဘယ်လို အချက် တွေ လို အပ် တယ် ဆို တာ ကစပြီး လုပ်ငန်းတွင်း စီမံအုပ်ချုပ်ခြင်း၊ ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ အကောက်ခွန် ဆိုင်ရာများ၊ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ကုန်ပစ္စည်းထုတ်လုပ်ခွင့်လျှောက်ထားခြင်းစတဲ့ လုပ်ငန်းစဉ်တစ်ခုလုံးအတွက် လိုအပ်တဲ့အကြောင်းအရာ အချက်အလက်တွေကိုဝါရင့်ကျွမ်းကျင် သင်တန်းနည်းပြများနှင့် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ ပညာရှင်များက လာရောက်သင်ကြား ပို့ချပေးပါတယ်။

သင်တန်းမှ ပြည်တွင်း၊ ပြည်ပနှင့်နယ်စပ်လေ့လာရေး ခရီးစဉ်များကို စီစဉ်ပေးတဲ့အတွက် တခြားစက်ရုံ၊ အလုပ်ရုံများနဲ့ လုပ်ငန်းကြီးတွေကို လေ့လာခွင့်ရ ခဲ့ပါတယ်။

သင်တန်းမှူးနှင့် ပညာရှင်များဆီ မှလည်း လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းအတွက် သာမက စပ်လျဉ်း၍သော်လည်းကောင်း၊ လုပ်ငန်းသစ်စတင် ရန်စီစဉ်နေတဲ့သူတွေအတွက်လည်း အကြံဉာဏ်များစွာ ရရှိခဲ့ပါတယ်။



**မြတ်ဆုအောင်**

ကျွန်မက Trade Training Institute သင်တန်းရဲ့အပတ်စဉ်(၇) မှာ တက်ရောက်နေတဲ့သင်တန်းသူဖြစ်ပါတယ်။ လက်ရှိမှာ တော့ Senior Officer အနေနဲ့ Mitsubishi Corporation Yangon Branch ရဲ့Metal Department ဌာနမှာ အလုပ်လုပ်နေပါတယ်။ အများဆုံးတာဝန် ယူရတဲ့အပိုင်းကတော့ ကုန်သွယ်ရေး လုပ်ငန်းနဲ့ ဈေးကွက်ရှာဖွေရေး လုပ်ငန်းဖြစ်ပါတယ်။ တရုတ်၊ ဂျပန်၊ အိန္ဒိယနဲ့ တခြားနိုင်ငံ အနှံ့အပြားမှတစ်ဆင့် Steel Products (Steel Structure Materials), Stainless Steel နဲ့ Special Steel တွေကို အဓိက တင်သွင်းပြီး မြန်မာနိုင်ငံမှာရှိတဲ့ စက်ရုံတွေကို ရောင်းချပါတယ်။ ဂျပန်နိုင်ငံ၌ အခြေစိုက် ကုမ္ပဏီ ဖြစ်သော်လည်း နိုင်ငံတကာ ရုံးခွဲများရှိတဲ့အတွက် လူမျိုးပေါင်းစုံနှင့် ဆက်ဆံလုပ်ကိုင် ရပါတယ်။

ဒီသင်တန်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ လက်ရှိလုပ်ကိုင်နေတဲ့ ကုန်သွယ်ရေးလုပ်ငန်းမှာ နိုင်ငံခြားမှ သွင်းကုန်တွေနဲ့ ပတ်သက်ပြီး အမြဲပြောင်းလဲနေတဲ့ ဥပဒေ စည်းမျဉ်းတွေ၊ မြန်မာနိုင်ငံဘဏ်တွေမှ တစ်ဆင့် နိုင်ငံတကာ ဘဏ်တွေကို ငွေပေးချေမှုစနစ်တွေနဲ့ ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းတွေကို ပိုမိုသိရှိနားလည်စေ ဖို့ဖြစ်ပါတယ်။

လက်ရှိ သင်တန်းကာလတွေမှာလည်း ကိုယ်သိသင့်သိ ထိုက်တာတွေအပြင် လိုအပ်နေသေးတဲ့ အသိပညာတွေပါ ထပ်မံသိရှိခဲ့ရသလို အထောက်အကူကောင်းများစွာ ဖြစ်စေပါတယ်။ ဒီသင် တန်း ဟာကိုယ်ပိုင်လုပ်ငန်းလုပ်ဖို့ ရည်ရွယ်နေသူတွေပဲဖြစ်ဖြစ်၊ ကုမ္ပဏီ တစ်ခုခုရဲ့ လက်အောက်မှာ လုပ်ကိုင်နေသူတွေပဲဖြစ်ဖြစ် တက်သင့်တဲ့ အခွင့်လမ်းကောင်းတစ်ခုပဲဖြစ်တယ်လို့ မြင်မိပါတယ်။



**ဝင့်ဝင့်အောင်ခိုင်**

ကျွန်မ က Trade Training Institute သင်တန်းအပတ်စဉ်(၇) ကို တက်ရောက်နေတဲ့ ကျောင်းသူတစ်ဦး ဖြစ်ပါတယ်။ Mitsubishi Corporation မှာ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးကို အဓိကထားပြီး Research လုပ်ရတဲ့ တာဝန်ခံတစ်ယောက်ဖြစ်ပါတယ်။ စီးပွားရေးမှာဆိုရင် မြန်မာနိုင်ငံရဲ့ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ ကုန်သွယ်ရေးနည်း ဗျူဟာများကိုလေ့လာပြီး မြန်မာနိုင်ငံနဲ့ သက်ဆိုင်တဲ့ နည်းဗျူဟာ များကို

➲ စာမျက်နှာ - ၁၃ သို့

## ဓာတ်ဆီ/ဒီဇယ်

# ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၁၀၀၀ ကျော်ဝင်

ဇန်နဝါရီ ၂၄ ရက် မှ ၃၁ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၃၈၄၅၈၅၇၇ တန်ဖိုးရှိ ဒီဇယ် ၆၂၇ဒသမ ၀၂၅ တန်နဲ့ ကန်ဒေါ်လာ ၃၀၉၀၅၇၈၃ တန်ဖိုးရှိ ဓာတ်ဆီ ၄၉၁ ဒသမ ၉၄၂ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း 92 နဲ့ အောက်တိန်း 95 တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဓာတ်ဆီ၊ ဒီဇယ် အဝင်မှာ တန်ချိန် ၂၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၈၃၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဒီဇင်ဘာလမှာ ဓာတ်ဆီ၊ ဒီဇယ်အဝင် စုစုပေါင်းမှာ တန်ချိန် ၂၃၀၇ တန်ကျော်ရှိခဲ့ပြီး ဇန်နဝါရီလမှာ ၁၉၉၀ ကျော်ရှိခဲ့တာကြောင့် ဇန်နဝါရီလမှာ တန်ချိန် ၃၁၀ ကျော် အဝင်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများကတောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီ ရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးတွေ ငြိမ်နေခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အောက်တိန်း(92)၊အောက်တိန်း(95)၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၄၈၀ ကျပ်၊ အောက်တိန်း (92) ၅၂၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၅၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်ရော ဓာတ်ဆီပါဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပီပါဈေးများငြိမ်နေသလို တစ်ဂါလန်ဈေးများလည်း ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၁ ရက် ဒီဇယ်ဝယ်ဈေးမှာ ၉၅၀၀၀ကျပ်၊ ရောင်းဈေး ၉၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ဇန်နဝါရီ ၃ ရက်မှာ ဝယ်ဈေး ၁၀၀၀ ကျပ်၊ ရောင်းဈေး ၂၀၀၀ ကျပ် ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေး ၁ ရက်မှာ ဝယ်ဈေး ၁၄၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၅၀၀၀ ကျပ်ရှိခဲ့ပြီး ၃ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။လက်လီဈေးများမှာ ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

မန္တလေးဈေးကွက်မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၄၀ ကျပ်၊ အောက်တိန်း (92) ၆၁၀ ကျပ်၊ ဒီဇယ် ၅၆၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၃၀ကျပ်၊ အောက်တိန်း (95) ၇၃၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ၁ ရက်မှစပြီး ဒီဇယ်ဝယ်ဈေး ၁၁၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၄၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေး ဇန်နဝါရီ ၁ရက် ဝယ်ဈေးမှာ ၁၄၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နောက်ရက်တွင်ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျခဲ့တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီဈေးပါ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ ကျပ်၊ ဓာတ်ဆီ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၁၅၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၅၆၅ ကျပ်၊ အောက်တိန်း ၂၇၉၀ ကျပ် နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၇၀၀ ကျပ်၊ အောက်တိန်း ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ဓာတ်ဆီရောဒီဇယ်ပါဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၂၆၀၀ ကျပ်၊ ဒီဇယ် ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၂၉၀၀ ကျပ်၊ ဒီဇယ် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## Energy NYMEX 5-2-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 31.68 | -0.04 | -0.13 |
| Brent Crude Futr (USD/bbl) | 34.30 | -0.16 | -0.46 |
| Gasoline Rbob Fut (Cent/gal) | 101.92 | -0.92 | -0.89 |
| Natural Gas Futr (USD/MMBtu) | 2.05 | +0.07 | +3.70 |
| Heating Oil Futr (Cent/gal) | 107.02 | -1.03 | -0.95 |

# ပြည်တွင်းငွေလဲနှုန်းများ တစ်ပတ်အတွင်း ကျပ် ၃၀ ခန့်အထိ ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ဆက်လက်ကျဆင်းခဲ့ကာ တစ်ပတ်အတွင်း ကျပ် ၃၀ ခန့်အထိကျဆင်းခဲ့ကြောင်း ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

တရုတ်နှစ်သစ်ကူးကာလအတွင်း ဝယ်လိုအားကျဆင်းလာမှုနှင့်အတူ ကမ္ဘာ့ငွေကြေးဈေးကွက်အတွင်းတွင်လည်း ငွေလဲနှုန်းများ ကျဆင်းလာမှုကြောင့် ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်ကျဆင်းလာရခြင်းဖြစ်ကြောင်း ငွေလဲစင်တာများမှ သိရသည်။

“ဒီတစ်ပတ်က တရုတ်နှစ်သစ်ကူးကာလလည်း ဖြစ်တယ်။ ဈေးကွက်ထဲမှာ အရောင်းအဝယ်ကလည်း အေးနေတယ်။ တရုတ်နယ်စပ်ဘက်မှာလည်း အရောင်းအဝယ်တွေက မရှိသလောက်ကိုဖြစ်နေတော့ ဈေးကွက်အေးနေလို့ ဈေးကျဆင်းလာတဲ့သဘောပါ။ နောက်ပြီး ပို့ကုန်သမားရော သွင်းကုန်သမားတွေပါ နှစ်သစ်ကူးကာလ လုပ်ငန်းရပ်ထားသလိုဖြစ်နေတာကြောင့် ဈေးကွက်ထဲမှာ ဝယ်လိုအားကတော်တော်လေးကို ကျဆင်းသွားတယ်။ ဒါကြောင့် ဈေးကျသွားရတာပါ။ ဗဟိုဘဏ်ရဲ့ငွေလဲနှုန်းကလည်း ဒီတစ်ပတ်ထဲမှာ တော်တော်လေးကိုကျသွားတယ်”ဟု အနော်ရထာလမ်းပေါ်ရှိငွေလဲစင်တာတစ်ခုမှ သိရသည်။

ငွေလဲစင်တာများ၌ ဖေဖော်ဝါရီ ၁ရက်တွင် ရောင်းဈေး ၁၂၈၉ကျပ်၊ ဝယ်ဈေး ၁၂၈၇ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိပြီး ဖေဖော်ဝါရီ ၃ ရက်တွင် ရောင်းဈေး ၁၂၇၇ ကျပ်၊ ဝယ်ဈေး ၁၂၇၁ ကျပ်ဖြင့် ရောင်းဝယ်ခဲ့သည်။

ဖေဖော်ဝါရီ ၄ ရက်ညနေပိုင်းတွင် ရောင်းဈေး ၁၂၆၀ကျပ်၊ ဝယ်ဈေး ၁၂၅၅ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ပြီး ဖေဖော်ဝါရီ ၅ ရက် နေ့လယ်ပိုင်းတွင် ရောင်းဈေး ၁၂၆၀ ကျပ်၊ ဝယ်ဈေး ၁၂၅၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။

ဗဟိုဘဏ်မှလည်း ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို ဖေဖော်ဝါရီ ၁ ရက်က ၁၂၉၃ ကျပ်ဟု သတ်မှတ်ခဲ့သော်လည်း ဖေဖော်ဝါရီ ၃ ရက်တွင် ၁၂၈၉ ကျပ်သို့လည်းကောင်း၊ ဖေဖော်ဝါရီ ၄ ရက်တွင် ၁၂၈၀ကျပ်၊ ဖေဖော်ဝါရီ ၅ ရက်တွင် ၁၂၇၀ ကျပ်သို့လည်းကောင်း အသီးသီးလျှော့ချသတ်မှတ်ခဲ့သည်။

**မယ်သီတာ**

# ကမ္ဘာ့ရွှေဈေး ပြန်လည်မြင့်တက်လာသော်လည်း ငွေလဲနှုန်းကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေဈေး အနည်းငယ်သာ ကျဆင်း

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်း ကျဆင်းလာသော်လည်း ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုကြောင့် အနည်းငယ်သာ ဈေးကျဆင်းခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် ဝယ်လိုအားမြင့်မားလာမှုကြောင့် ဈေးမြင့်တက်လာရခြင်းဖြစ်ကြောင်း၊ တရုတ်နှစ်သစ်ကူးကာလအတွင်း ပြည်တွင်း၌ အရောင်းအဝယ်များ အေးစက်နေခဲ့သော်လည်း ကမ္ဘာ့ရွှေဈေးမှာမူ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

“ပြီးခဲ့တဲ့တစ်ပတ်က ရွှေဈေး ကျဆင်းခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ပြည်တွင်းမှာ အရောင်းအဝယ်တွေအေးနေတယ်။ တရုတ်နှစ်သစ်ကူးကာလလည်းဖြစ်နေတော့ ရွှေဈေးကွက်ထဲမှာ အရောင်းအဝယ်က မရှိသလောက်ဘဲ။ ဒါပေမယ့် ကမ္ဘာ့ရွှေဈေးကွက်ထဲမှာ ရွှေဈေးက တက်လာတဲ့အတွက် ပြည်တွင်းရွှေဈေးကလည်း နည်းနည်းလေးပဲ ကျဆင်းခဲ့ပါတယ်။ ပြည်တွင်းရွှေဈေးကွက်ထဲမှာ အရောင်းအဝယ်မရှိတဲ့ အချိန်မှာ ပြန်ပြီးဈေးမြင့်တက်လာတဲ့အတွက် နည်းနည်းတော့ ပြန်လှုပ်လာတယ်”ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ဖေဖော်ဝါရီ ၁ ရက်က မြန်မာ့ရွှေဈေးသည် ကျပ် ၇၇၅၅၀၀ ရှိခဲ့ပြီး ဖေဖော်ဝါရီ ၃ရက်တွင် ကျပ် ၇၆၄၀၀၀ သို့ ကျဆင်းခဲ့သည်။ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် ကျပ် ၇၇၀၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့ပြီး ညနေပိုင်းတွင် ၇၇၁၀၀၀ သို့ ထပ်မံမြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၁ ရက်တွင် အမေရိကန်ဒေါ်လာ ၁၁၂၀ ရှိခဲ့ပြီး ဖေဖော်ဝါရီလ ၃ ရက်တွင် အမေရိကန်ဒေါ်လာ ၁၁၂၆ သို့ မြင့်တက်ခဲ့ကာ ဖေဖော်ဝါရီ ၅ ရက်တွင် အမေရိကန်ဒေါ်လာ ၁၁၄၅ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 1 - February | 14.33 | 1626.69 | 1527.68 | 4577.44 | 870.00 |
| 2 - February | 14.25 | 1700.60 | 1557.25 | 4687.20 | 860.00 |
| 3 - February | 14.28 | 1706.20 | 1536.19 | 4658.08 | 857.00 |
| 4 - February | 14.70 | 1720.10 | 1543.81 | 4725.06 | 884.00 |
| 5 - February | 14.83 | 1723.23 | 1549.86 | 4741.41 | 902.00 |

Source:kitco.com

## Currency Exchange Rate

February 5, 2016
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.39 |
| BDT | Bangladesh Taka | 78.67 |
| CAD | Canada Dollars | 1.37 |
| CNY | China Yuan Renminbi | 6.57 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.79 |
| I NR | India Rupees | 67.64 |
| I DR | Indonesia Rupiahs | 13597.88 |
| JPY | Japan Yen | 116.79 |
| MYR | Malaysia | 4.13 |
| PKR | Pakistan Rupees | 104.20 |
| PHP | Philippines Pesos | 47.69 |
| RUB | Russia Rubles | 77.20 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1194.82 |
| LKR | Sri Lanka Rupe | 143.95 |
| THB | Thailand Baht | 35.50 |
| GBP | United Kingdom Pounds | 0.69 |
| VND | VietnamDon | 22288.00 |

*Source : xe.com*

## World Gold Price

February, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 1 | 1121 | 1121 | 1121 |
| 2 | 1123 | 1123 | 1123 |
| 3 | 1124 | 1125 | 1126 |
| 4 | 1137 | 1138 | 1138 |
| 5 | 1153 | 1154 | 1153 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 1-2- 2016 | 775.50 | 775.20 |
| 2-2- 2016 | 772.00 | 771.50 |
| 3-2- 2016 | 766.00 | 766.50 |
| 4-2- 2016 | 768.00 | 767.70 |
| 5-2- 2016 | 768.00 | 766.90 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 1 | 6 .58 | 35.63 | 78.50 | 67.78 |
| 2 | 6. 58 | 35.73 | 78.00 | 67.97 |
| 3 | 6 58 | 35.81 | 78.38 | 68.13 |
| 4 | 6 .57 | 35.62 | 78.68 | 67.89 |
| 5 | 6.57 | 35.50 | 78.67 | 67.64 |

## ဘိလပ်မြေ

### ဒီတစ်ပတ် ဘိလပ်မြေ အဝင်လျော့

ဇန်နဝါရီ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၂၇၆၂၃၀၇ တန်ဖိုးရှိ ဘိလပ်မြေ ၃၂၇၇၈ ဒသမ ၉၉၄ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံမှ ၁၁၄ ဒသမ ၄၆၄ တန်၊ စင်ကာပူနိုင်ငံမှ ၁၆ ဒသမ ၅၃ တန်၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ ၂၇ တန်နဲ့ ထိုင်းနိုင်ငံမှ ၃၂၆၂၁ တန် ဝင်လာခဲ့ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ငါးသောင်းကိုးထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ ယှဉ်ရင် တန်ချိန် ၂၆၅၀၀ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ဘိလပ်မြေအဝင်စုစုပေါင်းမှာ တန်ချိန် နှစ်သိန်းခြောက်သောင်းကျော်ရှိခဲ့ပြီး ၂၀၁၆ ဇန်နဝါရီလမှာ တန်ချိန်တစ်သိန်းကိုးသောင်းကျော်သာ ရှိခဲ့တာကြောင့် ဒီလမှာ ဘိလပ်မြေတန်ချိန် ၆၄၅၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

### ပုံမှန် အရောင်းအဝယ်ဖြစ်နေတဲ့ ဘိလပ်မြေဈေးကွက်

ဇန်နဝါရီ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၃၂၇၇၈ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၅၉၃၂၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၂၆၅၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန် ၂၁၆၈၃ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ ၃၈၇၈၇တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၆၉၂၄ တန် ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေ အဝင်လျော့ခဲ့ပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီ ရောက်လာတာကြောင့် အရောင်းအဝယ်ကောင်းတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ကောင်းပေမယ့် ဈေးကငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၂၀၀ ကျပ်၊ မြန်မာဆင် ၄၅၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်)၄၅၀၀ ကျပ်၊ ကျားခေါင်း ၄၅၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ဆင်(ထိုင်း) ၇၁၀၀ ကျပ်၊ စိန် ၇၀၀၀ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရ ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ် အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ပွင့်လင်းရာသီကြောင့် လုပ်ငန်းတွေလည်းကောင်းပြီး အရောင်းအဝယ်ကောင်းပေမယ့် ဘိလပ်မြေဈေး ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၉၇၅ ကျပ်၊ စိန် (ထိုင်း) ၅၉၀၀ကျပ်၊ ကြံ့နှစ်ကောင်(နီ) ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင် (စိမ်း) ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါ တယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်ပုံမှန်ရှိတယ်။ ဈေးကွက်ထဲ မြင်းခေါင်းတံဆိပ် ပြန်ဝင်လာတယ်လို့ သိရပါတယ်။ ဒီတစ် ပတ်မှာတော့ ဘိလပ်မြေဈေးတွေ ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၆၆၅၀ ကျပ်၊ အပါချီ ၅၀၀၀ကျပ်၊ မက်စ်မြန်မာ ၄၇၀၀ ကျပ်၊ ကြံ့နှစ်ကောင် ၅၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေဩဇာ

### ယခင်တစ်ပတ်ထက် တန်ချိန်ငါးထောင့်တစ်ရာကျော်အဝင်ပိုခဲ့

ဇန်နဝါရီ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၆၆၈၆၁၀ တန်ဖိုးရှိမြေဩဇာ ၇၂၇၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ရုရှားနိုင်ငံမှ တန်ချိန်၁၀၂၀၊ ဂျပန်နိုင်ငံမှ ၂၀၅ တန်၊ ဗီယက်နမ်နိုင်ငံမှ ၈၃၇ တန်နဲ့ တရုတ်နိုင်ငံမှ ၅၂၀၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဝင်လာခဲ့တဲ့အမျိုးအစားများမှာ ကွန်ပေါင်း၊ ဆူမို၊ **DAP** ကွန်ပေါင်း၊ ယူရီးယား၊ အမိုးနီးယားဆာလဖိတ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၂၁၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၅၁၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ၂၀၁၅ ဒီဇင်ဘာလ မြေဩဇာအဝင် စုစုပေါင်းမှာ တန်ချိန် သုံးသောင်းလေးထောင်ငါးရာကျော်ရှိခဲ့ပြီး ၂၀၁၆ ဇန်နဝါရီမှာ တန်ချိန် နှစ်သောင်းလေးထောင့်ခုနစ်ဆယ်ကျော် တင်သွင်းနိုင်ခဲ့တာကြောင့် ဒီလမှာ တန်ချိန် ၉၈၅၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### အရောင်းအေးနေတဲ့ မြေဩဇာဈေးကွက်

ဇန်နဝါရီ ၂၄ ရက်မှ ၃၀ ရက် သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ ၇၂၇၀တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၁၆၃ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၁၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၇၉၃၇ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၇၂၈၇ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆၄၉ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ရေလမ်းရော နယ်စပ်လမ်းမှပါ မြေဩဇာအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်အေးနေဆဲ ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာပုလဲ အသေးက ၂၀၀ ကျပ် ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများကဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၂၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည် (ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ်လည် (ထိုင်း) ၃၀၅၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း) ၂၉၀၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်း ရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်အေးနေဆဲဖြစ်ပြီး ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဈေး ကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၁၀၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၇၀၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၆၅၀၀ကျပ် ၊ ဓာတ်ဆား (တရုတ်)၁၆၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၈၀၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၀၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါ တယ်။

**မကွေးဈေးကွက်မှာ** အရောင်းပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မြားကမ္ဘာ(၁၂း၁၃)၊ဆင်၁၀း၁၀း၅၊ တောင်သူမ၊ အာမို၊ တီစူပါတို့က ဈေးကျလာပြီး ယူရီးယား၊ ဇာမဏီမြေဩဇာများက ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃(အပြာ) ၁၅၂၀၀ ကျပ်၊ ဆင်၁၀း၁၀း၅၁၅၀၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၁၀၀ ကျပ်၊ အာမို၁၅ပတ်လည် ၃၈၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၅၀၀ကျပ်၊ယူရီးယား-ပုလဲ(ပန်းဖူး)၂၀၇၀၀ ကျပ်၊ ယူရီးယား -ပုလဲ(ရွှေတောင်-တရုတ်) ၂၀၈၀၀ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၃၀၀ ကျပ်၊ တီစူပါ ၂၀၃၀၀ ကျပ်၊ တောင်သူမ ၁၄၇၀၀ ကျပ်၊ သီးစုံ ၁၄၉၀၀ ကျပ်၊ ဇာမဏီ ၁၇၃၀၀ ကျပ်၊ မြား ၁၅း၇း၈ ၁၈၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာက အရောင်းပုံမှန်ရှိသလို မြေဩဇာဈေးတွေလည်း ငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား(နေရွက်လှေ-တရုတ်) ၂၀၃၀၀ ကျပ်၊ ယူရီးယား (ရေတောင်-တရုတ်) ၂၀၃၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၂၀၂၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ)၂၄၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ပတ်လည် (နေရွက် လှေ-တရုတ်) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ အဝင်နည်းပြီး နို့မှုန့်အဝင်ပို

ဇန်နဝါရီ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှကန်ဒေါ်လာ ၃၁၈၀၀၀ တန်ဖိုးရှိနို့ဆီ ၁၂၀တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ နို့ဆီတစ်မျိုးတည်းသာဝင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၄၉၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် အဝင်တော်တော်လေးလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်မှ ၁၅၃ဒသမ ၆၀တန်၊ မလေးရှားမှ ၈ဒသမ ၆၃ တန်၊ နယ်သာလန်မှ သုညဒသမ ၅၄ တန်နဲ့ စင်ကာပူမှ ၈ ဒသမ ၇၆၈ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာတန်ချိန် ၁၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၄၂တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

## သီတာဝင်း (DOT) စုစည်းသည်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၁ မှ ၂၉/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၁ မှ ၂၂/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၉၅၄.၅၀ | ၁၆၉၅.၇၅ | (-) ၇၄၁.၂၅ |
| ၂။ | လွယ်ဂျယ် | ၁၀၆၅.၀၀ | ၆၂၅.၀၀ | (+) ၄၄၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၆၅၅၇.၀၀ | ၄၁၆၈.၅၀ | (+) ၂၃၈၈.၅၀ |
| ၅။ | တာချီလိတ် | - | ၁၀၀၀၀.၀၀ | (-) ၁၀၀၀၀.၀၀ |
| ၆။ | မြဝတီ | ၂၀၂၉.၇၀ | ၁၄၈၀.၃၀ | (+) ၅၄၉.၄၀ |
| ၇။ | ကော့သောင်း | ၁၀၉၁၇.၀၀ | ၁၆၉၁၈.၄၀ | (-) ၆၀၂၁.၄၀ |
| ၈။ | မြိတ် | ၃၄၀.၀၀ | ၃၈၈၀.၀၀ | (-) ၃၅၄၀.၀၀ |
| ၉။ | မော်တောင် | - | - | - |
| | စုစုပေါင်း | ၂၁၈၆၃.၂၀ | ၃၈၇၈၇.၉၅ | (-) ၁၆၉၂၄.၇၅ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၁ မှ ၂၉/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၁ မှ ၂၂/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၈၄၇.၃၅၀ | ၁၆၀၁၄.၃၂၉ | (-) ၁၁၆၆.၉၇၉ |
| ၂။ | လွယ်ဂျယ် | ၆၄.၀၀၀ | - | (+) ၆၄.၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | တာချီလိတ် | ၃၀၀.၀၀၀ | - | (+) ၃၀၀.၀၀၀ |
| ၅။ | မြဝတီ | ၈၂၅.၈၀၀ | ၇၁၉.၄၀၀ | (+) ၁၀၆.၄၀၀ |
| ၆။ | ကော့သောင်း | - | ၂၅၃.၅၀၀ | (-) ၂၅၃.၅၀၀ |
| ၇။ | မြိတ် | ၁၀၀.၀၀၀ | - | (+) ၁၀၀.၀၀၀ |
| ၈။ | ရိဒ် | ၁၈၀၀.၀၀၀ | ၃၀၀.၀၀၀ | (+) ၁၅၀၀.၀၀၀ |
| | စုစုပေါင်း | ၁၇၉၃၇.၁၅၀ | ၁၇၂၈၇.၂၂၉ | (+) ၆၄၉.၉၂၁ |

တင်တင်ထွန်း MIRT

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## နှမ်း/မြေပဲ

# တရုတ်နှစ်သစ်ကူးကာလ ပြည်နှမ်း၊ မြေပဲဈေးကွက် အရောင်းအဝယ်အေးလာ

ဖေဖော်ဝါရီ ပထမပတ် နှမ်းမြေပဲရောင်းဝယ်ရေးပွဲရုံများတွင် တရုတ်နှစ်သစ်ကူးနီးလာသဖြင့် နှမ်းဈေးမြေပဲဈေးတွေကျလာပြီး၊ အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။

**နှမ်းဈေးကွက်**

တစ်နေ့ကို နှမ်းအိတ် ၅၀၀ နီးပါး ဝင်ရောက်နေပြီး မြန်အောင်၊ ကြံခင်း၊ တာပွန်၊ မှတ်တိုင်နဲ့ နတ်တလင်းတို့မှ အဝင်ရှိပါတယ်။ နှမ်းနီကို ဆီစက်သမားများက အဝယ်ရှိပြီး နှမ်းနက်ကို မန္တလေးသို့ တစ်ရက် အိတ် ၁၅၀ တင်ပို့မှုရှိပါတယ်။ နှမ်းဈေးနှုန်းတွေကတော့ နှမ်းနီ တစ်တင်း ၂၆၆၀၀ ကျပ်၊ နှမ်းနက် တစ်တင်း ၃၃၃၀၀ ကျပ်နဲ့ စမုံနက် တစ်တင်း ၅၃၃၀၀ ကျပ်တို့ဖြစ်ပြီး ဈေးအေး အရောင်းအဝယ် အေးပါတယ်။

**မြေပဲဈေးကွက်**

ပြည်ပွဲရုံများသို့ ကံမ၊ မင်းတုန်းဘက်မှ မြေပဲဆန်အိတ်တွေ တစ်နေ့အိတ် ၆၀၀ ခန့်အဝင်ရှိပါတယ်။ မြေပဲဆီဆန်များကို မြို့ပေါ် ဆီစက်သမားတွေ အဆွဲရှိပြီး မြေပဲလုံးဆန်များကိုတော့ ရန်ကုန်ဝယ်လက်တွေထံ တင်ပို့ရပါတယ်။ ရန်ကုန်သို့ အိတ် ၃၅၀ ခန့် တင်ပို့မှုရှိပြီး မြေပဲဆန်ဈေးနှုန်း တစ်ပိဿာ (မြေပဲဆီဆန်) ၁၉၀၀ ကျပ်နဲ့ လုံးဆန် တစ်ပိဿာ ၂၄၂၀ ကျပ်ထိဈေးကျကာ အရောင်းအဝယ် အေးပါတယ်။ မြေပဲရောနှမ်းပါ ယခင်အပတ်တွေကလို အရောင်းအဝယ်အကုန်မဖြစ်ဘဲ လက်ကျန်အိတ်တွေရှိနေပါတယ်။

**ဆီဈေးနှုန်း**

ဆီဈေးနှုန်းအနေနဲ့ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်နေပါတယ်။ နှမ်းဦးဆီ တစ်ပိဿာ ၄၄၀၀ ကျပ်၊ နှမ်းဆီသန့် ၄၂၀၀ ကျပ်၊ မြေပဲဆီရှယ် ၄၅၀၀ ကျပ်၊ ပဲဆီသန့် ၄၂၀၀ ကျပ်နဲ့ ပဲဆီရိုးရိုး ၄၀၀၀ ကျပ်တို့ ဖြစ်ပါတယ်။ မန္တလေးဘက်သို့တင်ပို့သော ဆီထွက်သီးနှံများ အဆွဲနည်းနေပြီး ဈေးကွက်မှာ လက်ကျန်ဖြစ်ပေါ်နေခြင်းဖြစ်ပါတယ်။ **ဝေဝေမင်း-ပြည်**

## နှမ်းတန်ချိန် ကိုးထောင်ကျော်တင်ပို့

ဇန်နဝါရီ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ နှမ်းနက် ၁၂၃၂ တန်နဲ့ နှမ်းဖြူ ၁၇၄ တန်ကို ကန်ဒေါ်လာ ၁ ဒသမ ၇၁၁ သန်းဖိုးတင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က နှမ်းရောင်စုံ ၂၂၀၃ တန် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ် နှမ်းတင်ပို့မှု အနည်းငယ်လျော့ကျသွားခဲ့ပါတယ်။ ဇန်နဝါရီလ တစ်လလုံး မူဆယ်၊ ချင်းရွှေဟော်နဲ့ မြဝတီကုန်သွယ်ရေးစခန်းများမှ နှမ်းရောင်စုံ တန်ချိန် ၉၀၀၀ ကျော် တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ နှမ်းဖြူတစ်တန်ဈေးမှာ ယခင်တစ်ပတ်က ၁၅၃၆၅၂၂ ကျပ်ရှိရာမှ ၁၅၆၅၂၅၆ ကျပ်သို့လည်းကောင်း၊ နှမ်းနက်ဈေး ၁၉၂၂၉၉၅ ကျပ် ၁၉၅၈၉၅၇ ကျပ်သို့ ဈေးမြင့်တက်လာခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## စားအုန်းဆီ

# ရင်းဂစ်တန်ဖိုး မြင့်တက်မှုကြောင့် လ ၂၀ အတွင်း အမြင့်ဆုံးကိုရောက်ရှိခဲ့တဲ့ စားအုန်းဆီဈေးများ ကျဆင်း

ရင်းဂစ်တန်ဖိုးမြင့်တက်မှုနဲ့ ပို့ကုန်ဝယ်လိုအားများ ကျဆင်းမှုကြောင့် ဇန်နဝါရီ ၄ ရက်က မလေးရှား စားအုန်းဆီဈေးများကျဆင်းခဲ့ရာ လ ၂၀ အတွင်း အမြင့်ဆုံးဈေးနှုန်းအဖြစ် ရောက်ရှိခဲ့ရာမှ သုံးရက်အတွင်း ပထမဆုံးအကြိမ်အဖြစ် အနိမ့်ဆုံးဈေးကိုရောက်ရှိကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင်(Bursa Malaysia Derivatives Exchange) မှာ နေ့လယ်ဈေးကွဲချိန်က ဧပြီလအတွက်ချုပ်ဆိုတဲ့ကြိုရောင်းဈေးမှာ တစ်တန်ကို ၂၅၃၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၁၁ ဒသမ ၂၇) နှုန်းထိရောက်ရှိပြီး သုညဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

စုစုပေါင်းရောင်းချရတဲ့ ပမာဏက ၂၅ တန်ရှိ အတွဲ ၁၄၇၃၁ တွဲရှိခဲ့ပါတယ်။ "ရင်းဂစ်တန်ဖိုးက ပိုမိုမြင့်တက်နေပြီး ဘရာဇီးနိုင်ငံမှာလည်း သီးနှံအထွက်နှုန်းတိုးမယ့် အလားအလာတွေ တွေ့နေရပါတယ်"လို့ တောင်အမေရိကရှိ ဘရာဇီးနိုင်ငံမှာ ပဲပုပ်အထွက်ကောင်းနေတာကို ရည်ညွှန်းပြီး ကွာလာလမ်ပူမှကုန်သည်တစ်ဦးက ပြောပါတယ်။

တောင်အမေရိကဒေသမှ ပဲပုပ်စေ့ရောင်းလိုအားအလွန်အကျွံမြင့်မားမှုကြောင့် ပဲပုပ်စေ့ဈေးနှုန်းတွေကျဆင်းစေနိုင်ပါတယ်။ ဒါကြောင့် စားအုန်းဆီနဲ့ဈေးကွာဟချက်တွေကို ပိုမိုကျဉ်းမြောင်းသွားစေခဲ့ပါတယ်။ ပဲပုပ်စေ့ဈေးနှုန်း ကျဆင်းတာကြောင့် တရုတ်နဲ့အိန္ဒိယနိုင်ငံတွေမှာ ပြည်တွင်းစားသုံးမှုအတွက် ပဲပုပ်ဆီကိုပိုမိုတင်သွင်းလာမှာ ဖြစ်တဲ့အတွက် စားအုန်းဆီဈေးကွက်ဝေစုက ပဲပုပ်ဆီဘက်ကိုပါ သွားစေနိုင်ပါတယ်။

မလေးရှားစားအုန်းဆီ ထုတ်ကုန်တင်ပို့မှုက ကျဆင်းလျက်ရှိရာ ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့က ထုတ်ပြန်တဲ့စာရင်းတွေအရ မလေးရှားမှစားအုန်းဆီတင်ပို့မှုက ဒီဇင်ဘာနဲ့နှိုင်းယှဉ်ရင် ဇန်နဝါရီမှာ ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ရင်းဂစ်ငွေကြေးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ၁ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၄ ဒသမ ၁၅၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးမြင့်တက်မှုကြောင့် နိုင်ငံခြားငွေကိုင်ဆောင်ထားသူတို့အတွက် စားအုန်းဆီဈေး ပိုမိုမြင့်တက်စေခဲ့ပါတယ်။

မလေးရှားနိုင်ငံရဲ့ ခြံကျယ်စိုက်ပျိုးရေး လုပ်ငန်းတွေမှာ အလုပ်လုပ်နေတဲ့ နိုင်ငံခြားသားတွေအတွက် ကောက်ခံတဲ့ အခွန်က ၁၅၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့တဲ့အတွက် စားအုန်းဆီလုပ်ငန်းကြီးတွေရဲ့ စတော့ရှယ်ယာဈေးတွေ ကျဆင်းခဲ့ပါတယ်။ နိုင်ငံခြား အလုပ်သမားခွန်တွေ မြင့်တက်လာတဲ့အတွက် စားအုန်းဆီထုတ်လုပ်ရေးလုပ်ငန်းတွေမှာ ယခုနှစ်အတွင်း ကုန်ကျစရိတ်က သုံးရာခိုင်နှုန်းကနေ ရှစ်ရာခိုင်နှုန်းအထိ မြင့်တက်မယ်လို့ ခန့်မှန်းထားကြ ပါတယ်။

လောလောဆယ်မှာ တစ်နိုင်ငံလုံးရှိ စားအုန်းဆီလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နေတဲ့ လုပ်သားအင်အားရဲ့ ၈၀ ရာခိုင်နှုန်းက နိုင်ငံခြားသားလုပ်သားတွေဖြစ်ပါတယ်။ စားအုန်းဆီ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းထဲမှာ အဓိကကျတဲ့ ကုန်ကျစရိတ်က ဓာတ်မြေဩဇာနဲ့ အလုပ်သမားခတွေဖြစ်ပြီး အဲဒီကုန်ကျစရိတ်က စုစုပေါင်း ကုန်ကျစရိတ်ရဲ့ ၅၀ ရာခိုင်နှုန်းရှိပါတယ်။ အလုပ်သမားစရိတ် အထူးသဖြင့် ရိတ်သိမ်းတဲ့ လုပ်သားခတစ်ခုတည်းကပင် ပြည်တွင်းစိုက်ပျိုးရေးလုပ်ငန်း စုစုပေါင်းကုန်ကျစရိတ်ရဲ့ ၃၀ ရာခိုင်နှုန်းထိ ပါဝင်နေပါတယ်။ မလေးရှားရှိ စတော့ဒိုင်စာရင်းဝင် စိုက်ပျိုးရေးကုမ္ပဏီအများစုက ပျမ်းမျှအလုပ်သမား ၆၀၀၀ ခန့် ငှားရမ်းထားပါတယ်။

အခြား ဟင်းရွက်ဆီဈေးကွက်ဖြစ်တဲ့ အမေရိကန်ဈေးကွက်မှာ မတ်လအတွက် ပဲပုပ်ဆီဈေးက သုညဒသမ ၂ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange) မှာ မေလအတွက် ပဲပုပ်ဆီဈေးက သုညဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၅-၂-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၀၀ | ၁၅၅၀ | △ |
| ရန်ကုန် | ၄၃၀၀ | ၄၅၀၀ | △ | ၃၇၀၀ | ၃၉၀၀ | △ | ၁၃၈၅ | ၁၄၂၅ | △ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၄၇၀ | ၁၅၃၀ | △ |
| ပဲခူး | ၃၂၀၀ | ၃၂၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၄၀၀ | ၁၄၅၀ | △ |
| မကွေး | ၄၅၀၀ | ၄၀၀၀ | ▽ | ၃၉၀၀ | ၃၉၀၀ | □ | ၁၇၀၀ | ၁၅၀၀ | ▽ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၄၉၀ | ၁၅၅၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၅-၂-၂၀၁၆ US$/Ton

| အမျိုးအစား | ဇန်နဝါရီတတိယပတ် | ဇန်နဝါရီစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၂၁.၅၀ | ၅၃၈.၅၀ | △ |
| RBD P.Olein | ၅၃၉.၀၀ | ၅၆၆.၅၀ | △ |
| RBD P.Strarin | - | ၅၄၀.၅၀ | – |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၅- ၂ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၅၉.၂၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၇၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၈၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၁၃ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၈.၄၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၇.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၂၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၀၈.၈၇ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၅-၂ -၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၅၅ ဒေါ်လာ၊ FOB ၆၃၀ ဒေါ်လာနှင့် USD ဈေး ၁၂၇၀ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၅-၂ -၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၇၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်းဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# မြန်မာနဲ့ CSR

|မြင့်ဦး - ပခုက္ကူ|



အခုတစ်လော ခရီးများဆက်တိုက်ဆိုသလို ထွက်ဖြစ်ပါတယ်။ ဌာနတာဝန်၊ မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်တဲ့ တာဝန်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရွေးပွဲ စတာတွေနဲ့ သွားရောက်တဲ့ နေရာတိုင်းမှာ လုပ်ငန်းတာဝန်တွေအပြင် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စတာတွေကို လေ့လာမေးမြန်းစုံစမ်းကြည့်ရပါတယ်။ ဘာတွေစိုက်သလဲ၊ ဘယ်လောက်ထွက်သလဲ၊ အကျိုးအမြတ်၊ အရှုံးအဆုံးဆိုတာတွေက အစ လုပ်သားပြဿနာ၊ လုပ်အားခဈေးနှုန်း အလယ်၊ ကျန်းမာရေး စောင့်ရှောက်မှုအဆုံး ဆိုတာတွေကို မေးမြန်းလေ့လာမိပါတယ်။ ဥပမာ- အုပ်ချုပ်ရေးမှူး ရွေးပွဲအပြီး ရွာကဆယ်အိမ်စုမှူးနဲ့တွေ့ဆုံတုန်း နေပါဦး ခဏပြောပါရစေ၊ ဒီနှစ်ဟာ အယ်လ်နီညိုနှစ်လို့ ပြောပါတယ်။ အင်မတန် ပူပြီးရေတွေ ဘာတွေရှားမယ်လို့ မိုးလေဝသပညာရှင်များ ဟောပြောကြ၊ ရေးသားကြပါတယ်။ ကိုယ့်ဒေသဟာ မိုးခေါင်ရေရှား ဒေသဖြစ်လို့ ယခုအချိန်ကစပြီး ရေကိုချွေတာသုံးဖို့နဲ့ ရေကို ရေလို မသုံးကြဘဲ ရေကိုငွေလိုချွေချွေတာတာ အသုံးပြုကြဖို့ လူသုံးဖို့၊ တိရစ္ဆာန်များသုံးဖို့ စသည်ဖြင့် ဆယ်အိမ်စုအလိုက် ရေကို ကြိုတင်စုဆောင်းထားရေးကိစ္စကို ဝိုင်းဝန်းစဉ်းစားကြဖို့ ဆိုတာတွေ ထပ်မံပြောရပါတယ်။

ဆိုလိုချင်တာက တစ်ခုနှင့်တစ်ခု ဆက်စပ်ဆက်နွယ်ပတ်သက်တာတွေကိုပါ၊ ဥပမာ- စိုက်ပျိုးထုတ်လုပ်တယ်၊ စိုက်သူရှိလို့ ပစ္စည်းထွက်တယ်၊ ပစ္စည်းထွက်လို့ ရောင်းဝယ်ဖောက်ကားသူရှိတယ်၊ နောက်ပိုင်းနိုင်ငံခြားပို့ပြီး ရောင်းချတယ်၊ ဒီကွန်ရက်ထဲမှာ စိုက်ပျိုးထုတ်လုပ်ရာမှာ လူအင်အား၊ စိုက်ပျိုး၊ ပေါင်းသင်၊ ရိတ်သိမ်း၊ ခြွေလှေ့ဖို့ လူလိုတယ်၊ တစ်ခါထွက်ရှိရာ ဒေသကျေးရွာတွေဆီကနေ မြို့ပွဲရုံရောက်ဖို့ သယ်ဖို့၊ ယာဉ်တွေ လိုလာတယ်၊ မြို့ပေါ်မှာ ပွဲရုံတွေရောင်းရင် ပစ္စည်း သန့်စင်ဖို့ ချိန်၊ ချုပ်၊ စီထပ်ဖို့ လုပ်သားတွေလိုလာတယ်၊ တစ်ရုံးနဲ့တစ်ရုံး ပေါင်းစပ်ဆက်နွယ်ချိတ်ဆက်နေတဲ့ ကွန်ရက်တစ်ခု ဖြစ်ပေါ်နေတယ်။

ဒီအပေါ်မှာ တစ်ဦးနဲ့တစ်ဦး လူမှုနယ်ပယ်ပေါင်းစည်း ဆောင်ရွက်မှု တာဝန်ယူနိုင်မှုဆိုတာတွေ ပါဝင်ပတ်သက်လာပါပြီ၊ ဥပမာ- ရောင်းဝယ်ဖောက်ကားရာမှာ ကိုယ့်နယ်ပိုင်၊ ပွဲစားဆိုတာရှိတယ်၊ ဥပမာ- ကိုယ့်ပတ်ဝန်းကျင်ဒေသ မြိုင်မြို့နယ်ကထွက်တဲ့ ကုန်ပစ္စည်းသူ့အဆက်အသွယ်ရှိရာ ပွဲရုံကိုဝင်တယ်၊ ဒါတောင်မြောက်ပိုင်းဘက်က ဘယ်ပွဲရုံ၊ တောင်ပိုင်းဘက်က ဘယ်ပွဲရုံဆိုတာတွေ ပါသေးတယ်။ ထိုနည်းတူစွာ ပေါက်နယ်ဘက်ကထွက်တဲ့ ကြက်သွန်နီ၊ မြောက်ဘက်ပိုင်းကဘယ်ပွဲရုံ ၊ တောင်ချောင်က ဘယ်ပွဲရုံ စသည်ဖြင့် ခွဲပြီးဝင်ကြပါတယ်။ ရောင်းချသူနဲ့ ဝယ်ယူသူ တည့်တည့်ပဲ ပြောပါမယ်။ ကိုယ့်ပွဲစားနဲ့ ကိုယ့်တောင်သူ မြို့ကိုရောက်ပြီး ပွဲရုံမှာ ကုန်ချပြီးတာနဲ့ အရောင်းအဝယ်မဖြစ်ခင် ပွဲစား၊ ကျွန်တော့်မှာ ကုန်ဘယ်လောက်ပါပါတယ်။ ကြိုတင်ငွေလေး ထုတ်ပေးပါ၊ ဈေးဝယ်ချင်လို့ ပွဲစားက အကူအညီပေးတဲ့အနေနဲ့ ထုတ်ပေးတယ်၊ ရောင်းပြီးရင် ပြန်ဖြတ် တာပေါ့။

တစ်ခါရွာမှာ ဘုရားပွဲဖြစ်တယ်၊ ရွာနဲ့ဆက်သွယ်နေတဲ့ ပွဲစားက ဘုရားပွဲမှာ ဆွမ်းချတယ် (ဒေသအခေါ် ဆွမ်းလောင်းလှူတာကို ပြောတာပါ) ဝက်သားပိဿာချိန်ဘယ်လောက်၊ ဆိုင်းထည့်မယ်၊ အငြိမ့်ဇာတ်ထည့်မယ် ဆိုတာတွေနဲ့ အပြန်ပြန်အလှန်လှန် ဆက်နွယ်နေတာပေါ့၊ ကိုယ့်ရွာကအကျိုးကို သာမှု၊ နာမှုမှာ ဒီပွဲရုံ၊ ဒီပွဲစားက ကူညီသမှုပြုထားတဲ့ ကျေးဇူးကရှိနေလေတော့ ကိုယ့်ရွာကထွက်တဲ့ အသီးအနှံ အစေ့အဆံကို ဒီပွဲစားပွဲရုံမှာပဲ ရောင်းချကြတာပေါ့။ တစ်ခါမြို့ပေါ်က ပွဲစားက သူ့ပွဲရုံမှာ အလုပ်လုပ်တဲ့ အလုပ်သမားကို တစ်နှစ်တစ်ကြိမ် ပျော်ပွဲစားလုပ်ပေးတာ၊ ဘုရားဖူးပို့ပေးတာ၊ ဆုကြေးပေးတာဆိုတာတွေ လုပ်ကြတယ်။ ဒါဟာ ပညာရှင်တွေပြောပြောနေတဲ့ CSR ဆိုတာမဟုတ်ဘူးလားလို့ ကိုယ်နဲ့ရင်းနှီးတဲ့မိတ်ဆွေ ပွဲစားတစ်ယောက်က မေးလာပါတယ်။ သူမေးတဲ့မေးခွန်းကို အဖြေပေးဖို့ ကြိုးစားရင်း ဒီစာစုလေးကို ရေးဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့လည်း စာအုပ်စာပေတွေ ဖတ်ရှုလေ့လာမှတ်သားသလို ပခုက္ကူကုန်စည်ဒိုင်မှာ ဆရာကြီးပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် လာရောက်ဟောပြောစဉ်ကလည်း တက်ရောက်နားထောင် လေ့လာခဲ့ဖူးပါတယ်။ တစ်ခါ ကိုယ်က ပညာရှင်တစ်ယောက်မဟုတ်လေတော့ ကိုယ့်မိတ်ဆွေကို ရှင်းပြဖို့ စာအုပ်စာတမ်းတွေ ပြန်လည်ဖတ်ရှုလေ့လာရပါတယ်။

CSR ဆိုတာ ဘာလဲပေါ့။

CSR အရှည်အနေနဲ့ Corporate Social Responsibility ဖြစ်ပါတယ်။ သူ့ရဲ့ မြန်မာလို အဓိပ္ပာယ် ဖွင့်ဆိုချက်အရ Corporate က ကုမ္ပဏီ၊ Social က လူမှုနယ်ပယ်၊ Responsibility က တာဝန်ယူနိုင်မှု၊ တာဝန်ခံနိုင်မှုလို့ ရှာဖွေရရှိနိုင်ပါတယ်။ CSR ရဲ့ သဘောက "ကုမ္ပဏီတစ်ခုက လူမှုနယ်ပယ်အတွက် တာဝန်ယူနိုင်မှု" လို့ ဆိုမိပါတယ်။ ဒီနေရာမှာ ပြန်လည်သရုပ်ခွဲရရင် လူမှုနယ်ပယ်ဆိုတဲ့နေရာမှာ စာစုရဲ့ အစမှာတုန်းက တင်ပြခဲ့သလို ဆက်နွယ်နေတဲ့ အကြောင်းတရားတွေ ပါဝင်နေပြီး ပေါင်းစည်းဆောင်ရွက်ခြင်းဆိုတာမှာလည်း ကွန်ရက်တစ်ခု ခြင်း ချိတ်ဆက်မှုအနေနဲ့ စိုက်ပျိုးထုတ်လုပ်သူ (တောင်သူအလုပ် သမား/မ) သယ်ယူသူ (ယာဉ်မောင်းအလုပ်သမား)၊ ရောင်းဝယ် ဖောက်ကားသူ (ပွဲစား၊ ကုန်သည်၊ အလုပ်သမား) စတာတွေဟာ ပေါင်းစည်းဆောင်ရွက်နေတာတွေက လူမှုနယ်ပယ်တစ်ခုအဖြစ် ဖြစ်ထွန်းလာတာကို မငြင်းနိုင်ပါဘူး။ တာဝန်ယူနိုင်မှု၊ တာဝန်ခံနိုင်မှု ဆိုတာတွေမှာတော့ ကျယ်ပြန့်လာပါပြီ၊ လုပ်ခပေးရုံ၊ ငွေကြိုထုတ်ပေးရုံ၊ ပျော်ပွဲစားပေးရုံ၊ ဘုရားဖူး လိုက်ပို့ရုံ၊ ဘုရားပွဲဆွမ်းလောင်းရုံ၊ အငြိမ့်ဇာတ်ဆိုင်းထည့်ပေးရုံနဲ့ မပြီးသေးပါဘူး။ လူမှုရေး အသိနဲ့ လုပ်ကိုင်ဆောင်ရွက်ပေးတာဖြစ်တဲ့အတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် အကျုံးဝင်ပါတယ်။ ဒါပေမဲ့ CSR ရဲ့ သဘောက ဒီထက်ပိုမို ကျယ်ပြန့်ပါတယ်။ တော်တော်များများ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားနိုင်မှ တော်ကာကျမယ့်သဘောပါ။

စိုက်ပျိုးထုတ်လုပ်ကြတဲ့အပိုင်းက အရင်စကြည့်ရအောင်ပါ၊ ထယ်ထိုးမလား၊ ထွန်ယက်မလား၊ ကိုယ်ငှားရမ်းလုပ်ကိုင်မယ့် ထယ်ထိုးသူ၊ ထွန်ယက်သူကို အန္တရာယ်ကင်းရှင်းစေရေးအထိ တာဝန်ယူရတော့မှာပါ၊ စက်နဲ့ပဲဆောင်ရွက်ဆောင်ရွက် ကျွဲ၊ နွားနဲ့ ပဲဆောင်ရွက်ဆောင်ရွက် အဆင်ပြေစွာဆောင်ရွက်နိုင်ဖို့ ယာကွက်လယ်ကွင်း မညီဘဲ အနိမ့်အမြင့်ဖြစ်နေတာကြောင့် အန္တရာယ်မရှိအောင် ဆောင်ရွက်ပေးနိုင်ဖို့ ပျိုးချိန်၊ စိုက်ချိန်၊ ရိတ်သိမ်းချိန်မှာ ဆောင်ရွက်တဲ့ လုပ်ဆောင်မယ့် အလုပ်သမားတွေ အလုပ်သမတွေကို ဆေးဖြန်းရင်း ဆေးရောတာကအစ ကျန်းမာရေးအလယ်၊ မြွေ၊ ကင်းအန္တရာယ်ကင်းအောင်ကအစ တာဝန်ယူပေး နိုင်ရမယ်၊ တာဝန်ခံနိုင်ရပါမယ်။

တစ်ခါ ပစ္စည်းသယ်ယူမှုအပိုင်း အိတ်မစုတ်အောင်၊ အိတ်မပြဲအောင်၊ ပစ္စည်းမပျောက်အောင် ဆိုတာတွေ ထည့်သွင်းစဉ်းစားရမှာဖြစ်သလို၊ ကောင်းပြီ. . . ကုန်သည်ပွဲစားထိရောက်ပြီး အရောင်းအဝယ်ဖြစ်ပြီးသွားပြီး လှောင်တော့မယ်၊ သိုလှောင်ရုံထဲထည့်မယ်၊ ပီနံ (မြွေရေခွံ) အိတ်လား၊ ဂုံနီအိတ်လား။ ထည့်ထားတဲ့အိတ်အပေါ်မူတည်လို့ ပိုင်ပုံဘယ်လောက်မြင့်မြင့်ပုံမှာလဲ၊ စီထပ်လား၊ ဆိုင်ပုံလား၊ ကိုယ့်အလုပ်သမားတွေအတွက် ပိုင်ပုံပြိုမယ့်အရေးမဖြစ်အောင် ဘယ်လိုစနစ်တကျပုံမလဲ၊ (ကိုယ့်ဒေသ ပခုက္ကူမှာကတော့ ဒါတွေစဉ်းစား ကြဖုန်မရှိပါဘူး၊ သိုလှောင်ရုံထဲမှာ အထပ်များများ ထပ်နိုင်လေ ပိုပြီးလှောင်နိုင်လေဆိုတော့ အထပ်ပေါင်း (၂၀၊ ၂၅၊ ၃၀) အဆင့်ထပ်ကြပါတယ်။) ယခုခေတ်မှာ ဂုံနီအိတ်ကလည်း သုံးစွဲသူတော်တော်နည်းနေတော့ ပီနံအိတ်များအနေနဲ့က လျှောလွယ်ချော်လွယ်ဆိုတော့ တော်တော်အန္တရာယ် များပါတယ်။ ပိုင်ပုံအနေအထား ပြိုခဲ့မယ်ဆိုရင်တော့ အန္တရာယ် တော်တော်များပါတယ်။

ကုန်သွယ်ရေးခေတ်မှာတုန်းကတော့ ဂုံနီအိတ်ဆိုရင် ၁၅ လုံး၊ ပီနံအိတ်ဆိုရင် ၁၃ လုံးအပြင်ထက်ပိုပြီး မထပ်ရပါဘူး၊ Labour (အလုပ်သမား) အန္တရာယ်ကင်းရှင်းရေးကို ဦးတည်ပါတယ်။ ပြည်တွင်းကုန်တင်ကုန်ချ ဌာနကလည်း တရားဝင် တောင်းဆိုထားတာတွေရှိပါတယ်။ သိုလှောင်ကာလကြာမြင့်ရင် ပိုးသတ်လုပ်ငန်းလုပ်ဆောင်ရပါတယ်။ (ပခုက္ကူ ကုန်သည်ပွဲစားလောကကတော့ ပိုးတားတယ်လို့ခေါ်ပါတယ်) တစ်တန်ကိုဆေးဘယ်လောက်သုံးမှာလဲ ဆိုတာတွေ ထည့်သွင်းစဉ်းစားရမှာပါ၊ မိတ်ဆွေတစ်ယောက်က ပြောဖူးပါတယ်။ ရွာမှာစိုက်ခင်းတွေကို ပိုးသတ် ဆေးဖြန်းတော့ လူငှားရတယ်။ အဲဒီမှာ ဒေသဈေးနှုန်းက တရုတ်ကလာတဲ့ ဆေးဖြန်းပုံးတစ်ပုံးကုန်ရင် ဆေးဖြန်းခငွေ ဘယ်လောက်၊ ဒီတော့ဆေးအငှားဖြန်းတဲ့ လူက ဒီစိုက်ခင်းမှာ လေးပုံး လောက်ဆို လုံလောက်မှန်းသိပေမယ့် သူကအနည်းဆုံး ၁၀ ပုံး၊ ၁၅ ပုံးကုန်အောင်ဖြန်းတယ်၊ ဆေးဖြန်းပုံး အရေအတွက်များများကုန်လေ သူ့အတွက် တွက်ခြေကိုက်လေပေါ့။

ဒါပေမယ့် ဒီနည်းကြောင့် အကျိုးဆက်က ဆေးဖြန်းတဲ့ လူသက်ဆိုး မရှည်ဘူး၊ သူ့အသက် ငယ်ငယ်နဲ့ သက်တမ်းစေ့ မနေရဘဲသေတယ်၊ ရင်ခွဲကြည့်တော့ အသည်းတွေ၊ အဆုပ်တွေ အားလုံးဆန်ကာကျပြီး အပေါက်တွေနဲ့ဖြစ် နေတယ်၊ ဒါကသိသာ ထင်ရှားလွယ်ကူတဲ့ ဥပမာ၊ ဒီလူလိုအပ်တာထက် ပိုသုံးထားတဲ့ စိုက်ခင်းထဲက အသီးအနှံအစေ့အဆံကို စားသုံးရမယ့် လူတွေဘာတွေများဖြစ်နေမလဲ၊ ဖြစ်သွားမလဲဆိုတာ ဆက်စပ်စဉ်းစား ကြည့်ရင် ရင်လေးစရာတွေပါ။ အဆိပ်ဆိုတာ ထိလို့သေတဲ့ ထိသေ အဆိပ်၊ ရှူလို့သေတဲ့ ရှူသေအဆိပ်၊ စားမှသေတဲ့ စားသေအဆိပ် ဆိုတာ အမျိုးမျိုးရှိတာပါ၊ ဒီနေရာမှာ စိုက်ပျိုးထုတ်လုပ်သူ ပါဝင်ဆောင်ရွက်သူအနေနဲ့ Responsibility ဆိုတဲ့ တာဝန်ယူနိုင်မှု၊ တာဝန်ကျေပွန်မှု ဆိုတာပါလာပါပြီ၊ ဘယ်အလုပ်ကိုပဲလုပ်လုပ် နေရာတိုင်းမှာ CSR ဆိုတဲ့ လူမှုနယ်ပယ်မှာ ပေါင်းစည်းဆောင်ရွက် ခြင်းဖြင့် တာဝန်ယူနိုင်မှု၊ တာဝန်ခံနိုင်မှုဆိုတာ ဆက်နွယ်နေပြီဖြစ် ပါတယ်။

CSR ဆိုတာ ပေးကမ်းလှူဒါန်းမှု တစ်ခုတည်းနဲ့ ပြီးပြည့်စုံပြီလို့ ပြောလို့မရတော့ပါဘူးလို့ ပြောရမှာ ဖြစ်ပါတယ်။ နည်းဥပဒေတွေနဲ့အညီ လိုက်နာဆောင်ရွက်ရုံနဲ့တင် ပြည့်စုံလုံလောက်မှုမရှိသေးပါဘူး။ ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းတစ်ခုရဲ့ လုပ်ငန်းတွေအကောင်အထည်ဖော်ဆောင်ရွက်ရာမှတစ်ဆင့် သဘာဝပတ်ဝန်းကျင် သို့မဟုတ် လူမှုဘဝသာယာဝပြောရေးစတာတွေမှာ ထိခိုက်မှုတွေရှိလာရင် အဲဒီထိခိုက်မှုတွေအတွက်ပါ တာဝန်ယူရတဲ့ အသိစိတ်ဓာတ်နဲ့ ဆောင်ရွက်ရတော့မှာ ဖြစ်ပါတယ်။ ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်းတွေရဲ့ အကျိုးစီးပွားတွေက ဒေသခံလူ့အသိုက်အဝန်းကို ထိခိုက်မှုရှိစေတတ်ပါတယ်။ ဒါကြောင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် လူမှုနယ်ပယ်မှာပါ ပေါင်းစည်းဆောင်ရွက်ခြင်းနဲ့ တာဝန်ယူနိုင်မှု၊ တာဝန်ခံနိုင်မှုတွေ ပြည့်စုံရမှာဖြစ်တယ်လို့ ဆိုရမှာ ဖြစ်ပါကြောင်း။

# WTO Negotiations and Empirical Issues သင်တန်းဖွင့်




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ Centre for WTO Studies, India တို့ ပူးပေါင်း၍ WTO Negotiations & Empiral Issues သင်တန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး ပဥ္စမထပ် ညီလာခံခန်းမမှာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့ပါတယ်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ကုန်သွယ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ ဒုတိယသံအမတ်ကြီး Mr. B. Shyam နဲ့ Centre for WTO Studies India မှ Prof-Murali Kallumma တို့က အဖွင့်အမှာစကားများ အသီးသီးမြွက်ကြားခဲ့ပါတယ်။

သင်တန်းကို ဖေဖော်ဝါရီ၁ ရက်မှ ၃ ရက်ထိ ဖွင့်လှစ်ခဲ့ပြီး Introduction to Doha Round of WTO Negotiations, WTO Agriculture Negotiations: NAMA Negotiations Key Issues, Key Issues for LDCs , Issues for Research by Myanmar Negotiating Strategies စတဲ့ ခေါင်းစဉ်များနဲ့ ဆွေးနွေး ပို့ချသွားခဲ့တယ်လို့ သတင်းရရှိပါတယ်။

အိန္ဒိယနိုင်ငံ Centre of WTO Studies ကလည်း ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ အစိုးရအရာရှိများနဲ့ စီးပွားရေးလုပ်ငန်းရှင်များအား ကုန်သွယ်မှုနဲ့ဆက်နွယ်တဲ့ စွမ်းဆောင်ရည်များမြင့်တက်စေရန် သင်တန်းနဲ့ အလုပ်ရုံဆွေးနွေးပွဲများ ပူးပေါင်းကျင်းပပြုလုပ်ပေးလျက်ရှိပါတယ်။

ယခုအခါ မြန်မာနိုင်ငံမှာ စီးပွားရေးကို ပိုမိုဖွင့်လှစ်ပေးလိုက်ပြီဖြစ်ရာ ကုန်သွယ်မှုနဲ့ ဆက်စပ်တဲ့ ဥပဒေများ ပြန်လည်ပြင်ဆင်ရေးဆွဲလျက်ရှိနေပါတယ်။ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေပြီး အပြည်ပြည် ဆိုင်ရာနဲ့ ဒေသဆိုင်ရာ အသိုင်းအဝိုင်းမှာ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဥပဒေ၊ WTO မှ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းနဲ့ အလေ့အကျင့်များ ပိုမိုသိရှိရန် လိုအပ်ပြီး ကိုက်ညီအောင် ဆောင်ရွက်သွားဖို့လည်း လိုအပ်ပါတယ်။ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများနဲ့ ပတ်သက်တဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှား နိုင်ရန်အတွက် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရန်လည်း အရေးကြီးတဲ့ အချိန်ဖြစ်ပါတယ်။

သင်တန်းသားများ အနေနဲ့ သင်တန်းများမှ ရရှိတဲ့ အတွေ့အကြုံ၊ ဗဟုသုတများကို မိမိဌာနများတွင် ပြန်လည် ဆင့်ပွားမျှဝေနိုင်ရေးဆောင်ရွက်ကြရန်လိုအပ်ကြောင်းနဲ့ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများမှာ မြန်မာနိုင်ငံအနေဖြင့် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ရန်၊ လေ့လာဆန်းစစ်မှု အတွေ့အကြုံများ ရရှိကြစေရန် ရည်ရွယ်၍ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိပါတယ်။

သင်တန်းကို ကုန်သွယ်မှုနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနများမှ သင်တန်းသားသင်တန်းသူ ၄၀ ဦး တက်ရောက်ခဲ့ကြတယ် လို့သိရပါတယ်။

MIRT

# ယင်းမာပင်ဒေသခံတို့ ဝင်ငွေကောင်းစေတဲ့ ဂငယ်ရာစေ့



စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ မုံရွာခရိုင်ရှိ သနယ် (စနယ်)မြေ ယာသီးနှံစိုက်ပျိုးတဲ့ မြေများမှာ အလေ့ကျပေါက်ပင်အဖြစ် ပေါက်ရောက်လျက်ရှိတဲ့ ဒေသအခေါ် ဂငယ်ရာ (ခ) ဂျုံးသခေါက်ပင်ဟာ မိုးဦးကျ အချိန်မှစပြီး ယာခင်းအတွင်းနဲ့ ယာစည်းရိုးများမှာပေါက်တဲ့ တစ်နှစ်ခံအပင်အဖြစ် ဆောင်းရာသီအချိန်တွင် အပွင့်အသီးများ သီးလျက်ရှိပါတယ်။

ဂငယ်ရာခေါ် ဂျုံးသခေါက်ပင်များမှ အစေ့များကို ခါယူပြာလှေ့ပြီး အခြောက်ခံနေလှမ်းကာ တစ်တင်းကို ၁၆၀၀၀ ကျပ်ဈေးဖြင့် ရောင်းချရကြောင်း သိရပါတယ်။

ဂျုံးသခေါက်ပင်များဟာ ယခင်က ယာခင်းထဲတွင် ပေါင်းပင်များဖြစ်သော်လည်း ယခုအခါ တရုတ်နိုင်ငံမှ ဝယ်ယူတာကြောင့် အစေ့များကို ခါလှမ်းပြီး ရောင်းရတာကြောင့် အမှိုက်ကရွှေဖြစ်ကာ ဒေသခံများ ဝင်ငွေကောင်းနေပါတယ်။ တစ်ဧကကို ၅ တင်း၊ ၆ တင်းရရှိသဖြင့် စိုက်ပျိုးစရိတ်မကုန်ဘဲ တစ်ဧက ကျပ်တစ်သိန်းဝန်းကျင် ဝင်ငွေရလျက်ရှိနေကြတယ်လို့ သိရပါတယ်။

**သန်းပို-ယင်းမာပင်**

## ➲pmrsufES8-ukefoGfrloifwefausmifu...rSt quf

ဂျပန်နိုင်ငံရှိ ကျွန်မတို့ရဲ့ရုံးချုပ်နဲ့ တိုက်ရိုက်ဆက်သွယ်ပြီး နည်းဗျူဟာများကိုချမှတ်လျက် ရှိပါတယ်။ ဒီသင်တန်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ ဂျပန်ကုမ္ပဏီမှာ လုပ်နေရတဲ့ ကျွန်မအတွက် မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေ၊ ဥပဒေတွေကိုမျက်ခြည်မပြတ် စောင့်ကြည့်ရပါတယ်။ နိုင်ငံရဲ့ စီးပွားရေး Policy တစ်ခုပြောင်းလဲတာနဲ့အညီ ကုမ္ပဏီရဲ့ မူဝါဒ နည်းဗျူဟာတွေဟာလည်း ပြောင်းလဲရပါတယ်။ ဒါကြောင့် သိရှိရန်လိုအပ်တဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဥပဒေများ၊ ကုန်သွယ်ရေး နည်းဥပဒေများ၊ နည်းဗျူဟာများကို လေ့လာသိရှိလိုတဲ့အတွက် တက်ရောက်ရတာ ဖြစ်ပါတယ်။

သင်တန်းတက်ရောက်တဲ့အခါမှာလည်း ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ဆရာမများ ရဲ့ သင်ကြားမှုများ၊ အတွေ့အကြုံများကို နားထောင်ဆွေးနွေးခွင့်တွေ ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေး မူဝါဒများကို အသေး စိတ်သိရှိရသည့် အပြင်စီးပွားရေးသတင်းအချက် အလက်များကို ရယူပုံရယူနည်းများအား သိရှိခဲ့ရတဲ့အတွက် လုပ်ငန်းခွင်မှာ အထောက်အကူ အများကြီးရရှိခဲ့ပါတယ်။

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် The Second Global Exhibition on Services (GES) 2016 ပြပွဲကျင်းပမည်

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန၊ Services Export Promotion Council (SEPC) နှင့် Confederation of Indian Industry (CII) တို့ ပူးပေါင်း၍ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၊ Greater Noida ရှိ India Exposition Mart Limited တွင် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၀ ရက်မှ ၂၃ ရက်အထိ The Second Global Exhibition on Services (GES) - 2016 ကုန်စည်ပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ပြပွဲတွင် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ၊ အသေးစား အလတ်စား ဝန်ဆောင်မှုလုပ်ငန်းများကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ မီဒီယာနှင့်ဖျော်ဖြေမှုဆိုင်ရာများ၊ အဆင့်မြင့်ဝန်ဆောင်မှု များ၊ ခရီးသွားကဏ္ဍ၊ အာကာသ၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများစသည်ဖြင့် ကဏ္ဍစုံလင်စွာပါဝင်ပြသမည် ဖြစ်ပါသည်။ ပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Deputy Director General CII ဖြစ်သူ Ms. Amita Sarkar (email: amita. sarkar@cii.in) နှင့် Director CII ဖြစ်သူ Ms. Anjula Singh Solanky (email: Anjula. solanky@cii.in, ဖုန်းနံပါတ် +91 011 4577 1015) ထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

**၁-၂-၂၀၁၆ မှ ၅-၂-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 246 | 12,342,627.693 |
| 2 | Form D | 40 | 2,833,862.330 |
| 3 | Form E | 88 | 2,248,785.010 |
| 4 | Korea GSP | 8 | 159,099.000 |
| 5 | Form AK | 48 | 3,494,694.356 |
| 6 | Form AJ | 10 | 277,879.780 |
| 7 | Form AI | 70 | 2,919,586.472 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| Grand Total | | 510 | 24,276,534.641 |

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၈–၂–၂၀၁၆)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီ(သစ်)ကို အိန္ဒိယဘက်မှ ဈေးချအဝယ်ရှိနေ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ (RC)သစ်ကို အိန္ဒိယဝယ်လက်က ဈေးချအဝယ်ရှိနေပေမယ့် အရောင်းအဝယ်တော့ ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (RC) က အဖွင့်ဈေးတုန်းက တစ်တန်ကို ၁၅ သိန်းဝန်းကျင် ရခဲ့ပေမယ့် နောက်ပိုင်းမှာ ပဲအဝင်များလာတာရယ် အိန္ဒိယဘက်ကလည်း ဈေးချအဝယ်ရှိတာကြောင့် အခုလိုဈေးကျဆင်းလာကြောင်း သိရပါတယ်။ မတ်ပဲ (သစ်)ဈေးကွက်စဝင်နေပေမယ့် ဝယ်သူဘက်မှ အဝယ်ပါးနေသလို ရောင်းသူဘက်မှလည်း အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××



## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းကြီးကို မန္တလေးဝယ် လိုအားများ၊ ကုလားပဲဖြူလုံးကြီး (သစ်) စတင်ဝင်ရောက်လာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး(ထိပ်စ) ကို မန္တလေးဝယ်လိုအားများခဲ့ကြောင်း ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးဖြင့် အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၅၈၀ ကျပ် (တစ်တန်ကို ၉၆၇၅၇၆ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၂၅၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်) ကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၃၀၀ ကျပ်(တစ်တန်ကို ၁၄၀၈၄၉၇ ကျပ်)ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး (သစ်) အနေဖြင့် ဈေးကွက်သို့ စတင်ဝင်ရောက်လာကာ တစ်ပိဿာကို ၁၅၇၉ ကျပ် (တစ်တန်ကို ၉၆၆၉၆၃ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ မတ်ပဲ(သစ်)တွေ ဆက်လက်ဝင်ရောက်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်)တွေ ဈေးကွက်ထဲ ဆက်လက်ဝင်ရောက်နေသလို ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၂၇၅၀ ကျပ်(တစ်တန်ကို ၁၆၈၄၀၇၂ ကျပ်)ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းသီးနှံကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၄၄၀ ကျပ်ဈေးဖြင့် နေ့စဉ်အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းလက်ကျန်နည်း၊ ပဲစင်းငုံနီ ဈေးကျ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် နည်းနေသလို မန္တလေးဝယ်လက်ကလည်း ဝယ်လိုအား ပါးနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၅၀ ကျပ်(တစ်တန်ကို ၁၁၃၂၉၂၀ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲစင်းငုံနီ(သစ်) အနေဖြင့် ရန်ကုန်ဝယ်လိုအားပါးသွားတာကြောင့် ဈေးအနည်းငယ်ကျလာပေမယ့် အရောင်းအဝယ်တော့ နေ့စဉ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၃၀၀ ကျပ်(တစ်တန်ကို ၁၄၀၈၄၉၇ ကျပ်) ဈေးဖြင့် အိတ် ၆၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီကို ရန်ကုန်အဆွဲပုံမှန်ရှိ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို Export အတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၃၀၅ ကျပ်(တစ်တန်ကို ၁၄၁၁၅၈ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းဖြူ(ထိပ်စ) ကိုတော့ မန္တလေးဝယ်လက်က တစ်ပိဿာကို ၂၂၈၉ ကျပ်ဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့် ပုံမှန်အဝယ်ရှိခဲ့သလို နှမ်းနီ (ပုံမှန်) ထိပ်စကိုလည်း မန္တလေးဝယ်လက်နှင့်လှောင်လက်များက တစ်ပိဿာကို ၁၉၅၆ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ ပဲလွန်းဖြူ(သစ်) နှင့် ပဲလွန်းနီ (သစ်) ဆက်လက်ဝင်ရောက်

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် ပဲလွန်းဖြူ (သစ်) တွေ ဆက်လက်ဝင်ရောက်နေသလို ဝယ်လက်တွေကလည်း တစ်ပိဿာကို ၁၃၁၀ ကျပ် (တစ်တန်ကို ၈၀၂၂၃၀ ကျပ်) ဈေးပေးပြီး အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းနီ (သစ်) ကိုလည်း တစ်ပိဿာ ၁၄၂၅ ကျပ် (တစ်တန်ကို ၈၇၂၆၅၅ ကျပ်) ဈေးဖြင့်ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပဲပုပ်ကိုလည်း ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၄၄၀ ကျပ် (တစ်တန်ကို ၅၇၅၆၄၆ ကျပ်)ဈေးဖြင့် ပုံမှန်အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက် ပဲတီစိမ်းနှင့်ပဲစင်းငုံနီ ပုံမှန် အရောင်း အဝယ်ဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး (ထိပ်စ)ကို တရုတ်အတွက် အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ပဲရဲ့ အရည်အသွေးအပေါ် မူတည်ပြီး တစ်ပိဿာကို ၁၈၅၀ကျပ် (တစ်တန်ကို ၁၁၃၂၉၂၀ ကျပ်)ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ဒ့ါအပြင် ပဲစင်းငုံနီ (သစ်) ကိုလည်း ရန်ကုန်ဝယ်လက်က ဈေးချအဝယ်ရှိတာကြောင့် ဈေးကျလာပြီး တစ်ပိဿာကို ၂၂၉၅ ကျပ် (တစ်တန်ကို ၁၄၀၅၄၃၅ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲမျိုးစုံပုံမှန် အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (သစ်) တွေ ဈေးကွက်ထဲ ဆက်လက်ဝင်ရောက်နေသလို ပဲခွဲစက်များကလည်း အရည်အသွေးပေါ် မူတည်ပြီး တစ်ပိဿာကို ၂၅၇၀ ကျပ် (တစ်တန်ကို ၁၅၇၃၈၄၂ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး (ထိပ်စ) ကို မန္တလေးဝယ်လက်က တစ်ပိဿာကို ၁၇၈၉ ကျပ် (တစ်တန်ကို ၁၀၉၅၅၆၅ ကျပ်) ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်းသိရပါတယ်။ ပဲစင်းငုံနီ (သစ်) အနေဖြင့် ဈေးကွက်သို့ အဝင်များလာပေမယ့် ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးလျှော့အဝယ်ရှိတာကြောင့် ဈေးအနည်းငယ်ကျလာကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၂၆၀ ကျပ် (တစ်တန်ကို ၁၃၈၄၀၀၁ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီ အရောင်းအဝယ်ပါး၊ မတ်ပဲ (သစ်) ကို ပဲခွဲစက်နှင့် ရန်ကုန်ဝယ်လိုအား ပုံမှန်ရှိနေ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီပုံမှန်ဝင်ရောက်နေပေမယ့် Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က အဝယ်ပြန်ပါးသွားကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၂၈၀ ကျပ် (တစ်တန်ကို ၁၃၉၆၂၄၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ (သစ်) တချို့ဈေးကွက်ထဲ ဝင်ရောက်လာသလို မြို့ခံပဲခွဲစက်နှင့် ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၂၆၀၀ ကျပ် (တစ်တန်ကို ၁၅၉၂၂၁၄ ကျပ်)ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးအနေဖြင့် အဓိကဝယ်ယူနေတဲ့ တရုတ်ဝယ်လက်က ပဲရဲ့အရည်အသွေးလိုနေတာကို အကြောင်းပြပြီး စိစစ်ဝယ်ယူမှုတွေ ရှိတာကြောင့် တစ်ပိဿာကို ၁၈၈၀ ကျပ် (တစ်တန်ကို ၁၁၅၁၂၉၃ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး (သစ်) က ဈေးကွက်သို့ စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၁၅၇၀ ကျပ်(တစ်တန်ကို ၉၆၁၄၅၂ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းနှင့် ပဲစင်းငုံနီ(သစ်) အရောင်းအဝယ်ဖြစ်

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအဝင်ပုံမှန်ရှိသလို ရန်ကုန်-မန္တလေး၊ မူဆယ်ဝယ်လက်ကလည်း တစ်ပိဿာကို ၄၅၀ ကျပ်ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်းသိရပါတယ်။ ဒေသထွက် ပဲစင်းငုံနီ (သစ်) ကို ရန်ကုန်ဝယ်လက် က တစ်ပိဿာကို ၂၀၀၀ ကျပ် (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်) ဈေးဖြင့် အဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းသီးနှံကို တရုတ်အဝယ်သွက်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို တရုတ်ဝယ်လက်က အဝင်ရှိသလောက် ဝယ်လိုအားများခဲ့ ကြောင်း သိရပါတယ်။ ပြောင်းသီးနှံက ယခင်တစ်ပတ်ထက် အဝင်လျော့သွားပေမယ့် တရုတ်ဘက်က ဝယ်လိုအားကတော့ လျော့မသွားကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၂၀ ကျပ် ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ကိုးသိန်းခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင် ပုံမှန်ရှိသလို တရုတ်ဘက်လည်း ဝယ်လိုအားပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအဝင်ပုံမှန်ရှိသလို တရုတ်ဘက်လည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ တရုတ်နှစ်ကူးကလည်း နီးလာသလို တရုတ်ဘက်က ပြောင်းအဆွဲများခဲ့သလို ရောင်းသူဘက်လည်း အဆိုပါဈေးဖြင့် အရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို ၇၈ ယွမ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# နိုင်ငံရပ်ခြားတွင် သွားရောက်ပညာသင်ကြားလိုသည့် ကျောင်းသားကျောင်းသူများအတွက် AEC English Centre ကို ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်

နိုင်ငံရပ်ခြားတွင် သွားရောက် ပညာသင်ကြားလိုသည့် ကျောင်းသား ကျောင်းသူများအတွက် သင်ယူမှုကို အထောက်အကူဖြစ်စေမည့် အင်္ဂလိပ် စာသင်ကြားရေး အထောက်အကူပြု စင်တာတစ်ခုဖြစ်သည့် AEC English Centre ကို ရန်ကုန်မြို့တွင် စတင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။




ထို့ပြင် အဆိုပါ AEC English Centre ကို ဆစ်ဒနီနည်းပညာ တက္ကသိုလ် (UTS) မှ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ထောက်ပံ့မှုပေးသည့် UTS: INSEARCH နှင့် ပူးတွဲဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

သင်ကြားရေးနှင့် သင်ယူမှုဆိုင်ရာ ဒါရိုက်တာ Ms Theresa Mattingly ဦးစီးသော အဆိုပါ AEC English Centre ကို ရန်ကုန်မြို့ရှိ စီးပွားရေးလုပ်ငန်းအချက်အခြာကျသော နေရာတစ်နေရာဖြစ်သည့် အောင်ဆန်းကွင်း မြောက်ဘက်တန်းတွင် ဖွင့်လှစ်ထားကြောင်း သိရသည်။

“ AEC English Centre မှာ ဆိုရင် စာသင်ကောင်းပြီးတော့ အရည်အချင်းရှိတဲ့၊ အတွေ့အကြုံရှိတဲ့ ဆရာ၊ ဆရာမတွေ ရှိပါတယ်။ ပြီးတော့ သင်ရိုးအားလုံးကိုလည်း ဒီဂျစ်တယ်စနစ်နဲ့ ပြုလုပ်ထားပါတယ်။ ဒါ့အပြင် နိုင်ငံတကာ တက္ကသိုလ်များနဲ့ခိုင်မာတဲ့ချိတ်ဆက်မှုတွေ ရှိထားတဲ့အတွက် မြန်မာကျောင်းသားများအတွက် ကမ္ဘာ့အဆင့်မီပညာရေးကို ပြည်ပမှာ တိုက်ရိုက်ပညာသင်ယူခွင့်ရရှိစေမယ့် နည်းလမ်းတစ်ခုပဲဖြစ်ပါတယ်”ဟု Ms Theresa Mattingly က ပြောကြားခဲ့သည်။

AEC English Centre သည် မြန်မာနိုင်ငံတွင် UTS:INSEARCH မှ သင်ရိုးညွှန်းတမ်းကို အသုံးပြုပြီး သင်ကြားသည့် တစ်ခုတည်းသော စင်တာဖြစ်ကြောင်း သိရသည်။ အဆိုပါသင်ရိုးညွှန်းတမ်းကို ဘွဲ့လွန်ရရှိထားသူများနှင့် ကင်းဘရစ်တက္ကသိုလ်မှ အသိအမှတ်ပြုထားသော ဆရာများက ပြုစုထုတ်လုပ်ထားခြင်းဖြစ်ပြီး ယင်းသင်ရိုးညွှန်းတမ်းအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇သန်း ရင်းနှီးမြှုပ်နှံထားခဲ့ကြောင်း သိရသည်။

“ AEC English Centre က အသုံးပြုတဲ့ သင်ရိုးညွှန်းတမ်းကို နိုင်ငံခြားတက္ကသိုလ် ပညာသင်ယူလိုတဲ့သူဒါမှမဟုတ် အလုပ်အကိုင်သွားရောက်လုပ်ကိုင်ချင်တဲ့ ရည်မှန်းချက်ကြီးမားတဲ့ ကျောင်းသားတွေအတွက် ဖန်တီးထားတာဖြစ်ပါတယ်”ဟု အုပ်ချုပ်မှုဒါရိုက်တာ Mr Alex Murphy က ပြောကြားခဲ့သည်။

AEC English Centre တွင် သင်ကြားပို့ချသည့် သင်ခန်းစာများသည် နိုင်ငံခြားတက္ကသိုလ်များတွင် သင်ကြား၊ သင်ယူရသည့် ပုံစံမျိုးဖြစ်သည့်အတွက် ကျောင်းသားများသည် ၎င်းတို့အတွက် မရှိမဖြစ်လိုအပ်သည့် ကျွမ်းကျင်မှုများဖြစ်သည့် တင်ပြပုံနည်းလမ်းများ၊ ကိုယ်တိုင်ဖြေ အဖြေလွှာတင်သွင်းခြင်းနှင့် စာမေးပွဲဖြေဆိုသည့် နည်းလမ်းများနှင့် နိုင်ငံခြားတွင် နေထိုင်ပြီး အလုပ်လုပ်ကိုင်တတ်စေခြင်းအစရှိသည့် ကျွမ်းကျင်မှုတို့ကို တိုးတက်လာစေမည်ဖြစ်သည်။

AEC English Centre တွင် တက်ရောက်လိုပါက ဖုန်းနံပါတ် ၀၁-၃၉၄၇၆၂၊ ၀၉၇၈၅၅၁၇၈၅၅၊ ၀၉၇၈၅၅၂၇၈၅၅ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# မြန်မာနိုင်ငံတွင်းရှိ စမတ်ဖုန်းသုံးစွဲသူများအား ပိုမိုစနစ်ကျလုံခြုံစွာနှင့် အကျိုးရှိစွာကိုင်တွယ်အသုံးပြုတတ်စေရန် MPT က MPT Mobile Seminar များ ပြုလုပ်ပေးမည်

မြန်မာနိုင်ငံတွင်းရှိစမတ်ဖုန်းသုံးစွဲသူများအား ပိုမိုစနစ်ကျလုံခြုံစွာနှင့် အကျိုးရှိစွာ ကိုင်တွယ်အသုံးပြုတတ်စေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT) က မိုဘိုင်းဆွေးနွေးနှီးနှောပွဲ (MPT Mobile Seminar) များကို မြန်မာနိုင်ငံအတွင်းရှိမြို့နယ်ပေါင်း ၂၈ မြို့နယ်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲများကို ဖေဖော်ဝါရီ ၈ ရက်မှ မတ် ၉ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲများကို မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့်စက်မှုဇုန်များတွင် ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအား လူနေမှုပုံစံတိုးတက်လာစေရေးအတွက် လုပ်ဆောင်ပေးမည့်မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၏ ရည်မှန်းချက်နှင့်အညီ MPT ၏တာဝန်ရှိသူများက ဖုန်းများကို လုံခြုံစွာ၊ အကျိုးရှိစွာနှင့် စနစ်ကျနစွာ အသုံးပြုတတ်စေရန်အတွက် အဆိုပါ ဆွေးနွေးပွဲများတွင် ဆွေးနွေးပြောကြား ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲများ အတွင်းတွင် MPT မှ စမတ်ဖုန်းများ၏ အသုံးဝင်ပုံများ၊ မသင့်လျော်သော အသုံးပြုပုံများကြောင့်ဖြစ်ပေါ်လာတတ်သည့်ပြဿနာရပ်များ၊ MPT ၏ ဝန်ဆောင်မှုများအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဖုန်းအတွင်း မိုဘိုင်း အင်တာနက်အသုံးပြုရာတွင် ဒေတာ (Data) အသုံးပြုမှုကို သုံးစွဲသူကိုယ်တိုင်မည်သို့ ထိန်းချုပ်နိုင်ခြင်းနှင့်မည်သည့်အရာများကို ရှောင်ရှားသုံးစွဲသင့်ကြောင်း စသည့်ပညာပေးဆွေးနွေးခြင်းများကိုလည်း ပြုလုပ်ပေးမည်ဖြစ်သည်။

MPT-KSGM Joint Operation ၏ Chief Commercial Officer ဖြစ်သူ Mr. Koichi Lawase က “ဒီနှစ်ပိုင်းအတွင်းမှာ စမတ်ဖုန်းသုံးစွဲမှုတွေ မြင့်တက်လာတာကို ကျွန်တော်တို့ သတိပြုမိပါတယ်။ဒါပေမယ့် အင်တာနက်လုံခြုံရေးဆိုင်ရာ နည်းပညာအကြောင်း၊ ဆိုက်ဘာနည်းပညာကို မသင့်မလျော် အသုံးချခံနေရမှုအကြောင်းကိုမျှဝေပေးတဲ့ အပိုင်းမှာကျတော့ အရှိန်အဟုန် မြင့်လာတာကို မတွေ့ရဘူး။ ဒါကြောင့်လည်း မိုဘိုင်းဖုန်းသုံးစွဲသူတွေအားလုံးကို ဖုန်းတွေဘယ်လိုမျိုး သေသေချာချာ ကိုင်တွယ်ရမယ်ဆိုတာတွေ၊ အင်တာနက်လုံခြုံရေးအကြောင်းတွေ၊ ကျွန် တော်တို့ပေးနေတဲ့ ဝန်ဆောင်မှုအကြောင်းတွေအကြောင်း အသေးစိတ်ကအစ သေသေချာချာသိနိုင်အောင် ပညာပေးဆွေးနွေးမှုတွေ ပြုလုပ်ပေးရင်း သုံးစွဲသူတွေ ပိုမိုအသိပညာကျယ်ပြန့်လာအောင် လုပ်ပေးချင်တာပါ”ဟု ပြောကြားခဲ့သည်။

ထို့ပြင် ၂၀၁၆ခုနှစ် ဧပြီလမှ စတင်ကာ မြန်မာနိုင်ငံတစ်ဝန်းရှိ MPT brand Shops များ ဖွင့်လှစ်ထားသည့် နေရာများတွင် မိုဘိုင်းဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၈ ရက်မှ မတ်၉ ရက်အတွင်းကျင်းပမည့်နေရာများမှာ ဧရာဝတီတိုင်းဒေသကြီးတွင် မအူပင်၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ညောင်တုန်း၊ပုသိမ်၊ ငပုတော၊လပွတ္တာ၊ မြောင်းမြ၊ ဝါးခယ်မ၊ ရေကြည်၊ ကျုံပျော်၊ အင်္ဂပူ၊ ကြံခင်းနှင့် ဟင်္သာတမြို့နယ်တို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် အောင်မြေသာဇံ၊ ချမ်းအေးသာဇံ၊ ပြည်ကြီးတံခွန်၊ မဟာအောင်မြေ၊ ပုသိမ် ကြီး၊ ချမ်းမြသာစည်၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မြင်းခြံ၊ ပခုက္ကူ၊ ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်တို့ ပါဝင်မည်ဖြစ်ကြောင်း MPT ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**မယ်သီတာ**

# မြန်မာ့အွန်လိုင်းအိမ်ခြံမြေဈေးကွက်အတွင်း တိုက်ခန်းအငှားများ ပြန်လည်မြင့်တက်လာ

မြန်မာပြည်တွင်း အိမ်ခြံမြေဈေးကွက်မှာ ၂၀၁၆ ခုနှစ် နှစ်ဦးပိုင်း၌ အရောင်းဈေးကွက်ပိုင်းတွင် အေးနေသော်လည်း မြို့တွင်းတိုက်ခန်းများ ငှားရမ်းမှုမှာ ဆက်လက်မြင့်တက်နေကြောင်း သိရှိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်တိုင်း ဒေသကြီးမှ ဦးစီးသည့် တန်ဖိုးနည်းတိုက်ခန်းများငှားရမ်းမှုကိုလည်း ယခု နှစ်အစောပိုင်းတွင် စတင်လာကြောင်းကို တွေ့ ရှိရသည်။

“လက်ရှိမြန်မာပြည်ရဲ့အွန်လိုင်း အိမ်ခြံမြေဈေးကွက်မှာဆိုရင် အိမ်ခြံမြေအငှားတွေ အရမ်းမြင့်တက်နေတာကို တွေ့ရှိရပါတယ်။ လသာ၊ စမ်းချောင်း နဲ့ ကမာရွတ်မြို့နယ်အတွင်းမှာလူနေထူထပ် သလို တိုက်ခန်းငှားရမ်းမှုတွေကလည်း တခြားနေရာတွေထက် မြင့်တက်နေပါတယ်။ မြန်မာပြည်တွင်း နိုင်ငံခြားသား တွေ မြန်မာနိုင်ငံအတွင်းဝင်ရောက် အလုပ်လုပ်လာတဲ့အချိန်မှာကွန်ဒိုတွေလိုပဲ တိုက်ခန်းတွေကိုလည်း ပြင်ဆင်အငှားချလာတာကို တွေ့မြင်လာရပါတယ်။ ဒီလိုပြောင်းလဲပြင်ဆင်အငှားချမှုဟာ စမ်းချောင်းနှင့် ကမာရွတ်မြို့ နယ်မှာ ပိုမိုများပြားလာတာကို တွေ့ ရှိရပါတယ်။ လက်ရှိ ကျွန်တော်တို့ ဝက်ဘ်ဆိုက်ရဲ့ အိမ်ခြံမြေကဏ္ဍမှာဆိုရင် တိုက် ခန်းငှားယူလိုတဲ့သူတွေ ပိုမိုများပြား လာတာကိုလည်းတွေ့ရှိရပါတယ်။ အခန်းအငှားကဏ္ဍမှာ တိုက်ခန်းပေါင်း ၂၄၀၆ ကျော်ရှိပြီး၊ အိမ်ရာပေါင်း ၁၅၆၅ခု၊ မြေယာနှင့်ဥယျာဉ်ခြံမြေ ၁၄၇၈ ခုနှင့်ရုံးခန်းအငှား ၅၁ ခန်းကို စိတ်ကြိုက်ရှာဖွေ ဝယ်ယူနိုင်ပါတယ်” ဟု www.ads.com.mm ၏ Head of Public Relations ဖြစ်သူ Mr .Elijah Htang က ပြောသည်။

“ဒီနှစ်ပိုင်းအစမှာဆို တန်ဖိုးနည်း အိမ်ရာတွေလည်း ပေါလာတယ်။ မြို့စွန်ဘက်ကတိုက်ခန်းတွေဆိုလည်း အရောင်းသွက်လာတာကိုတွေ့ ရှိရပါတယ်။ မြို့တွင်းနဲ့ စမ်းချောင်းဘက်မှာဆိုရင် အငှားတွေက အရမ်းမြင့်နေတယ်။ ဈေးတွေတော့ တက်မလာဘဲ ပုံမှန်ငှားရမ်းနေတဲ့ ဈေးတွေနှင့် ငှားရမ်းမှုတွေပဲရှိပါတယ်။ တချို့တိုက်ခန်းအငှားတွေက နိုင်ငံခြားသားတွေကို၊ ဦးတည်တဲ့အတွက် အဲယားကွန်း၊ ရေခဲသေတ္တာတွေထည့်သွင်းပြီးဈေးကို မြှင့်တင်လာတာကိုလည်း တွေ့ရှိရပါတယ်။ လက်ရှိအငှားဈေးကွက်ကတော့ မြို့ပြင်ဘက်မှာ ပိုအလုပ်ဖြစ်တာကို တွေ့ရှိရပါတယ်။ ကျွန်မတို့ အိမ်ခြံမြေငှားရမ်းသူများ Group မှာဆိုရင်လည်း တိုက်ခန်း အငှားကို ပိုမိုလိုအပ်လာတာတွေ့ရပါတယ်။ လက်ရှိရန်ကုန်တိုင်းဒေသကြီး အစိုးရက စီစဉ်ပေးတဲ့ အိမ်ခြံမြေဟာလည်း ဝန်ထမ်းတွေအတွက် အရမ်း စိတ်ဝင်စားဖို့ကောင်းတဲ့ ကဏ္ဍတစ်ခု ဖြစ်လာခဲ့ပါတယ်”ဟု အွန်လိုင်းအိမ်ခြံ မြေလုပ်ကိုင်သူများအဖွဲ့မှ ဒေါ်ဥမ္မာမြင့် က ပြောသည်။

ပြောင်းလဲတိုးတက်လာသော မြန်မာနိုင်ငံ၏ အွန်လိုင်းဈေးကွက်အတွင်း ၂၀၁၄နှင့် ၂၀၁၅ ခုနှစ်တွင် အိမ်ခြံမြေဈေးကွက်သည် လူကြိုက်အများဆုံး ဈေးကွက်တစ်ခုဖြစ်ကာ ၂၀၁၅ နှောင်းပိုင်းတွင် အနည်းငယ်တည်ငြိမ်သွားသော်လည်း အငှားဈေးကွက်မှာ ဆက်လက်မြင့်တက်နေကြောင်း တွေ့ရှိရသည်။

**မယ်သီတာ**

# ဘဏ္ဍာနှစ်စမှ ဇန်နဝါရီ ၂၉ ရက်ထိကုန်သွယ်မှုလိုငွေဆက်လက်ပြဆဲ

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဇန်နဝါရီလ ၂၉ ရက်အထိ ပို့ကုန်တင်ပို့မှုမှာ ကန်ဒေါ်လာ ၈၇၆၈ ဒသမ ၉၇၂ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ ကန်ဒေါ်လာ ၁၃၆၇၀ ဒသမ ၄၃၆ သန်းဖြစ်သဖြင့် ကုန်သွယ်မှု လိုငွေ ကန်ဒေါ်လာ ၄၉၀၁ ဒသမ ၄၆၄ သန်းပြလျက်ရှိပါတယ်။ ဘဏ္ဍာနှစ်စမှ ယခင် တစ်ပတ် ဇန်နဝါရီလ ၂၁ ရက်ထိမှာ ကုန်သွယ်မှုလိုငွေ သန်း ၄၈၆၀ ကျော်ပြခဲ့ရာ ယခုတစ်ပတ်ထိ လိုငွေ ဆက်လက်ပြနေဆဲဖြစ် ပါတယ်။ဇန်နဝါရီလ ၂၃ ရက်မှ ၂၉ ရက်ထိ ရက်သတ္တပတ်မှာလည်း သွင်းကုန်အသာစီးရရှိမှုက ကန်ဒေါ်လာ သန်း ၃၀ ကျော်ဖြစ်ခဲ့ပြီး ထိုသို့ ဖြစ်ရခြင်းမှာ နှမ်းနဲ့ချုပ်ပြီးအထည်လျော့နည်း တင်ပို့ခဲ့တဲ့အတွက်လို့ သိရပါတယ်။

ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက အုပ်စုအလိုက် လယ်ယာထွက်ကုန်တင်ပို့မှုတွင် လယ်ယာ ထွက်ကုန်၊ သတ္တုတွင်းထွက်၊ စက်မှုကုန်ချောနဲ့ အခြားပို့ကုန်ပစ္စည်းများ တင်ပို့မှုလျော့ခဲ့တဲ့အတွက် ကာလတူထက် ပို့ကုန် ကန်ဒေါ်လာ ၁၀၃၂ သန်းခန့် လျော့နည်းခဲ့ရပါတယ်။ထိုကဲ့သို့လျော့နည်းရခြင်းမှာ ကာလတူထက် နယ်စပ်ကုန်သွယ်မှုနည်းလမ်းနဲ့ တင်ပို့မှုမှာ ကန်ဒေါ်လာ ၁၇၅ သန်းပိုမိုသော်လည်း ပင်လယ်ရေကြောင်း တင်ပို့မှုမှာ ကန်ဒေါ်လာ ၁၂၀၇ သန်းကျော် လျော့နည်းခဲ့တဲ့အတွက်ဖြစ်ပါတယ်။

သွင်းကုန်ပိုင်းတွင် ပင်လယ်ရေကြောင်းမှတင်သွင်းမှု ကန်ဒေါ်လာ ၁၁၇ သန်းကျော်လျော့နည်းခဲ့သော်လည်း နယ်စပ်ကုန်သွယ်မှုမှ ၂၇၉ သန်းကျော်ပိုမိုဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကန်ဒေါ်လာ ၁၆၂ သန်းကျော်ပိုမိုခဲ့ပါတယ်။

**MIRT**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလတွင် ရေထွက်ကုန် အများဆုံးတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ကန်ဒေါ်လာ သုည ဒသမ ၃၁၈ သန်း တန်ဖိုးရှိ ရေထွက်ကုန်ပစ္စည်းဖြစ်တဲ့ ရေချိုငါး (ငါးမြစ်ချင်း) တန်ချိန် ၃၂၀ ကျော် အများဆုံးတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ယခင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက တန်ချိန် ၁၅၀ ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၁၅၇ သန်းဖိုး တင်ပို့နိုင်ခဲ့လို့ ယခုလမှာတော့ ကန်ဒေါ်လာ သုည ဒသမ ၁၆၁ သန်းဖိုး ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ရေထွက်ကုန်ပစ္စည်းအပြင် ကန်ဒေါ်လာ သုည ဒသမ ၁၈၅ သန်းဖိုးရှိ စက်မှုကုန်ချော တန်ချိန် ၁၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ စက်မှုကုန်ချောပစ္စည်းများကတော့ ဆီးယိုထုတ် ၁၈၅ တန်နဲ့ လူကြီးစီးဖိနပ် ၁၆၀၀ ရံတို့ဖြစ်ပြီး လယ်ယာထွက်ပစ္စည်းတန် ၂၅၀ ကျော်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၀၄၄ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကတော့ မန်ကျည်းစေ့ ၁၂၂ တန်၊ ဆီးဖတ် ၁၂၂ တန်၊ ချင်းအစို ၁၀ တန်၊ စမုံနက် ၂ တန်နဲ့ ဇီယာစေ့ (အနက်) ၁ တန်တို့ဖြစ်ပြီး၊ သစ်တောထွက်ပစ္စည်းဖြစ်တဲ့ ကြိမ်ငါးတန်တို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

# လယ်ယာထွက်ကုန် ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ နှမ်းများ ကာလတူထက်လျော့နည်းတင်ပို့

ယခုဘဏ္ဍာနှစ် ပထမ ၁၀ လတာကာလမှာ ပြည်ပသို့ ဆန်နဲ့ဆန်ကွဲအုပ်စု တင်ပို့မှုက တန်ချိန်အားဖြင့် ၁၄၆၃၇၃ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၆၅ သန်းကျော်၊ပြောင်းတင်ပို့မှုက တန်ချိန်အားဖြင့် ၁၁၂၆၇၇ တန်၊တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၆၄ သန်းဖိုးလျော့နည်းတင်ပို့ခဲ့ပါတယ်။နှမ်းတင်ပို့မှုမှာတော ပမာဏအားဖြင့် ကာလတူထက် ၈၁၁၄ တန်ပိုမိုတင်ပို့ခဲ့သော်လည်း တန်ဖိုးအားဖြင့် ကန်ဒေါ်လာသန်း ၄၀ ကျော် လျော့နည်းရရှိခဲ့တယ်လို့ သိရပါတယ်။ဆန်၊ဆန်ကွဲ အုပ်စုမှာ ဆန်တင်ပို့မှုလျော့ကျခဲ့သော်လည်း ဆန်ကွဲတင်ပို့မှုက ကာလတူထက် ပိုမိုခဲ့ပါတယ်။

(တန်ဖိုး - ကန်ဒေါ်လာသန်းပေါင်း)

| ပစ္စည်းအမည် | တန်ဖိုး | တန်ချိန် | ခြားနားချက် | |
|---|---|---|---|---|
| | | | တန်ဖိုး | တန်ချိန် |
| ဆန် | ၃၅၅. ၉၃၂ | ၉၇၄၆၂၈. ၃၃၃ | -၇၃. ၆၁၂ | -၁၇၅၃၀၃ |
| ဆန်ကွဲ | ၉၈. ၈၆၉ | ၃၁၉၆၇၃. ၃၃၃ | + ၈. ၀၇၄ | - ၂၈၉၂၉ |
| ပြောင်း | ၂၆၃. ၈၉၄ | ၁၀၁၀၂၂၂. ၂၄၅ | -၆၄. ၀၆၅ | - ၁၁၂၆၇၇ |
| နှမ်း | ၁၁၆. ၆၃၀ | ၈၅၈၀၇. ၂၀၁ | -၄၀. ၃၂၂ | +၈၁၁၄ |

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ဆန်နဲ့ဆန်ကွဲ တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၆၆၀ ကျော်၊ပြောင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၉၉ သန်းကျော်နဲ့ နှမ်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၈၂ သန်းနီးပါးရရှိခဲ့ပြီး ပမာဏအားဖြင့် ၁၈ သိန်း၊ ၁၃ သိန်းနဲ့ ၉ သိန်းကျော် အသီးသီး တင်ပို့နိုင်ခဲ့ပါတယ်။

**MIRT**

# ရင်နှီးမြှုပ်နှံမှုနဲ့ လုပ်ငန်းသုံးကုန်ပစ္စည်းများ ကန်ဒေါ်လာ ၁၆၂ သန်းကျော်ပိုမိုတင်သွင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဇန်နဝါရီလ ၂၉ ရက်အထိ ပြည်ပသွင်းကုန် ကန်ဒေါ်လာ ၁၃၆၇၀ သန်း ကျော်ဆောင်ရွက်နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၁၆၂ သန်းကျော် ပိုမိုတင်သွင်းနိုင်ခဲ့ပါတယ်။ အစိုးရပိုင်းမှာ ကန်ဒေါ်လာ ၃၅ သန်းကျော် လျော့နည်းခဲ့ပြီး ပုဂ္ဂလိကပိုင်းဆောင်ရွက်မှုက ကန်ဒေါ်လာ ၁၉၈ သန်းခန့် ပိုမိုတင်သွင်းနိုင်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများဖြစ်တဲ့ သင်္ဘောနဲ့ သင်္ဘောအပိုပစ္စည်း ကန်ဒေါ်လာသန်း ၁၀၀၀ ကျော်၊ တယ်လီဖုန်းနဲ့ ဆက်သွယ်ရေးကိရိယာများ ကန်ဒေါ်လာ သန်း ၃၇၀ ကျော်၊ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးနဲ့ တပ်ဆင်ရေးပစ္စည်းများ ကန်ဒေါ်လာ ၇၃ သန်းကျော်၊ လေယာဉ်နဲ့ လေယာဉ် အပိုပစ္စည်း ကန်ဒေါ်လာ ၇၁ သန်းဝန်းကျင် တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ ကန်ဒေါ်လာ သန်း ၃၀ ကျော် ကာလတူထက် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ သံနဲ့သံမဏိပစ္စည်း ကန်ဒေါ်လာ ၇၅ သန်းခန့် ၊ လုပ်ငန်းသုံးသီးနှံဆီ ကန်ဒေါ်လာ ၁၈ သန်းကျော်၊ အခြားစက္ကူများ ကန်ဒေါ်လာ ၁၈ သန်းခန့်၊ ဓာတုဗေဒ ပစ္စည်းများ ကန်ဒေါ်လာ ၁၇ သန်းခန့်နဲ့ ကုန်ထုတ်စက္ကူ ကန်ဒေါ်လာ ၈ သန်းကျော်ကာလတူထက် ပိုမို တင်သွင်းနိုင်ခဲ့တယ်လို့ ကုန်သွယ်မှုကိန်းဂဏန်းများအရ သိရှိရပါတယ်။

**MIRT**

# မောင်တောစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးခြောက်များတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇန်နဝါရီလ ၂၃ ရက်မှ ၂၉ ရက်ထိ သီတင်းပတ်အတွင်း ဒေါ်လာ ၉၀၉၅၉ တန်ဖိုးရှိ ငါးစုံလေးခြောက် ၉၅၅၆၅ ကီလို၊ ငါးကုန်ညိုခြောက် ၃၀၀၀၀ ကီလို၊ ငါးနီတူခြောက် ၂၀၀၀၀ ကီလိုတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ အမေရိကန်ဒေါ်လာ ၅၇၄၆ ဖိုးပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုနှစ်ပွင့်လင်းရာသီတွင် မောင်တောနယ်စပ်မှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကရေထွက်ပစ္စည်းအုပ်စုဖြစ်တဲ့ ငါးစုံလေးခြောက်၊ ငါးကုန်ညိုခြောက်နှင့် ငါးနီတူခြောက်တို့တင်ပို့ရတဲ့ ပမာဏများပြီး ဈေးကောင်းရနေကြောင်း ငါးခြောက်တင်ပို့သူ ကုန်သည်များထံမှ သိရပါတယ်။

**မြင့်မြင့်မာ**

# မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးဆံ ၄၀၀ ကီလိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ ၂၃ ရက်မှ ၂၉ ရက်ထိကာလအတွင်း ကန်ဒေါ်လာ ၂၀၀၀ တန်ဖိုးရှိဆီးဆံ ၄၀၀ ကီလိုကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၁၈၀၀၀ တန်ဖိုးရှိ ဆီးဆံ ၃၀၆၀၀ ကီလိုတင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ ၃၀၂၀၀ ကီလို လျော့နည်းတင်ပို့ခဲ့ပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ယခုသီတင်းပတ်မှာ ဆီးဆံတင်ပို့မှု မရှိသော်လည်း ဆီးဖတ် ၂၁ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၂၄၁၃ ဖိုး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

# မော်တော်ယာဉ်နဲ့ မော်တော်ယာဉ်ပစ္စည်းတင်သွင်းမှု ယမန်နှစ်ကာလတူထက်လျော့နည်း

ယခုဘဏ္ဍာနှစ် ပထမ ၁၀ လတာကာလမှာ ကန်ဒေါ်လာ ၁၅၆၁ သန်းကျော်တန်ဖိုးရှိ လူစီးယာဉ် ၆၁၀၈၄ စီး၊ ဘတ်စ်ကား ၄၉၁၁ စီး ၊ ထရပ်ကား ၄၆၉၆၉ စီးနဲ့ ယန္တရား ၆၆၉၅ စီးတင်သွင်းမှုရှိခဲ့ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက လူစီးယာဉ် ၃၃၁၈၉ စီး၊ ဘတ်စ်ကား ၁၁၀၆ စီး၊ ထရပ်ကား ၁၄၈၈ စီး လျော့နည်းတင်သွင်းခဲ့ပြီး ယန္တရားတင်သွင်းမှုကတော့ ၃၆၄၇ စီး ပိုမိုခဲ့ပါတယ်။ တန်ဖိုးအားဖြင့်တော့ လူစီးယာဉ်နဲ့ ယာဉ်အပိုပစ္စည်းတင်သွင်းမှုက လျော့နည်းခဲ့တဲ့အတွက် ဘတ်စ်၊ ထရပ်နဲ့ ယန္တရားတင်သွင်းမှုတန်ဖိုးများက ပိုမို ခဲ့သော်လည်း အုပ်စုတစ်ခုလုံးအနေနဲ့ကတော့ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၂ ဒသမ ၂၇၈ သန်း၊ အရေအတွက် အားဖြင့် စီးရေ ၃၂၀၀၀ ကျော် လျော့နည်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

# ပြည်ပသို့ ကြက်သွန်နီများ စတင်တင်ပို့ခွင့်ပြု

ပြည်တွင်း ကြက်သွန်နီဈေးနှုန်းကြီးမြင့်နေမှုကြောင့် ပြည်ပသို့ တင်ပို့ခွင့်ကို ခေတ္တဆိုင်းငံ့ထားရာမှ ယခုအခါ ပြည်တွင်းကြက်သွန်ဈေးနှုန်းမှာ ပုံမှန်ဖြစ်လာတဲ့အတွက် အမေရိကန်ဒေါ်လာ ၈၈၅၀၀ တန်ဖိုးရှိသည့် ကြက်သွန်နီ ကီလိုဂရမ် သုံးသိန်းကို စင်ကာပူနိုင်ငံသို့ တင်ပို့ရန် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်မှ စတင်ခွင့်ပြုပေးခဲ့ပါတယ်။ အလားတူ ပြည်ပသို့ တင်ပို့လိုတဲ့ ကုမ္ပဏီများအနေနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲ (နေပြည်တော်) တွင် ကုမ္ပဏီ Letter Head ၊ Invoice တို့ဖြင့် လာရောက်လျှောက်ထားနိုင်ကြောင်းသိရှိရပါတယ်။ လျှောက်ထားတဲ့အခါတွင် လည်း မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနဲ့ စားဖိုဆောင်သုံးသီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများမှ ဈေးနှုန်းအတိုင်း လျှောက်ထားရမယ်လို့ သတင်းရရှိပါတယ်။

**ပို့ကုန်ဌာန**

# သာစည်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရေးတို့အတွက် အရှိန်အဟုန်ဖြင့်စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၅ ရက် နံနက် ၀၉း၃၀ နာရီတွင် သာစည်မြို့၊အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၃၀၀ ခန့်တက်ရောက်ခဲ့ကြပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်း ဒေသကြီးဦးစီးမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်မျိုးသီတာက အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်။ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးမှူးဦးဇော်မင်းက စားသုံးသူ အကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများ၊ စားသုံးသူများ၊စီးပွားရေးလုပ်ငန်းရှင်များ သိသင့်သိထိုက်သည့် အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ အစားအသောက်များတွင် အသုံးပြုနေတဲ့ ခွင့်မပြုဆိုးဆေးများ အန္တရာယ်ကြောင့် ဖြစ်ပွားနိုင်သောရောဂါများ၊ စားသောက်ကုန် ထုတ်လုပ်ရာတွင် ပါဝင်ရမည့်အချက် ၁၇ ချက် နဲ့ ပတ်သက်၍ သိကောင်းစရာများအား အကျယ်တဝင့်ဟောပြော ဆွေးနွေးခဲ့ပါတယ်။ ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးမှူးဒေါက်တာဇော်ဝင်းနိုင်မှ ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများ ခေါင်းစဉ်ဖြင့် ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဆောင်ရန်ရှောင်ရန်များကို အကျယ်တဝင့်ဟောပြော ဆွေးနွေးခဲ့ပါတယ်။

ဇင်းနောက် သာစည်မြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးလှကြိုင်က စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေးဟောပြောဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနများ၏ ရှင်းလင်းပြောကြားချက်များကို ဆရာ၊ ဆရာမများ၊ကျောင်းသား၊ သူများအားလုံး လက်တွေ့လိုက်နာကြရန် ပြောကြား၍ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အခမ်းအနားကို နေ့လယ် ၁၂း၃၀ နာရီအချိန်တွင်ရုပ်သိမ်းခဲ့ပါတယ်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသူများက လုံခြုံစိတ်ချရမှုရှိတဲ့ စားသောက်ကုန်များနဲ့ လုံခြုံစိတ်ချရမှုမရှိတဲ့ စားသောက်ကုန်များ ခွဲခြားပြသမှုအား ကြည့်ရှုကြပြီး သိရှိလို၍ မေးမြန်းမှုများကို တာဝန်ရှိဝန်ထမ်းများက ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ကျောင်းမုန့်ဈေးတန်းတွင် လုံခြုံစိတ်ချရမှုမရှိတဲ့ မုန့်များကိုမရောင်းချစေရေးအတွက်လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီး မုန့်ဈေးတန်းရောင်းချ နေသူများအားကလေးများအတွက် ဘေးကင်းလုံခြုံစိတ်ချရပြီး ကျန်းမာရေးနှင့်ညီညွတ်သော အာဟာရဖြစ်စေတဲ့ မုန့်များကိုသာရွေးချယ်ရောင်းချကြစေရန် အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါတယ်။

**မျိုးငြိမ်းအေး**
**စားသုံးသူ (မန္တလေး)**

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းပိုင်း မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းနဲ့ မြေပဲများရဲ့ ဈေးနှုန်းဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ အနယ်နယ်အရပ်ရပ်မှ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များနေ့စဉ် (ဥပုသ်နေ့မှအပ) လာရောက်အရောင်းအဝယ်ပြုလုပ်ရာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမပတ်အရောင်းအဝယ်ဖြစ်မှုနဲ့ ဈေးနှုန်းများကို ယခင်လကာလတူနဲ့နှိုင်းယှဉ်ပါက-

| သီးနှံအမည် | ၄. ၁. ၂၀၁၆ | | ၄. ၂. ၂၀၁၆ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၇၇၈ | ၁၉၉၁ | ၁၇၇၈ | ၁၈၃၁ |
| ပဲတီစိမ်း (ရွှေဝါ) | - | - | ၂၀၄၄ | ၂၀၅၃ |
| ပဲလွန်းဖြူ | ၁၃၈၃ | ၁၄၅၀ | ၁၃၈၃ | ၁၄၃၃ |
| ပဲကြီး | - | - | ၁၇၁၉ | ၁၈၁၀ |
| ပဲနီပြား | - | ၁၃၅၇ | - | ၁၇၃၈ |
| ပဲပုပ် (ရှမ်း) | ၈၈၃ | ၉၇၇ | ၉၃၉ | ၁၀၃၃ |
| ပဲပုပ် (ဗမာ) | - | ၉၀၁ | ၉၄၈ | ၉၇၇ |
| ပဲယင်း | ၇၁၇ | ၇၃၃ | ၈၈၃ | ၉၀၀ |
| ထောပတ်ပဲ(သေး) | - | ၆၄၀ | ၉၆၀ | ၉၇၈ |
| မြေထောက်ပဲ | - | - | - | ၁၂၉၆ |
| မတ်ပဲ | - | - | - | ၃၁၁၇ |
| ကုလားပဲဖြူကြီး | - | - | ၁၅၉၀ | ၁၆၂၄ |
| ကုလားပဲထိုင်ဝမ် | - | - | - | ၁၆၁၈ |
| ပဲစင်းငုံနီ | - | - | - | ၂၂၄၂ |
| ပြောင်းဖူးစေ့ (ရှမ်း) | ၄၀၄ | ၄၀၇ | ၄၅၉ | ၄၆၃ |
| ပြောင်းဖူးစေ့ (ဗမာ) | - | ၃၈၉ | - | ၄၄၄ |
| ပြောင်းဖူးစေ့ (စီပီ) | - | ၄၁၇ | - | ၄၇၂ |
| ထွက်တိုးပြောင်း | - | - | - | ၅၃၈ |
| ဆန်ပြောင်း | - | - | - | ၅၃၂ |
| နှမ်းဖြူ | ၁၈၆၇ | ၂၀၂၂ | ၂၀၄၄ | ၂၁၃၃ |
| နှမ်းညို | ၁၆၂၂ | ၁၆၆၇ | ၁၆၆၇ | ၁၈၈၉ |
| နှမ်းနက် | ၂၅၅၆ | ၃၃၃၃ | ၂၅၅၆ | ၃၄၄၄ |
| နှမ်းနက် (စမုံ) | ၃၆၆၇ | ၄၀၀၀ | ၃၈၈၉ | ၄၂၂၂ |
| ပန်းနှမ်း | - | ၁၆၂၂ | ၂၀၆၇ | ၂၀၈၉ |
| မြေပဲဆန် ( S1လုံးဆန်) | ၂၅၅၀ | ၂၆၂၅ | ၂၅၀၀ | ၂၆၀၀ |

ပြည်ပ(တရုတ်)ဝယ်လက် ပုံမှန်ဝယ်ယူမှုရှိနေတဲ့ ပဲတီစိမ်းကြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၃၁ ကျပ် (တစ်တန် ၁၁၂၁၂၈၆ ကျပ်)၊ ပဲတီစိမ်း (ရွှေဝါ) တစ်ပိဿာ ၂၀၅၃ ကျပ် (တစ်တန် ၁၂၅၇၂၃၇ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀၀ ခန့်၊ ပဲလွန်းဖြူ တစ်ပိဿာ ၁၄၃၃ ကျပ် (တစ်တန် ၈၇၇၅၅၅ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၃၀၀ ခန့်၊ ပဲကြီး တစ်ပိဿာ ၁၈၁၀ ကျပ် (တစ်တန် ၁၁၀၈၄၂၆ ကျပ်)နဲ့ သုံးတင်းအိတ် ၂၅၀ ကျော်၊ ပဲနီပြား တစ်ပိဿာ ၁၇၃၈ ကျပ် (တစ်တန် ၁၀၆၄၃၃၄ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၅၀ ခန့်၊ ပဲပုပ်(ရှမ်း) တစ်ပိဿာ ၁၀၃၃ ကျပ် (တစ်တန် ၆၃၂၅၉၉ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၇၇ ကျပ် (တစ်တန် ၅၉၈၃၀၅ ကျပ်)နဲ့ ပဲပုပ် နှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၄၅၀ ခန့်၊ ပဲယင်း တစ်ပိဿာ ၉၀၀ ကျပ် (တစ်တန် ၅၅၁၁၅၁ ကျပ်)နဲ့ နေ့စဉ်သုံး တင်းအိတ် ၅၀၀ ခန့်၊ ထောပတ်ပဲ (သေး) တစ်ပိဿာ ၉၇၈ ကျပ်(တစ်တန် ၅၉၈၉၁၇ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၀၀ ခန့်၊ မြေထောက်ပဲ တစ်ပိဿာ ၁၂၉၆ ကျပ်(တစ်တန် ၇၉၃၆၅၇ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ရန်ကုန်ဝယ်လက်၊ ပြည်ပ (အိန္ဒိယ)ဝယ်လက်နဲ့ ဒေသတွင်း လှော်လက် ပဲခွဲစက်များမှ ဝယ်ယူလျက် ရှိနေတဲ့ မတ်ပဲက ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၁၁၇ ကျပ်(တစ်တန် ၁၉၀၈၈၂၀ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၉၀၀ ကျော်၊ ကုလားပဲဖြူကြီး တစ်ပိဿာ ၁၆၂၄ ကျပ် (တစ်တန် ၉၉၄၅၂၁ ကျပ်)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၁၆၁၈ ကျပ် (တစ်တန် ၉၉၀၈၄၇ ကျပ်)နဲ့ ကုလားပဲနှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲစင်းငုံနီ တစ်ပိဿာ ၂၂၄၂ ကျပ် (တစ်တန် ၁၃၇၂၉၇၈ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၇၀၀ ခန့်အရောင်း အဝယ်ဖြစ်ခဲ့ပါ တယ်။

ပြည်ပ (တရုတ်) ဝယ်လိုအားနဲ့ ပြည်တွင်းအစာစပ်လုပ်ငန်း၊ အရက်ချက်လုပ်ငန်းများမှ ပုံမှန်ဝယ်ယူမှုရှိနေတဲ့ ပြောင်းဖူးစေ့ရဲ့ ဈေးနှုန်းများမှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၆၃ ကျပ် (တစ်တန် ၂၈၃၅၃၇ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၄၄၄ ကျပ် (တစ်တန် ၂၇၁၉၀၁ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၄၇၂ ကျပ် (တစ်တန် ၂၈၉၀၄၈ ကျပ်)၊ ထွက်တိုးပြောင်း တစ်ပိဿာ ၅၃၈ ကျပ် (တစ်တန် ၃၂၉၄၆၆ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၅၃၂ ကျပ် (တစ်တန် ၃၂၅၇၉၁ ကျပ်)နဲ့ အဆိုပါပြောင်းဖူးစေ့ ၅ မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ဒေသတွင်း ဆီစက်များနဲ့ တရုတ်ဝယ်လက်ပုံမှန်ရှိနေတဲ့ နှမ်းရောင်စုံများရဲ့ ဈေးနှုန်းများမှာ နှမ်းဖြူ တစ်ပိဿာ ၂၁၃၃ ကျပ် (တစ်တန် ၁၃၀၆၂၂၇ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၁၈၈၉ ကျပ် (တစ်တန် ၁၁၅၆၈၀၅ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၃၄၄၄ ကျပ် (တစ်တန် ၂၁၀၉၀၇၁ ကျပ်)၊ နှမ်းနက်(စမုံ) တစ်ပိဿာ ၄၂၂၂ ကျပ် (တစ်တန် ၂၅၈၅၅၁၀ ကျပ်) ပန်းနှမ်း တစ်ပိဿာ ၂၀၈၉ ကျပ်(တစ်တန် ၁၂၇၉၂၈၃ကျပ်)နဲ့ အဆိုပါ နှမ်းငါးမျိုးနေ့စဉ် သုံးတင်းအိတ် ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး မြေပဲဆန် (S 1 လုံးဆန်) တစ်ပိဿာ ၂၆၀၀ ကျပ် (တစ်တန် ၁၅၉၂၂၁၄ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

အခုလမှာ သီးနှံမျိုးစုံအဝင်ရှိသလို အဝင်ရှိသလောက်လည်း အရောင်းအဝယ်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်ထွက်သီးနှံများအနက် ပဲမျိုးစုံများ အရောင်းအဝယ်ပြတ်ခဲ့ကြောင်း၊ ယခင်လဈေးနှုန်းနဲ့ ယခုလ ဈေးနှုန်းနှိုင်းယှဉ်ပါက ဈေးနှုန်းကွာဟမှုနည်းပါးကြောင်း၊ ယခင်လ လလယ်ပိုင်းမှာ ကုန်ပစ္စည်း (မန္တလေးမှ မူဆယ်သို့) အတက်လမ်း သယ်ယူခဈေးနှုန်းအနည်းငယ်မြင့်တက်သွားပေမယ့် ပုံမှန်တင်ပို့မှုရှိခဲ့ကြောင်း၊ ယခုလဆန်းပိုင်းမှာ သယ်ယူခဈေးနှုန်း ပုံမှန်နီးပါးပြန်ဖြစ်သွားကြောင်း ကုန်သည်ပွဲစားကြီး တစ်ဦးက ပြောပါတယ်။

**စိုးအောင် - မန္တလေး**

# စစ်တွေကုန်သွယ်ရေးစခန်းက အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ဇန်နဝါရီလတွင် ကုန်သွယ်မှု အနည်းငယ် ပိုမိုဆောင်ရွက်

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပို့ကုန်ကန်ဒေါ်လာ သုည ဒသမ ၄၂၃ သန်း၊ သွင်းကုန်ကန်ဒေါ်လာ သုည ဒသမ ၂၀၇ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၆၃၀ သန်းဆောင်ရွက်နိုင်ခဲ့ပြီး အနီးစပ်ဆုံးကာလဖြစ်တဲ့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလထက် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၀၃၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ထိုကဲ့သို့ ပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ စက်မှုကုန်ချောပစ္စည်းများ ပိုမိုတင်သွင်းခဲ့တဲ့အတွက်ဖြစ်ပါတယ်။ ကုန်သွယ်မှုပမာဏ သိသိသာသာမတိုးတက်ရခြင်းမှာ သစ်တောထွက်ကုန်လျော့နည်းတင်ပို့ခဲ့ခြင်း၊ သွင်းကုန်ပိုင်းတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ စက်သုံးဆီနဲ့ လူသုံးကုန်များလျော့နည်းတင်သွင်းခဲ့၍ဖြစ်ပါတယ်။

ယမန်နှစ်ကာလတူနဲ့နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းလျော့နည်းခဲ့သော်လည်း သွင်းကုန်ပိုင်း ပိုမိုသဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ သုည ဒသမ ၁၉၁ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူနဲ့ သစ်တောထွက်ပစ္စည်း ပိုမိုတင်ပို့နိုင်ပြီး လယ်ယာထွက်ကုန်ပိုင်းလျော့နည်း တင်ပို့ခဲ့တဲ့အတွက် ပို့ကုန်ပိုင်းလျော့နည်းခဲ့သော်လည်း သွင်းကုန်ပိုင်းတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းနဲ့ လူသုံးကုန်ပစ္စည်းများ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ကာလတူထက် ကုန်သွယ်မှုပိုမိုခဲ့ခြင်းဖြစ်ပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းရဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအများဆုံး ပို့ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန် (မန်ကျည်းစေ့၊ စမုန်နက်၊ ဇီယာစေ့ (အနက်)၊ ချင်းအစို၊ ဆီးဖတ်၊ ရေထွက်ကုန် (ရေချိုငါးမြစ်ချင်း)၊ သစ်တောထွက် (ကြိမ်)၊ စက်မှုကုန်ချော (ဆီးယိုထုတ်)၊ လူကြီးစီးဖိနပ်၊ အဖျော်ယမကာတို့ဖြစ်ကြပြီး အများဆုံးသွင်းကုန်များမှာ လုပ်ငန်းသုံး (ဒီဇယ်) လူသုံးပစ္စည်း (တီရှပ်) တို့ဖြစ်ကြပါတယ်။

**တင်တင်ထွန်း (MIRT)**




ယနေ့ ရန်ကုန်မြို့နေ ခရီးသွားပြည်သူများအတွက် နေ့စဉ်ကြုံတွေ့နေရသည့် ပြဿနာမှာ ယာဉ်ကြောပိတ်ဆို့မှုပင် ဖြစ်သည်။ ခေတ်အဆက်ဆက် မော်တော်ကားတင်သွင်းမှုကို ပိတ်ခဲ့သော်လည်း ယခုအခါ လွတ်လပ်စွာ တင်သွင်းနိုင်ခွင့် ကားအို ကားဟောင်းများကို ကားသစ်များဖြင့် လဲလှယ်ပေးမှုကြောင့် နေရာအနှံ့ ကားသစ်များ သုံးစွဲနိုင်လာခြင်းသည် တိုးတက်မှု လက္ခဏာဆောင်သလို ဈေးနှုန်းများ ကျဆင်းမှုကြောင့် လူလတ်တန်းစားများအထိ ကားသစ်များ ပိုင်ဆိုင်လာပြီဖြစ်သည်။ သို့သော် ဝင်ရောက်လာသည့်ကားသစ်များ၏ ၈၀ ရာခိုင်နှုန်းဝန်းကျင်ခန့်သည် ရန်ကုန်တွင်သာ စုပုံနေပြီး၊ ယာဉ်ကြောကျပ်မှုကြောင့် လမ်းပေါ်တွင် အချိန်ကုန်လူပန်း၊ စိတ်နွမ်းမှုများ ရှိနေပြီ ဖြစ်သည်။ အထူးသဖြင့် ဘတ်စ်ကားကို အားကိုးနေရသည့် အခြေခံလူတန်းစားများ၊ လက်လုပ်လက်စားများ၊ လုပ်သားများ၊ ဝန်ထမ်းများအနေဖြင့် ယာဉ်ကြောပိတ်ဆို့မှုကြောင့် သွားလာရေးအတွက် အချိန်ပိုမိုပေးလာရ၍ ယခင်ကထက် လူမှုကောင်းစားရေး (Social Welfare) ထိခိုက်လာသလိုနှင့် ဘဝရှင်သန်ရေးအတွက် ပိုမိုရုန်းကန်နေရပြီဖြစ်သည်။

အများပြည်သူသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ရေတိုရေရှည်နည်းလမ်းများချမှတ် လုပ်ဆောင်နေသလို နိုင်ငံတကာ အကူအညီ အထူးသဖြင့် JICA ၏ အကူအညီဖြင့် တည်ဆောက်မည့် (၂) ထပ်လမ်း၊ မီးရထားအဆင့်မြှင့်တင်ရေး၊ အတွင်းပတ်လမ်း၊ အပြင်ပတ်လမ်း တည်ဆောက်ရေး၊ အမြန် ဘတ်စ်ကားစနစ် တည်ဆောက်ရေးစီမံကိန်းများ စသည်တို့ရှိပြီး ဖြစ်သော်လည်း တည်ဆောက်ရေးလုပ်ငန်းများဖြစ်၍ အချိန် အတိုင်းအတာတစ်ခု ပေးရမည် ဖြစ်သည်။ ထို့အတွက်လည်း အများပြည်သူ သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အမြန်ဆုံး လုပ်ဆောင်နိုင်မည့် နည်းလမ်းမှာ လက်ရှိပြေးဆွဲနေသည့် ဘတ်စ်ကားစနစ်ကို အမြန်ဘတ်စ်ကားစနစ်သို့ ပြောင်းလဲစေခြင်းဖြင့် ယနေ့ ဘတ်စ်ကားအသုံးပြုပြည်သူများ ရင်ဆိုင်နေသည့် အချိန်ပိုကုန်ခြင်း၊ သက်သောင့်သက်သာမရှိခြင်း၊ ဘေးကင်းလုံခြုံမှု အားနည်းခြင်း၊ လက်ရှိဘတ်စ်ကားများ၏ ဝန်ဆောင်မှုလျော့နည်းခြင်း၊ ထို့အပြင် ဘတ်စ်ကားများ၏ စည်းကမ်းလိုက်နာမှု အားနည်းခြင်းတို့ကြောင့် ယာဉ်ကြောပိုမိုပိတ်စေခြင်း စသည်တို့ကို ဖြေရှင်းနိုင်မည် ဖြစ်သည်။

အမှန်တကယ်မူ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ဘတ်စ်ကားအမြန်စနစ် Bus Rapid Transit-BRT တည်ဆောက်မည်ဆိုလျှင် သီးသန့်လမ်းထားရမည်ဖြစ်သလို ဘတ်စ်ကားစတေရှင်များ တည်ဆောက်ကာ LED ဘုတ်များဖြင့် အချိန်အလိုက် ကားအဝင် အထွက်များဖော်ပြခြင်း၊ လက်မှတ်သို့မဟုတ် ကတ်စနစ်အသုံးပြုခြင်းတို့ပါဝင်သည်။အချို့နိုင်ငံများ၌ BRTလမ်းကြောင်းကို မူလလမ်း ထက်အနည်းငယ်မြှင့်ထားလေ့ရှိသည်။ ထို့အတွက် အမြန်ဘတ်စ် ကားစနစ်အပြည့်အဝ (Full BRT) တည်ဆောက်ရန်အတွက် စရိတ်မြင့်မားသလို ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ လေ့လာသုံးသပ်မှုတွင် အနည်းဆုံး တစ်နှစ်ပေးရမည်ဖြစ်သည်။ ထို့အတွက် ကုန်ကျစရိတ် အသက်သာဆုံးနှင့် အမြန်ဆုံးလုပ်ဆောင်နိုင်သည့် BRT (Lite) အပေါ့စား အမြန်ဘတ်စ်ကားစနစ်ကို အမြန်လုပ်ဆောင်တော့မည် ဖြစ်သည်။ လိုအပ်သည့် အရင်းအနှီး အပြည့်အဝရရှိရေးနှင့် တစ်ဦးချင်းပိုင်ဆိုင်မှု၏ အားနည်းချက်များ ကျော်လွှားနိုင်ရန်အတွက် အမြန်ဘတ်စ်ကား အမြန်စနစ် (အပေါ့စား) ကို နိုင်ငံတော်၊ ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှုပုံစံ (Public Private Partnership-PPP) ဖြင့် စတင်တော့မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် မေ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတွင် ပြုလုပ်ခဲ့သည့် အများပိုင်ကုမ္ပဏီအကြောင်း ရှင်းလင်းပွဲနှင့် ရှယ်ယာရှင်များဖိတ်ခေါ်ခြင်း အခမ်းအနားတွင် လူအများစုပူးပေါင်းပါဝင်ဆောင်ရွက်ရန် အဆိုပြုမှုများကြောင့် ရန်ကုန်ဘတ်စ်ကားအများပိုင် ကုမ္ပဏီနှင့် အပေါ့စား ဘတ်စ်ကားစနစ် (BRT-Lite) အမြန်ဆုံး ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

**အများပိုင်ကုမ္ပဏီနှင့် အမြန်ဘတ်စ်ကားစနစ်က ဘာတွေ ပိုကောင်းမလဲ**

အများပိုင်ကုမ္ပဏီဖြစ်၍ တစ်ဦးချင်းပိုင်ဆိုင်မှုစနစ်ထက် ပိုကောင်းသည့် အချက်များမှာ အရင်းအနှီး နည်းပညာသစ် အသုံးပြုနိုင်မှု ပိုရှိလာခြင်း၊ အမြန်ဘတ်စ်ကားစနစ်ကြောင့် အများပြည်သူ လိုရာခရီးအမြန်ဆုံးရောက်ခြင်း၊ အများပြည်သူအတွက် ဘေးကင်းလုံခြုံစိတ်ချရပြီး နိုင်ငံတကာကဲ့သို့ အားကိုးအားထားပြုနိုင်သည့် ဘတ်စ်ကားစနစ်ဖြစ်ပေါ်လာခြင်း၊ ကားသစ်ကြီးဖြစ်၍ ဘေးကင်းလုံခြုံမှုနှင့် Air-con အပြည့်အဝသုံးမည်ဖြစ်၍ သက် သောင့်သက်သာရှိမည့်အပြင် ဘတ်စ်ကားကြောင့် ပင်ပန်းနွမ်း နယ်မှုမဖြစ်စေခြင်း၊ လက်မှတ်စနစ်ဖြစ်၍ ယာဉ်နောက်လိုက်နှင့် ဆက်စပ်နေသည့် ပြဿနာများမရှိတော့ခြင်း၊ လက်ရှိအသုံးပြုနေသည့် ကားများ ကြံ့ခိုင်မှုအားနည်းမှုကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားနေမှုကို ရှောင်လွှဲနိုင်ခြင်း၊ ယာဉ်လုပ်သားများအတွက် ကိုယ်ရကိုယ်ယူမဟုတ်ဘဲ လုံလောက်သည့်လုပ်ခကို အာမခံသည် ဖြစ်၍ ယာဉ်စည်းကမ်းဖောက်မှုများ ဝန်ဆောင်မှုအားနည်းမှုများ လုံးဝရှောင်ကြဉ်နိုင်ခြင်း၊ ရန်ကုန်မြို့နေပြည်သူတို့၏ သွားလာရေး ပိုမိုအဆင်ပြေလာမည် ဖြစ်သလို နိုင်ငံတကာကဲ့သို့ BRT-Lite ပေါ်ထွန်းလာခြင်းဖြင့် နိုင်ငံ့ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ပေးမည် ဖြစ်သည်။

t jrefbwfpfum;pepf(tayhpm;)
ukdknfpwifrdwfquf wmhrnf
jzpfjyD jrefrmEdkifiHwGif tawGUt
MuH r&Sdao;í tbufbufrS pdefac:rI
rsm; &SdOD;rnfjzpfjyD; \ ylaygif;
yg0ifaqmif&GufrI txl;vdktyfonf

**ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်မည့် အများပိုင်ကုမ္ပဏီနှင့် BRT (Lite)**

ဘတ်စ်ကားအများပိုင်ကုမ္ပဏီ ထူထောင်၍ လက်ရှိ ဘတ်စ်ကား စနစ်၏ အားနည်းချက်များ၊ အဆင်မပြေမှုများကို ဖြေရှင်းနိုင်ရေးအတွက် ခရီးသွားပြည်သူများ အများဆုံးအသုံးပြုနေသည့် ဘတ်စ်ကားကို တစ်ဦးချင်းပိုင်ဆိုင်မှုမှ အများပိုင်သို့ စတင်ပြောင်းလဲခြင်းပင် ဖြစ်သည်။ ထို့အတူ အမြန်ဘတ်စ်ကားစနစ် (အပေါ့စား) ကိုလည်း စတင်မိတ်ဆက်တော့မည် ဖြစ်ပြီး မြန်မာနိုင်ငံတွင် အတွေ့အကြုံမရှိသေး၍ အဘက်ဘက်မှ စိန်ခေါ်မှုများ ရှိဦးမည်ဖြစ်ပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အထူးလိုအပ်သည်။ ယနေ့ အများပြည်သူများ သွားလာမှု အဘက်ဘက်မှ အဆင်မပြေမှုများ ဖြေရှင်းနိုင်ရန် စနစ်သစ်များဖြင့် လုပ်ဆောင်နေကြောင်း အများပြည်သူများ နားလည်သဘောပေါက်လက်ခံပြီး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်။ အထူးသဖြင့် သီးသန့်ဘတ်စ်ကားလိုင်း ပြုလုပ်တော့မည်ဖြစ်၍ သတ်မှတ်ယာဉ်မှလွဲ၍ အခြားကားများ ဝင်ရောက် မမောင်းနှင်ရေး နှင့် လမ်းအသုံးပြုသူများ သတ်မှတ်စည်းကမ်းများ တိတိကျကျ လိုက်နာရေးပင်ဖြစ်သည်။

**အများပြည်သူကို စာနာပါ၊ မေတ္တာထားပါ၊ ဦးစားပေးပါ**

အများပြည်သူသွားလာမှု အဆင်ပြေစေရေးမှာ နိုင်ငံတိုင်းလက်ကိုင်ထားသည့် ဦးစားပေးမူဝါဒပင်ဖြစ်သည်။ ပိုမို အဆင်ပြေချောမွေ့စေဖို့ နည်းပေါင်းစုံဖြင့် နိုင်ငံတိုင်း လုပ်ဆောင်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံအတွက်မူ ဘတ်စ်ကားသည် အများဆုံးအသုံးပြုနေရသည့်အပြင် အများစုမှာ အခြေခံလူတန်းစားများဖြစ်သည့်အတွက် ၎င်းတို့၏ ဘဝရပ်တည်မှု အဆင်ပြေ ချောမွေ့စေရေး အထူးဦးစားပေးရမည်သာ ဖြစ်သည်။ အထူး သဖြင့် ကားစီးနိုင်သည့် လူတန်းစားများအနေဖြင့် အမြန်ဘတ်စ်ကားစနစ် ပေါ်ထွန်းရေးအတွက် သတ်မှတ်လမ်းကြောင်းများတွင်သာ မောင်းနှင်ခြင်းဖြင့် အကူအညီပေးစေချင်သည်။ ထို့အတူ အငှားယာဉ်များအနေဖြင့်လည်း ယခုထက် ယာဉ်စည်းကမ်းလမ်း စည်းကမ်းလိုက်နာဖို့လိုသလို အမြန်လမ်းကြောင်းများတွင် ဝင်ရောက်မောင်းနှင်ခြင်းကို ရှောင်ရမည်ဖြစ်သည်။ အခြားနိုင်ငံများကဲ့သို့ Taxi Stand များတွင်သာရပ်သည့်အကျင့် စတင်ရမည်ဖြစ်သည်။ အမြန်လမ်းကြောင်းဖြစ်၍ အနေးလက်တွန်းလှည်းများ၊ လမ်းဘေးဈေးသည်များ၊ လမ်းပေါ်တက် လမ်းလျှောက်သူများ အနေဖြင့် လက်ရှိကြုံရာနေရာတိုင်းမှ လမ်းဖြတ်ကူးနေသူများလည်း သတ်မှတ်သည့်နေရာများမှသာ ဖြတ်ကူးမှုအလေ့အကျင့် မြှင့်တင်ရတော့မည်ဖြစ်သည်။ စနစ်သစ်တစ်ခုကို စတင်နိုင်ရန်မှာ စိန်ခေါ်မှုများအနက် လက်ရှိအဆိုပါလမ်းကြောင်းများတွင်

ရှိနေသည့် ပုဂ္ဂလိကယာဉ်လိုင်းများနှင့်လည်း သဟဇာတဖြစ်စေရန် ဆက်လက်ညှိနှိုင်းရဦးမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အများပိုင် စနစ်ဖြင့် ဘတ်စ်ကားအမြန်စနစ် (အပေါ့စား) ကိုသာ စတင်နိုင် လျှင် ရန်ကုန်မြို့နေ ဘတ်စ်ကားအသုံးပြုသူအများပြည်သူတို့၏ ဘေးကင်း လုံခြုံစိတ်ရမှု၊ သက်သောင့်သက်သာရှိမှုနှင့် လိုရာခရီး အမြန်ဆုံး ရောက်ရှိတော့မည်ဖြစ်၍ အောင်မြင်စေရန် ရန်ကုန်မြို့ နေ ပြည်သူ များ မဖြစ်မနေ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည် ဖြစ်သည်။

**BRT (Lite) အတွက် ရွေးချယ်ထားသည့်လမ်းများ**

ရန်ကုန်မြို့အတွက် အမြန်ဘတ်စ်ကားစနစ် စတင်နိုင်ရေး အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းပေးခဲ့သည့်အဖွဲ့၏ အဆိုပြုချက်အရ လမ်းပြုပြင်မှုအနည်း ဆုံးဖြစ်ပြီး ခရီးသည်အများဆုံးဖြစ်သည့် လမ်းကြောင်းများဖြစ်သည့် အပြင် ရန်ကုန်တစ်မြို့လုံးကို လွှမ်းခြုံနိုင်သည့် လမ်းများအား ရွေးချယ်ခဲ့ပါသည်။ BRT (Lite) ပထမအဆင့် (Phase I) အနေဖြင့် အကောင်အထည်ဖော်မည့် အဓိကလမ်းမကြီးနှစ်ခုမှာ မင်္ဂလာဒုံမှ စတင်မည့် ပြည်လမ်းနှင့် ကမ္ဘာအေးစေတီလမ်းတို့ကို ပထမဦး စားပေးအနေဖြင့် စတင်မည်ဖြစ်ပြီး အဆင့်(၂) (Phase II) အနေဖြင့် အထက်ဖော်ပြပါလမ်းကြောင်း (၂) ခုနှင့် ပေါင်းစပ်ပြီး ရန်ကုန်တစ် မြို့လုံး ဆက်သွယ်မှုကွန်ရက် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေရေး အတွက် အနောက်ဘက်ပိုင်း လှိုင်သာယာအဝေးပြေးမှ ရှစ်မိုင်၊ ယင်းမှတစ်ဆင့် မြောက်ဥက္ကလာ အောင်မင်္ဂလာအဝေးပြေးစခန်း အထိလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်း ဒဂုံတက္ကသိုလ်မှ ပါရမီသို့ ချိတ်ဆက်မည့်လမ်းကြောင်း၊ ရန်ကုန်တောင်ပိုင်း သီလဝါစက်မှုဇုန်မှ စတင်ပြီး ဗိုလ်တထောင်ဘုရားအထိ လမ်းကြောင်းသုံးကြောင်းသည် လည်း မူလ (Phase I) လမ်းကြောင်းများနှင့် ပေါင်းစပ်စေမည်ဖြစ်၍ ရန်ကုန်တစ်မြို့လုံး လွှမ်းခြုံနိုင်သည့် လမ်းကြောင်းများပင်ဖြစ်သည်။

**အများပြည်သူတို့၏ ဆန္ဒ**

ရန်ကုန်မြို့ အများပြည်သူသွားလာမှု အဆင်ပြေချောမွေ့ စေရေးအတွက် ပြည်သူအများကို ဖိတ်ခေါ်၍ UMFCCI တွင် ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများတွင် တစိုက်မတ်မတ် တောင်း ဆိုနေသည့် "အများပြည်သူယုံကြည်အားထားနိုင်သည့် ဘတ်စ်ကား စနစ်" ပေါ်ထွန်းလာရေးသည် ရန်ကုန်မြို့နေပြည်သူ တို့၏ ဆန္ဒပင် ဖြစ်သည်။ နိုင်ငံတော်ပိုင်းမှလည်း အထူးအလေးထားသည့် အလျောက် ဘတ်စ်ကားအများပိုင်ကုမ္ပဏီကို နိုင်ငံတော်နှင့် ပုဂ္ဂလိက ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ပုံစံ (Public Private Partnership-PPP) ဖြင့် ဖွဲ့စည်းပြီး ဘတ်စ်ကားအမြန်စနစ် (အပေါ့ စား) ကို စတင်မည်ဖြစ်ပါ၍ ပြည်သူလူထု တက်တက်ကြွကြွ ပူးပေါင်း ပါဝင် လုပ်ဆောင်ရန် အထူးလိုအပ်ပါသည်။ ပြည်သူများ လိုရာခရီး သက်သောင့်သက်သာဘေးကင်း လုံခြုံစွာဖြင့် အမြန်ဆုံးရောက်ရှိရေး အတွက် လက်ရှိအခြေအနေတွင် အမြန်ဘတ်စ်ကားစနစ် (အပေါ့ စား) တည်ထောင်ခြင်းမှ လွဲ၍ အခြားနည်းလမ်းမရှိပါ။ လူ့ဘောင် လောကတွင် အချိန်သည် တန်ဖိုးအရှိဆုံးဖြစ်သလို ငွေထက်များစွာ တန်ဖိုးရှိပါသည်။ လူတစ်ဦးချင်း၏ အချိန်၊ ပြည်သူများ၏ အချိန် အလဟဿ ကုန်ဆုံးနေမှုသည် ပြည်သူများ၏ ဘဝရှင်သန်တိုးတက် ရေးကိုထိခိုက်သလို တိုင်းပြည်အတွက်လည်း များစွာဆုံးရှုံးပါသည်။

ထို့အတွက် ပြည်သူများ မျှော်လင့်တောင့်တနေသည့် အများ ပိုင်ကုမ္ပဏီနှင့် အမြန်ဘတ်စ်ကား (အပေါ့စား) စနစ် အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် အထူးအလေးပေး လုပ် ဆောင်နေပြီဖြစ်၍ ပြည်သူတိုင်း အမျိုးသားရေးအသိဖြင့် ပူးပေါင်း လုပ်ဆောင်စေရန် တိုက်တွန်းအပ်ပေသည်။

■

# Golden City ၏ စီမံကိန်းအဆင့်(၁) အကြမ်းထည်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်း အထိမ်းအမှတ်အခမ်းအနား ကျင်းပ

GOLDEN CITY ၏ စီမံကိန်း အဆင့် (၁) အကြမ်းထည်ကို အောင်မြင်စွာ အကောင် အထည်ဖော်နိုင်ခြင်း အထိမ်းအမှတ်အခမ်း အနားကို ဖေဖော်ဝါရီလ ၃ ရက်က GOLDEN CITY တည်ရှိရာ ရန်ကင်းမြို့နယ်၌ ကျင်းပခဲ့ ကြောင်း သိရသည်။




အဆိုပါ အောင်မြင်မှု မှတ်တိုင်စိုက်ထူ သောအခမ်းအနားတွင် ရန်ကုန်မြို့ရှိ အမြင့်ဆုံး နှင့် ပထမဦးဆုံးသော အမြင့် ပေ ၃၆၀ ရှိသည့် GOLDEN CITY စီမံကိန်းအဆင့်(၁)၏ ၃၃ ထပ်မြင့်သည့် အဆောက်အအုံပေါ်မှ မြင်တွေ့ရ မည့် ရင်သပ်ရှုမောဖွယ်မြင်ကွင်းများကို ကြွ ရောက်လာသူများအား တိုက်ရိုက်တင်ဆက်ပြသ ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ စီမံကိန်းအဆင့်(၁)ကို အောင် မြင်စွာ ပြုလုပ်နိုင်ခဲ့ခြင်းသည် ၂၀၁၇ခုနှစ် ဒီဇင် ဘာတွင် ပြီးစီးမည်ဟု ခန့်မှန်းထားသည့်စီမံကိန်း အဆင့်(၂) အကောင်အထည်ဖော်ရန်အတွက် တွန်းအားတစ်ရပ်ပင်ဖြစ်သည်ဟု ဆို သည်။

အဆိုပါ စီမံကိန်းကို ၂၀၁၈ခုနှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားရာ စီမံကိန်းအကောင် ထည်ဖော်ပြီးစီးပါက GOLDEN CITY သည် ရန်ကုန်မြို့၏ ပထမဆုံးသော နိုင်ငံတကာ အဆင့်မီ အဆင့်မြင့် အိမ်ရာစီမံကိန်းအဖြစ် အထပ် ၃၃ထပ်နှင့် အမြင့်ပေ ၃၆၀ ရှိ သော ရန်ကုန်မြို့၏ အထင်ကရ အထိမ်းအမှတ် အထပ်မြင့် အဆောက်အအုံတစ်ခု ဖြစ်လာမည် ဖြစ်သည်။



အဆိုပါ Mix-use စီမံကိန်းတစ်ခုလုံးကို စတုရန်းပေ ၃ ဒသမ ၆ သန်း ပေါ်တွင် နိုင်ငံ ခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၈၅ သန်းဖြင့် အကောင်အထည်ဖော် ဆောက်လုပ်နေခြင်းဖြစ်သည်။

"ကျွန်တော်တို့ GOLDEN CITY အနေနဲ့ အခန်းပိုင်ရှင်တွေကို ပြောထားတဲ့ အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ပေးနိုင်ခဲ့ပါပြီ။ မကြာသေးခင်ကပဲ နိုင်ငံခြား သားတွေကို ကွန်ဒို ဝယ်ယူခွင့်ပေးလိုက်တဲ့ဥပဒေ ကိုလည်း အတည်ပြုလိုက်ပြီဖြစ်တဲ့အတွက် ရေ ရှည်မှာ အိမ်ခြံမြေလုပ်ငန်းရဲ့ ဈေးကွက် လိုအပ် ချက်က တစ်နေ့တစ်ခြား ပိုမို ကြီးမားလာမှာပါ။ ကျွန်တော်တို့အနေနဲ့ ဒေသတွင်းရော နိုင်ငံ တကာမှာပါ ကျွန်တော်တို့ ရရှိထားတဲ့ ဈေးကွက် ကျွမ်းကျင်မှုတွေ၊ နည်းဗျူဟာတွေအပေါ် ယုံ ကြည်မှု အပြည့်ရှိပါတယ်။ ဒါကြောင့် ကျွန်တော် တို့ GOLDEN CITY အနေနဲ့ ဒီဈေးကွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးသွားဖို့ အစီ အစဉ်တွေရှိပါတယ်။ အခုလိုမျိုးဈေးကွက်ထဲမှာ ပထမဆုံးအဖြစ်နဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ အတွက် သက်သောင့်သက်သာရှိပြီး အဆင့်မြင့် တဲ့ လူနေမှုပုံစံနဲ့ အတူ စီးပွားရေးလုပ်ဆောင်ဖို့ အရမ်းကောင်းတဲ့ နေရာတစ်နေရာအဖြစ် GOLDEN CITY စီမံကိန်းကြီးကို မြန်မာ နိုင်ငံမှာ အကောင်အထည်ဖော် ခွင့်ရတဲ့အတွက် လည်း အရမ်းကို ဝမ်း သာဂုဏ်ယူမိပါတယ်"ဟု GOLDEN CITY ၏ စီမံကိန်းရှယ်ယာ ပိုင်ရှင်နှင့် ကိုယ်စားလှယ်ဖြစ်သူ မစ္စတာဂျက်ဖရီ က ပြောကြားခဲ့သည်။

ယခုအခါတွင် အဆိုပါ GOLDEN CITY စီမံကိန်း အဆင့်(၁) အကြမ်းထည် အောင်မြင်စွာ ပြီးစီးကြောင်း အထိမ်းအမှတ် အဖြစ် GOLDEN CITY တွင် တိုက်ခန်းဝယ် ယူအားပေးသူများအား အထူးအခွင့်အရေး တစ်ရပ်အဖြစ် အရစ်ကျငွေချေစနစ်ဖြင့် ဝယ် ယူအားပေးနိုင်ကြောင်း၊ ၄၈ လကြာ အရစ်ကျ ငွေပေးချေမှုကိုလည်း အတိုးမဲ့ ဖြင့် ဝယ်ယူ အား ပေးနိုင်ကြောင်းသိရသည်။

**မယ်သီတာ**

## ပြောင်း

### တရုတ်နယ်စပ်မှ ပြောင်းပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၅ ဒသမ ၆၄၆ သန်းတန်ဖိုးရှိတဲ့ ပြောင်းဖူးစေ့ ၂၄၈၇၁ တန်တင်ပို့ ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၂၃၃၁၆ တန်၊ချင်းရွှေဟော်မှ ၁၀၅၅ တန်နဲ့ လွယ်ဂျယ်မှ တန် ၅၀၀ ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ ၂၅၃၃၁ တန်တင်ပို့ခဲ့လို့ တရုတ်နယ်စပ်မှ ပြောင်းဖူးစေ့ ပုံမှန်တင်ပို့နေတယ်လို့ ဆိုရပါမယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို ယခင်တစ်ပတ်က ၂၉၂၁၇၄ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၂၉၇၅၃၉ ကျပ်သို့ ဈေးပြန်လည် မြင့်တက်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ တစ်လလုံး ပြောင်းတန်ချိန် ၁၁၅၄၀၀ တန်ကျော်တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ တရုတ်ဘက်မှ ဝယ်လိုအား ပုံမှန်ရှိပြီး ကန်ပိုက်တီးစခန်းက ဒီဇင်ဘာလ ဒုတိယပတ်ကတည်းက ပြောင်းတင်ပို့မှုမရှိခဲ့ဘူးလို့ သိရပါတယ်။

**မော်မော်အောင်**

## သကြား

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သကြားဖြူများတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ ၂၃ ရက်မှ ၂၉ ရက်ထိ သတင်းပတ်အတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၉ ဒသမ ၁၅၇ သန်းတန်ဖိုးရှိ သကြားဖြူ ၁၆၃၀၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ သကြားဖြူ ၁၅၈၉၀ တန်လျော့နည်း ခဲ့ပါတယ်။

ထိုသို့လျော့နည်းရခြင်းမှာ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် သကြားဝယ်ယူသည့် တရုတ်ကုန်သည်များ အဆွဲနည်းပြီး တရုတ်နိုင်ငံ၌ သကြားဈေးအနည်းငယ်ကျကာ တရုတ်ဝယ်လက်သိပ်မရှိဘူးလို့ မူဆယ်ကုန်သည်များ ထံမှသိရပါတယ်။ လက်ကားသကြားတစ်ပိဿာ ပေါက်ဈေး ၁၁၅၀ ကျပ်ရှိပြီး လက်လီတစ်ပိဿာ ပေါက်ဈေး ကတော့ ၁၂၅၀ကျပ်-၁၃၀၀ ကျပ်ဈေးရှိတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

### သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း စည်းကြပ်ခြင်းအား ဖယ်ရှားပေးရန် အိန္ဒိယဂျုံစက်ပိုင်ရှင်များက အိန္ဒိယအစိုးရကို တောင်းဆို

ဂျုံသွင်းကုန်ခွန်အဖြစ် ၂၅ ရာခိုင်နှုန်း စည်းကြပ်နေခြင်းအား ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ဖယ်ရှားပေးရန် ဂျုံစက်လုပ်ငန်းရှင် လေးဦးက အစိုးရကို တောင်းဆိုလိုက်ပါတယ်။ ထိုကဲ့သို့တောင်းဆိုရခြင်းမှာ လာမယ့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်တွင်းမှာဂျုံထွက်ရှိမှု ကျဆင်းနိုင်တာဖြစ်ကြောင်း သိရပါတယ်။

ကမ္ဘာ့ဂျုံတင်ပို့သူများက ဂျုံအမြောက်အမြားဝမ်းပုံဝယ်ယူတဲ့ အိန္ဒိယနိုင်ငံကိုသာ မျက်စိကျနေတဲ့ အချိန်၊ နိုင်ငံရဲ့ ဂျုံလိုအပ်ချက်ကို ကမ္ဘာ့ဂျုံဈေးကွက်က မတို့ပြန်နိုင်ခင်မှာ ဂျုံစက်ပိုင်ရှင်များက ပြည်ပမှ ဂျုံတင်သွင်းမှုနဲ့စပ်လျဉ်းပြီး ကြိုတင်ပြင်ဆင်စေလိုတာဖြစ်ပါတယ်။

အိန္ဒိယအစိုးရအနေနဲ့ ယခင်က ဂျုံတင်သွင်းခွန် ၁၀ ရာခိုင်နှုန်းသာ ကောက်ခံခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစပြီး သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းတိုးမြှင့်စည်းကြပ်ကောက်ခံခဲ့တာဖြစ်ပါတယ်။ ထိုကဲ့သို့ သွင်းကုန်ခွန်တိုးမြှင့်စည်းကြပ်ရခြင်းမှာ ပြည်ပမှ ဂျုံတင်သွင်းမှုကို ကာကွယ်နိုင်ရန်နဲ့ ပြည်တွင်းဂျုံလက်ကျန်များကို အသုံးပြုနိုင်ရန်အတွက်လို့သိရပါတယ်။

မိုးခေါင်ရေရှားမှုနဲ့ အပူချိန်မြင့်မားမှုတွေကြောင့် လာမယ့်ဘဏ္ဍာနှစ်မှာ ပြည်တွင်းဂျုံထွက်ရှိမှုဟာ တန်ချိန် ၁၀ သန်းခန့်လျော့နည်းကျဆင်းနိုင်တယ်လို့ ဂျုံစက်လုပ်ငန်းရှင်များကပြောပါတယ်။ ပရိုတိန်းပါဝင်မှုမြင့်မားတဲ့ ဂျုံကို ဂျုံစက်လုပ်ငန်းများက လိုအပ်ကြောင်း၊ ပေါင်မုန့်ဖုတ်သမားများနဲ့ အသင့်စားအစားအစာကိုရောင်းချနေတဲ့ စားသောက်ဆိုင်များက ပရိုတိန်းမြင့်မားစွာပါဝင်တဲ့ ဂျုံကိုသာ ၎င်းတို့ရဲ့ လုပ်ငန်းမှာ အသုံးပြုလိုကြတဲ့အတွက် ဖြစ်ပါတယ်။

ပြည်တွင်းဂျုံထွက်ရှိမှု ကျဆင်းသည့်တိုင် ပြည်တွင်းဂျုံလိုအပ်မှုပမာဏကတော့ တန်ချိန် ၆၁ သန်းကျော် ရှိနိုင်တယ်လို့ ဂျုံစက်လုပ်ငန်း ရှင်များအသင်းက စားနပ်ရိက္ခာနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနသို့ တင်ပြထားတယ်လို့ အိန္ဒိယတိုင်းမ်သတင်းမှာ ဖော်ပြထားပါတယ်။

**CMK**

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ အနီးစပ်ဆုံးထက်ရော ကာလတူထက်ပါ ရော်ဘာပိုမိုတင်ပို့

ဇန်နဝါရီလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ ၂ ဒသမ ၂၄၀ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၂၄၉၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ အများဆုံးတင်ပို့ခဲ့တဲ့ နိုင်ငံမှာ မလေးရှားနိုင်ငံဖြစ်ပြီး စင်ကာပူ၊ ဂျပန်နဲ့ ကိုရီးယားနိုင်ငံများသို့လည်း တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံကို RSS-3၊ MSR-20 နဲ့၊ MSR-50 ၁၇၉၀ တန်တင်ပို့ခဲ့ပြီး၊ စင်ကာပူနိုင်ငံသို့ MSR-20 တန် ၃၂၀ နဲ့ ဂျပန်နိုင်ငံသို့ MSR-20 တန် ၂၉၀ တင်ပို့ခဲ့ပါတယ်။ ကိုရီးယားနိုင်ငံသို့ MSR-20 ၁၀၁ တန်ခန့် တင်ပို့ခဲ့ပြီး၊ ယခင်ဒီဇင်ဘာလတင်ပို့မှုထက် ၁၀၁၂ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူက ၁၈၅၈ တန်သာတင်ပို့ခဲ့လို့ ယခုနှစ်မှာ ရော်ဘာ ၆၃၃ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ နိုင်ငံတကာ ရော်ဘာဈေး အတက်အကျသိပ်မရှိကြောင်း သိရပါတယ်။ ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးကိုတော့ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက အောက်ပါအတိုင်း ထုတ်ပြန်ထားပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၉၅၀-၁၀၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၉၀၀-၁၀၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၈၅၀-၉၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၈၀၀-၉၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ ၁၁၅၀-၁၂၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၉၀၀-၁၀၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၈၅၀-၉၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၇၅၀ - ၈၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၇၀၀ - ၈၀၀ |
| Cencentrate | တစ်တန်လျှင် | ဒေါ်လာ ၅၆၀ - ၆၅၀ |
| Latex 60% DRC | | |

**ယဉ်ယဉ်အေး**

### ကုန်သွယ်ရေးစခန်းများမှ ယမန်နှစ်ထက် ရော်ဘာပိုမိုတင်ပို့

ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီလအတွင်းမှာ ကန်ဒေါ်လာ ၃ ဒသမ ၄၄၆ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၃၄၄၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ RSS-3 ၁၉၅၈ တန်၊ MSR-20 ၇၁၆ တန်၊ MSR-50 ၁၃၃ တန်ကျော်၊ ချင်းရွှေဟော်စခန်းမှ RSS-3 ၁၃၇ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းက RSS-3 ၃၀၅တန်နဲ့ MSR-20 တန် ၂၀၀ ဖြစ်ပါတယ်။

ယခင်လတင်ပို့မှုထက် ၃၂၇၉ တန်ခန့်လျော့နည်းခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စ ဧပြီလမှ ဇန်နဝါရီလအထိ ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတင်ပို့မှုမှာ ကန်ဒေါ်လာ ၁၉ ဒသမ ၇၅၄ သန်းတန်ဖိုးရှိပြီး တန်ချိန်မှာ ၄၃၇၂၃တန်ကျော်ဖြစ်ပါတယ်။ ယမန်နှစ် ကာလတူထက် ၁၁၃၉၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်သွယ်ရေးဇုန်မှာ RSS-3 တစ်တန်ရဲ့ပေါက်ဈေးမှာ ၁၃၆၈၄၀၆ ကျပ်ရှိပါတယ်။ ယခင်တစ်ပတ်က ၁၃၄၃၂၈၅ ကျပ်ရှိတဲ့အတွက် ဈေးအနည်းငယ်တက်လာကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

### ရော်ဘာပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းရှင်များအား သက်သာသောအတိုးနှုန်းနဲ့ ထိုင်းအစိုးရက ငွေထုတ်ချေးပေးရန်စီစဉ်

ထိုင်းနိုင်ငံပြည်တွင်းရော်ဘာပစ္စည်း ထုတ်လုပ်တဲ့ လုပ်ငန်းရှင်များ ရော်ဘာထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင် အဆင်ပြေစေရန်အတွက် ဘတ် ၁၅ ဘီလီယံကို ထိုင်းအစိုးက သက်သာသော အတိုးနှုန်းနဲ့ ထုတ်ချေးပေးသွား မယ်လို့ ဇန်နဝါရီလ ၂၈ ရက်က ကြေညာခဲ့ပါတယ်။

အတိုးနှုန်းနည်းနည်းနဲ့ ချေးငွေဟာ ပုဂ္ဂလိကကဏ္ဍမှ လက်အိတ်၊ တာယာ၊ ရော်ဘာပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းများ အကျဘက်သို့ဦးတည်နေတဲ့ အင်ဂျင်နီယာပိုင်းဆိုင်ရာကဏ္ဍနဲ့ ၂၀၁၆ မှ ၂၀၂၆ အထိ ၁၀ နှစ်ကျော်ကာလအတွင်း ချမှတ်ထားတဲ့စီမံကိန်းလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ထုတ်လုပ်မှုတိုးချဲ့ရေးနဲ့ စိုက်ပျိုးမြေများတိုးချဲ့ရေးတို့အတွက် အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေကို ထုတ်ချေးသွားမှာဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ Col Sansem Kaewkamnerd က ပြောပါတယ်။ အစိုးရအနေနဲ့ ကူးသန်းရောင်းဝယ်ရေးဘဏ် ခြောက်ခုမှ သုံးရာခိုင်နှုန်း အတိုးနှုန်းနဲ့ ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း ဇန်နဝါရီလ ၂၆ ရက်အစိုးရအဖွဲ့ အစည်းအဝေးအပြီးပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားပါတယ်။

အစိုးရရဲ့ ရော်ဘာတရားဝင် ဝယ်ယူရေး အစီအစဉ်ကိုလည်း ဇန်နဝါရီ ၂၇ ရက်က စတင်လိုက်ပြီဖြစ်ပြီး တန်ချိန် ၇၀ ကျော်ကို ရော်ဘာစိုက်တောင်သူများ ထံမှ တစ်ကီလိုဂရမ်လျှင် ၄၂ ဘတ်နှုန်းနဲ့ ကြားခံအဖြစ် ဝယ်ယူပေးသွားမယ်လို့လည်း ဘာနာမာသတင်းအရ သိရှိရပါတယ်။ ထိုင်းအကောက်ခွန်ဌာနမှ ထုတ်ပြန်သော သတင်းအရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ရော်ဘာတင်ပို့မှု သည် တန်ချိန် ၄ ဒသမ ၀၈ သန်းသာရှိပြီး ပြီးခဲ့တဲ့နှစ်ထက် သုံးရာခိုင်နှုန်းခန့် ကျဆင်းခဲ့တယ်လို့သိရပါတယ်။ မှိုင်းခံရော်ဘာတင်ပို့မှုက ၆ ဒသမ ၇ ရာခိုင်နှုန်းနဲ့ ရော်ဘာစေးတင်ပို့မှုက ၆၉ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့တယ်လို့ သိရပါတယ်။

**CMK**



### ယမန်နှစ်ကာလတူထက် ရော်ဘာစိမ်းတန်ချိန် ၁၅၀၀၀ ကျော်ပိုမိုတင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ပထမ ၁၀ လတာကာလမှာ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့နိုင်မှုမှာ တန်ချိန်အားဖြင့် ၇၂၄၉၂ တန်ကျော်ဖြစ်ပြီး ယမန်နှစ်ကာလတူက တင်ပို့တဲ့ ပမာဏက ၅၇၀၁၁ တန်ဖြစ်ရာ ကာလတူထက် တန်ချိန် ၁၅၄၈၁ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

တန်ဖိုးအားဖြင့်တော့ ကန်ဒေါ်လာ ၁ ဒသမ ၃၉၅ သန်းဖိုးပိုမိုရရှိခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တစ်ခုလုံးမှာ ရော်ဘာစိမ်း တန်ချိန် ၇၇၅၁၈ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၁၁ သန်းဖိုး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**MIRT**

သင့်ကျန်းမာရေး

# နှာခေါင်းသွေးလျှံခြင်း

ဒေါက်တာလွင်သန့်

**မေး။** ကလေးတွေ နှာခေါင်းသွေးလျှံရင် ခေါင်းမော့စေပြီး ရေခဲအုပ်ပေးတာ၊ နှာခေါင်းညှစ်ထားပေးတာမှန်သလားဆရာ။ ဘယ်လိုပြုစုကုသသင့်ပါသလဲခင်ဗျာ။

**ဦးအုန်းမြင့် (မအူပင်)**

**ဖြေ။** နှာခေါင်းသွေးလျှံတာဟာ လူတိုင်းလိုလို ကြုံဖူးကြပါတယ် ။ ကလေးငယ်တွေမှာ အတွေ့ရများတယ်။ မတော်တဆထိခိုက်ဒဏ်ရာ ရတာကအစ ရာသီဥတုကြောင့်ဖြစ်တတ်သလို ပင်ပန်းတဲ့အလုပ်နဲ့ အားကစားလုပ်ခြင်းတွေကြောင့်လည်း ဖြစ်တတ်တယ်။

**(၁) နှာခေါင်းသွေးလျှံသူကို** ရှေ့ခေါင်းငိုက်ပြီး ခပ်ကိုင်းကိုင်းထိုင်ခိုင်းရမယ်။ နောက်လှန်ထားရင် သွေးများနှာခေါင်းကတစ်ဆင့် လည်ချောင်းထဲဆင်းသွားနိုင်တယ်။ သွေးများနှာခေါင်းပေါက်ကနေ အပြင်ထွက်သွားစေရမယ်။ ပြုစုသူဟာဖြစ်နိုင်ရင် လက်အိတ်စွပ်ထားရမယ်။ လူနာရဲ့နှာခေါင်းကို ဖိကိုင်ရမှာဖြစ်လို့ လက်အနာရှိရင်လူနာက အခြားကူးစက်ရောဂါ အသည်းရောင်ဘီနှင့်စီပိုးရှိရင် ကာကွယ်ပြီးသားဖြစ်သွားတယ်။ ညှစ်ထုတ်ဖို့မလိုပါ။

**(၂) နှာခေါင်းပိတ်ထားရမယ်။** နှာခေါင်းကိုလက်နဲ့ညှစ်ပြီး ပိတ်ထားခိုင်းရမယ်။ ပါးစပ်ကနေအသက်ရှူစေရမယ်။ နှာခေါင်းပိတ်ထားမှ သွေးလျှံတာလျော့သွားတယ်။ လက်ဆေးခွက် (သို့မဟုတ်) ရေထည့်ထားတဲ့ဇလုံတစ်လုံးပေါ် ခေါင်းငိုက်ထားပြီး ထွက်လာတဲ့သွေးစများကို ဖြည်းဖြည်းချင်းသပ်ချခိုင်းရမယ်။ ခေါင်းလှန်ထားရင် သွေးများမျိုချမိကာ ကျန်းမာရေးထိခိုက်နိုင်တယ်။ နှာမချေမိအောင် သွေးမျိုမချမိအောင် ချောင်းမဆိုးအောင် တတ်နိုင်သမျှထိန်းနိုင်ရမယ်။ နှာခေါင်းထဲသွေးခဲပြီး တိတ်သွားတဲ့ဖြစ်စဉ်မျိုး ဖြစ်ပေါ်လာအောင် မပြုလုပ်ရပါ။

**(၃) နှာခေါင်းကိုစစ်ဆေးကြည့်သင့်တယ် -** နှာခေါင်းကို လက်နဲ့ညှစ်ပိတ်ကိုင်ထားတာ ဆယ်မိနစ်လောက်ရှိရင် လွှတ်လိုက်ပြီး သွေးထပ်လျှံမလျှံစောင့်ကြည့်ရမယ်။ သွေးလျှံနေတုန်းဆိုရင် နောက်ထပ် ၁၀ မိနစ်ညှစ်ပြီးကိုင်ထားရမယ်။

**(၄) အအေးနှင့်ဖိပါ-** လူနာရဲ့နှာခေါင်းပေါ်ကိုရေခဲ(သို့မဟုတ်)အအေးတုံးတစ်ခုခုကို တင်ရမယ်။ ရေခဲသေတ္တာထဲက ဖန်ခွက်တစ်ခုနဲ့ နှာခေါင်းရိုးတစ်လျှောက် ပွတ်သပ်ပေးခြင်းက သွေးမြန်မြန်ခဲသွားအောင် ကူသပေးနိုင်ပါတယ်။

**(၅)နှာခေါင်းကိုထပ်မံစစ်ဆေးသင့်တယ်** သွေးတိတ်သွားပြီဆိုရင် ရေစိုဝတ်နဲ့လူနာနှာခေါင်းကို ပွတ်တိုက်သန့်ရှင်းပေးရမယ်။ နောက် ၁၂ နာရီအတွင်း နှပ်မညှစ်မိဖို့၊ ပြင်းထန်တဲ့လှုပ်ရှားမှုမပြုမိဖို့ သတိထားပါ။

**(၆) ဆရာဝန်နဲ့ပြသကုသဖို့လိုတယ် -** တစ်ပတ်တစ်ကြိမ်မက နှာခေါင်းသွေးလျှံရင် သွေးတိုးဖြစ်နိုင်လို့ ဆရာဝန်နဲ့ ပြသခိုင်းရမယ်။ သွေးခဲတဲ့လူနာမျိုး မှာ သွေးကျဲဆေးသောက်နေရရင် မကြာခဏနှာခေါင်းသွေးလျှံတတ်လို့ ဆရာဝန်နဲ့ပြန်ပြသင့်တယ်။ ခေါင်းထဲဆစ်ကနဲဖြစ်ပြီး သွေးရည်နည်းနည်းပါတဲ့အရည်ကြည်များ နှာခေါင်းကထွက်ရင် ဦးခေါင်းခွံအက်နေခြင်းကြောင့် ဆိုက်ကယ်မှောက်ဒဏ်ရာရထားရင် တွေ့ရတယ်။ ဆေးရုံ၊ ဆေးခန်းပြသရမယ်။ အကြောင်းမယ်မယ်ရရမရှိဘဲ မကြာမကြာ နှာခေါင်းသွေးလျှံရင် သွားဖုံးကလည်း သွေးယိုမယ်ဆိုရင် မိသားစုဆရာဝန်နဲ့ ပြသပြီး ကုသမှုခံယူသင့်ပါတယ်။

**(၇) သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးဖို့** အနည်းဆုံးတစ်နှစ်မှာ တစ်ကြိမ်သွားဆရာဝန်နဲ့ပြသစစ်ဆေးဖို့လိုတယ်။ ရေစီးကမ်းပြိုရောဂါ၊ ဗီတာမင်စီချို့တဲ့တဲ့ရောဂါများကုသရမယ်။

မတော်တဆထိခိုက်မှုတွေဖြစ်တတ်တဲ့ လက်ဝှေ့ ၊ ဘောလုံး၊ ဘတ်စကက်ဘောကစားရင်း ဒဏ်ရာရခြင်း၊ လက်နဲ့တစ်ချိန်လုံး နှာခေါင်းနှိုက်နေခြင်း၊ အပြင်းအထန်နှာချေခြင်းတို့က နှာခေါင်းသွေးလျှံတတ်လို့ ယင်းအပြုအမူများ ရှောင်ရှားသင့်ပါတယ်။ ဆရာဝန်နဲ့ ပြသသင့်ပါတယ်။

# ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှုနဲ့ ဆေးလိပ်သောက်ခြင်းကြောင့် တရုတ်နိုင်ငံမှာ အဆုတ်ကင်ဆာဝေဒနာဖြစ်ပွားမှု သိသိသာသာမြင့်တက်

တရုတ်နိုင်ငံတွင် ကင်ဆာဝေဒနာကြောင့် သေဆုံးမှု တစ်နေ့ပျမ်းမျှ ၇၅၀၀ ဦးနှုန်းသေဆုံးနေကြောင်း၊ အစီရင်ခံစာများအရ ၂၀၁၅ ခုနှစ်တွင် ကင်ဆာဝေဒနာကြောင့် သေဆုံးသူ ၂ ဒသမ ၈ သန်းရှိကြောင်း ၊ ကင်ဆာဝေဒနာဖြစ်ပွားသူဦးရေ ၄ ဒသမ ၃ သန်း ရှိပြီး အများဆုံးဖြစ်ပွားတဲ့ ကင်ဆာရောဂါကတော့ အဆုတ်ကင်ဆာဖြစ်ကြောင်း ပေကျင်းအမျိုးသားကင်ဆာဗဟိုမှ Dr.Wanqing Clen ဦးစီးပြုလုပ်တဲ့ သုတေသနအရ ဖော်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။

အမေရိကန် ကင်ဆာလူမှုရေးအဖွဲ့၊ ဆစ်ဒနီတက္ကသိုလ်နဲ့ ပေကျင်းအမျိုးသားကင်ဆာဗဟိုတို့မှ ပညာရှင်များ ပူးပေါင်းပါဝင်တဲ့အဖွဲ့က လတ်တလော သုတေသနပြု လေ့လာခဲ့ကြတာ ဖြစ်ပါတယ်။သုတေသနအဖွဲ့က ကင်ဆာရောဂါ မှတ်ပုံတင်ရုံး ၇၂ ရုံးကို အခြေခံပြီး လေ့လာဆန်းစစ်မှုကို ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

အဓိက ရင်ဆိုင်ရတာကတော့ လေထုညစ်ညမ်းမှုကြောင့်ဖြစ်ပါတယ်။ မော်တော်ယာဉ် သုံးစွဲမှုမြင့်မားလာတာကြောင့် လေထုညစ်ညမ်းမှု များပြားလာခြင်းဖြစ်ပါတယ်။ ဆေးလိပ်သောက်သုံးမှုကြောင့် ကင်ဆာဖြစ်ပွားတာက ၂၅ ရာခိုင်နှုန်းရှိပါတယ်။လေထုညစ်ညမ်းမှုအပြင် အခြားကင်ဆာဖြစ်ပွားစေတာကတော့ လူနေမှုပုံစံကြောင့်ဖြစ်ပြီး ဒါကိုတော့ အစားအသောက်၊ ပုံမှန်လေ့ကျင့်ခန်းလုပ်ခြင်းနဲ့ ကောင်းမွန်တဲ့ လူနေမှုပုံစံတို့ကို ပြုပြင်လုပ်ဆောင်ရင်း ရှောင်ရှားနိုင်တယ်လို့ သုတေသီများကပြောပါတယ်။

တရုတ်နိုင်ငံမှာ အများဆုံးဖြစ်ပွားတဲ့ ကင်ဆာရောဂါတွေကတော့ အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာနဲ့ အသည်းကင်ဆာတို့ ဖြစ်ကြပါတယ်။ ကင်ဆာကြောင့် သေဆုံးမှုမြင့်မားနေပြီး တရုတ်နိုင်ငံရဲ့ ကျန်းမာရေးကဏ္ဍမှာ အဓိကပြဿနာလို့ သုတေသီများက ဆိုပါတယ်။ လွန်ခဲ့တဲ့ ၅ နှစ်တုန်းက ကင်ဆာဝေဒနာဖြစ်ပွားသူရဲ့၃၇ ရာခိုင်နှုန်းခန့်ကတော့ အသက်ရှင်သန်နိုင်ပြီး အမျိုးသမီးများက အမျိုးသားများထက် ရှင်သန်နိုင်စွမ်းပိုမိုပါတယ်။ ကင်ဆာဝေဒနာသည်တွေအနက် အမျိုးသမီးက ၄၇ ရာခိုင်နှုန်းနဲ့ အမျိုးသားများက ၂၉ ရာခိုင်နှုန်း ရှင်သန်နိုင်စွမ်းရှိပါတယ်။ သုတေသီများက စာတမ်းမှာဖြည့်စွက်ဖော်ပြထားတာကတော့ ၂၀၁၅ ခုနှစ်မှာ တရုတ်နိုင်ငံမှာ ကင်ဆာဝေဒနာသည် အသစ် ၄၂၉၂၀၀၀ ခန့်ရှိပြီး ၂၈၁၄၀၀၀ က ကင်ဆာကြောင့် သေဆုံးခဲ့တယ်။

အဆုတ်ကင်ဆာကြောင့် သေဆုံးမှုက အများဆုံးဖြစ်ကြောင်းနဲ့ အစာအိမ်၊ အသည်းကင်ဆာတို့ကြောင့် သေဆုံးမှုများ လည်းရှိနေကြောင်း စာတမ်းမှာ ဖော်ပြထားပါတယ်။

**ရှင်ပါဂူ**

# ဇီကာပိုင်းရပ်စ်ကို ကာကွယ်နိုင်သည့်ကွန်ဒုံးကို တီထွင်မည်ဟုဆို

လက်တင်အမေရိကတိုက်တစ်ဝန်းတွင် ကပ်ရောဂါသဖွယ်ကျရောက်နေသည့် ဇီကာဗိုင်းရပ်စ်ပိုးသည် လိင်ဆက်ဆံရာမှလည်း ကူးစက်တတ်သည်ဟူသည့်သတင်းကြောင့် ကွန်ဒုံးထုတ်လုပ်သည့်ကုမ္ပဏီများက ဇီကာဗိုင်းရပ်စ်ကို ကာကွယ်နိုင်သည့်ကွန်ဒုံးအမျိုးအစားသစ်တစ်မျိုးကို ထုတ်လုပ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ကမ္ဘာကျော် ကွန်ဒုံးအမှတ်တံဆိပ်များကို ထုတ်လုပ်လျက်ရှိသည့်ကုမ္ပဏီတစ်ခုဖြစ်သည့် Ansell Ltd. အပါအဝင် ကုမ္ပဏီအများအပြားက အဆိုပါကွန်ဒုံးကိုထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်ဟုဆိုသည်။

ဇီကာဗိုင်းရပ်စ်သည် ခြင်ကိုက်ခံရခြင်းမှတစ်ဆင့် ဖြစ်ပွားသည့်ရောဂါမျိုးသာဖြစ်ပြီး ယခုကဲ့သို့လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ဆိုခြင်းမှာ ဖြစ်နိုင်ဖွယ်ရာမရှိကြောင်း၊ သို့သော် ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသူနှင့် လိင်ဆက်ဆံမိခဲ့ရာမှ ကူးစက်နိုင်သဖြင့် ယခုဖြစ်ရပ်အား လက်ခံရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ဂရီဂိုရီဟာ့တ်ကပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံတွင် ဇီကာဗိုင်းရပ်စ်ပိုးတွေ့ရှိသည့် လူနာတစ်ဦးအားစစ်ဆေးခဲ့ရာ ၎င်း၏သုတ်ပိုးအတွင်းမှ အဆိုပါဗိုင်းရပ်စ်ပိုးကို တွေ့ရှိခဲ့ရသဖြင့် လိင်ဆက်ဆံရာမှတစ်ဆင့်ကူးစက်နိုင်သည်ဟု ကျန်းမာရေးအရာရှိများက ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါလူနာသည် ဗင်နီဇွဲလားနိုင်ငံမှပြန်လည်ရောက်ရှိလာသူတစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံသို့ရောက်ရှိမှ ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသည်ကို သိရှိခဲ့ရခြင်းဖြစ်သည်။

“Ansell က ဘရာဇီးမှာရှိတဲ့ ဒေသဆိုင်ရာအာဏာပိုင်တွေနဲ့တွေ့ဆုံဖို့ လုပ်နေပါပြီ။ တခြားနိုင်ငံက ပြည်သူတွေကိုလည်း ကျန်းမာရေးဆိုင်ရာ ဗဟုသုတတွေကို ဖြန့်ဝေနိုင်ဖို့လည်း လုပ်နေပါတယ်။ ဒီရောဂါပိုးဟာ ခြင်ကိုက်ခံရတဲ့လူနာမှတစ်ဆင့် ကူးစက်တတ်တယ်ဆိုပေမယ့် အခုလို လိင်ဆက်ဆံခြင်းမှလည်း ကူးစက်နိုင်တဲ့အတွက် ယုံကြည်စိတ်ချရတဲ့ ကွန်ဒုံးတွေကို အသုံးပြုနိုင်ဖို့ ကျန်းမာရေးဗဟုသုတတွေကို ပြည်သူတွေသိရှိအောင် လုပ်ဆောင်သွားမှာပါ”ဟု Ansell ကုမ္ပဏီမှ ဥက္ကဋ္ဌ ဂျာယန်းဟာပါက ပြောကြားခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ ဇီကာဗိုင်းရပ်စ် ဖြစ်ပွားနေသည့် နိုင်ငံပေါင်းမှာ အမေရိကတိုက်တွင် နိုင်ငံပေါင်း ၂၆ နိုင်ငံအထိရှိနေပြီဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အထိုင်များခြင်းကြောင့် ဆီးချိုအမျိုးအစား (၂) ကိုဖြစ်ပွားစေနိုင်

အထိုင်များခြင်းဟာ လူကိုသေတဲ့ထိဖြစ်စေပါတယ်။ အခုအခါမှာ အသစ်ဖော်ထုတ်ရရှိချက်အရ အထိုင်များခြင်းကြောင့် ဆီးချို အမျိုးအစား(၂)(Typ -2 Diabetes) ကိုလည်း ဖြစ်စေနိုင် တယ်လို့သိရပါတယ်။ ပြီးခဲ့တဲ့နှစ်က သိပ္ပံပညာရှင်များက လေ့လာမှု ၄၇ ခုကို ပြန်လည်သုံးသပ်ရာမှာ လှုပ်ရှားမှုပြုလုပ်သော်လည်း အထိုင်များခြင်းကြောင့် ဆီးချိုရောဂါဖြစ်ပွား စေတယ်လို့ ဖော်ထုတ်လိုက်နိုင် ပါတယ်။ Diabetologia ဂျာနယ်မှာ နယ်သာလန်နိုင်ငံမှ ဖော်ထုတ်ချက်အသစ်တစ်ခုကို ဖော်ပြထားပါတယ်။ ကုလားထိုင်မှာ မလှုပ်မယှက် မိနစ် ၄၀ ကြာထိုင်တဲ့အကျင့်ကြောင့် ဆီးချိုအမျိုးအစား (၂) ကိုဖြစ်ပွားနိုင်ခြေပိုမိုစေ တယ်လို့ဖော်ပြထားတာဖြစ်ပါတယ်။

ဒါကြောင့်မို့ ကွန်ပျူတာရှေ့မှာတစ်နေကုန်ထိုင် အလုပ်လုပ်နေရပြီး ရုံးအပြန်မှာလည်း ကားစီးပြီးပြန်ရ တယ်ဆိုပါက ဆီးချိုအမျိုးအစား (၂) ကို မလွဲမသွေခံစားရမှာဖြစ်ကြောင်း၊ ဒါ့အပြင် နှလုံးရောဂါ၊ ကင်ဆာ၊ အခြား နာတာရှည်ရောဂါဝေဒနာများကိုလည်း ခံစားရမယ်။ မည်မျှကြာကြာထိုင်ပြီး လုပ်ရတဲ့ အလုပ်လုပ်နေရပါစေ တစ်နာရီတစ်ခါ မိနစ် အနည်းငယ်ကြာ မတ်တတ်ရပ်ခြင်းကို လုပ်သင့်ကြောင်း မိမိထိုင်ပြီး အလုပ်လုပ်တဲ့နေရာမှာ တစ်နာရီတစ်ခါ မတ်တပ်ရပ်ဖို့ သတိပေးကိရိယာလေး တပ်ဆင်ထားသင့်ကြောင်း အိမ်မှာ တီဗွီကြည့်ရင်လည်းတောက်လျှောက်ထိုင်ကြည့်မနေဘဲ ကြော်ငြာဝင်တဲ့ အချိန်မျိုးမှာ လမ်းထလျှောက်ခြင်း၊ အနည်းဆုံး မတ်တတ်ထရပ်ခြင်းကို လုပ်ခြင်းဖြင့် တာရှည်ထိုင်တဲ့ အချိန်ကို လျှော့ချပေးရန် လိုအပ်ကြောင်း အကြံပြုထားပါတယ်။

**ရှင်ပါဂူ**

## 2015 Myanmar Statistical Yearbook ထွက်ပြီ




ဗဟိုစာရင်းအင်းအဖွဲ့မှ ၂၀၁၅ ခုနှစ် မြန်မာစာရင်းအင်း စာစောင် (Myanmar Statistical Yearbook 2015) ကို နိုင်ငံတကာတွင် ထုတ်ပြန်လျက်ရှိသည့် စာရင်းအင်း စာစောင်များနည်းတူ အခန်းပေါင်း ၁၇ ခန်း၊ ဇယားပေါင်း ၂၇၅ ခုဖြင့် စာရင်းအင်းစာစောင် ပုံစံသစ်ကို ၂၀၁၅ ခုနှစ်အတွက် ပုံနှိပ်ထုတ်ဝေရောင်းချမည် ဖြစ်ပါကြောင်း နှင့် စာအုပ်နှင့် CD နှစ်မျိုးတွဲလျက် ဈေးနှုန်းမှာ ကျပ် ၁၅၀၀၀ိ/-၊ CD တစ်မျိုးတည်း ဝယ်ယူပါက ကျပ် ၁၀၀၀ိ/- နှုန်းစီဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။

ဝယ်ယူရရှိနိုင်သော နေရာများမှာ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟိုစာရင်းအင်းအဖွဲ့ ၊ ခြံအမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ (ရန်ကုန်ရုံးခွဲ) နှင့် စာပေဗိမာန်အရောင်းဆိုင် (နေပြည်တော်၊ ရန်ကုန်မြို့) တို့တွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါ သည်။

**ဆက်သွယ်ရန်ဖုန်း-** ၀၆၇-၄၀၆၃၂၅
၀၆၇-၄၀၆၃၂၉
၀၆၇-၄၀၆၃၃၆၊
၀၁-၆၅၇၃၀၇




## 7DayCars ဝက်ဘ်ဆိုက်စတင်လွှင့်တင်

7Days News Journal နှင့် 7Day Daily သတင်းစာတို့ကို ထုတ်ဝေနေ သည့် မြန်မာနိုင်ငံ၏ ထိပ်တန်းမီဒီယာကြီးတစ်ခုဖြစ်သည့် 7Day Media ၏ နောက်ထပ်ခြေလှမ်းတစ်ခုဖြစ်သည့် 7DayCars.com.mm ဝက်ဘ်ဆိုက်ကို စတင်လွှင့်တင်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါဝက်ဘ်ဆိုက်စတင်လွှင့်တင်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် ညနေက ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဝက်ဘ်ဆိုက်တွင် ကားဝါသနာရှင်များ၊ ကားပိုင်ရှင်များ၊ ကားဝယ်ရန်စိတ်ကူးနေသူ၊ စဉ်းစားနေသူများ၊ အကြောင်းအမျိုးမျိုး ပုံစံအမျိုးမျိုးဖြင့် ကားအသုံးပြုနေကြသူအားလုံးအတွက် သတင်းအချက် အလက်ဗဟုသုတများကို 7DayCars.com တွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးထားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မော်တော်ယာဉ်အထောက်အကူပြု လမ်းညွှန်များ၊ မော်တော်ယာဉ်မူဝါဒဆိုင်ရာ သုံးသပ်ချက်ဆောင်းပါးများ၊ ကားအမျိုးအစားအလိုက် သုံးသပ်ချက်များကိုလည်း ရုပ်သံတင်ဆက်မှုများနှင့်အတူ စဉ်ဆက်မပြတ် ဖော်ပြပေးထားကြောင်း သိရသည်။

"၂၀၁၁ ကစပြီး ကားလောက အပြောင်းအလဲတွေကို တွေ့မြင်ခဲ့ရပြီဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့နေရာအနှံ့မှာ ကားအရောင်းစင်တာတွေ၊ Brand New ကားအရောင်းစင်တာတွေ တွေ့မြင်နေရပြီဖြစ်ပါတယ်။ လမ်းပေါ်မှာလည်း ကားအမျိုးအစားတွေ အများအပြားကိုလည်း တွေ့မြင်နေရပြီဖြစ်ပါ တယ်။ ဒါကြောင့်လည်း ရန်ကုန်မြို့ဟာလည်း ကားအရမ်းကြပ်၊ လမ်းပိတ်ဆို့တဲ့အဖြစ်တွေ ကြုံနေရပါတယ်။ ဒါပေမယ့် နယ်ဒေသတွေမှာတော့ ကားလိုအပ်ချက်တွေ မြင့်မားနေဆဲပါ။ ဒီလိုအခြေအနေတွေကြောင့် မြန်မာပြည်သူတွေဟာ ကားနဲ့ပတ်သက်တဲ့ဗဟုသုတတွေ သိရှိနိုင်မှုမှာ အတော်လေးအားနည်းတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့ ဒီ7DayCar.com ကို ထူထောင်ရတာဖြစ်ပါတယ်။ဒီဝက်ဘ်ဆိုက်မှာ လူတိုင်းနဲ့အဆင်ပြေအောင် ဆောင်းပါးတွေ၊ ကားသတင်းတွေ ထည့်သွင်းပေးမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ဝက်ဘ်ဆိုက်က ဒီလိုအပ်ချက်ကို ကူညီဖြည့်ဆည်းပေးမှာဖြစ်ပါတယ်။ အစိုးရသစ်တက်လာတဲ့အချိန်မှာ ပြုလုပ်မယ့်ကားနဲ့ပတ်သက်တဲ့မူဝါဒတွေဥပဒေတွေမှာ ထည့်သွင်းနိုင်အောင် လုပ်ဆောင်ပေးမယ့် ဝက်ဘ်ဆိုက်တစ်ခုလည်း ဖြစ်ပါတယ်"ဟု Information Metrix ကုမ္ပဏီလီမိတက်၏အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးသောင်းစုငြိမ်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

## တရုတ်နှစ်သစ်ကူးနီးလာသဖြင့် မန္တလေး–မူဆယ်ကားခများဈေးတက်

တရုတ်နှစ်သစ်ကူးပွဲတော်ရက် နီးလာသဖြင့် ရန်ကုန်-မန္တလေး-လားရှိုး-မူဆယ်ကားခများ ဈေးတက်လာ ပါတယ်။ မူဆယ်မှ တရုတ်ပြည်သို့ နှမ်းတင်ပို့မှု မရှိသလောက် လျော့နည်းခဲ့တာကြောင့် နှမ်းသယ်ယူခမှာတော့ ဇန်နဝါရီလမှာ အပြောင်းအလဲမရှိတာ တွေ့ရပါတယ်။နှစ်သစ်ကူးပွဲတော်ရက်ကြောင့် သွင်းကုန်များနည်းလာပြီး ပွဲတော်ရက်အသုံးများမယ့် ဖရဲသီးအပို့များလာကြောင်း မန္တလေး-မူဆယ်ကုန်တင်ယာဉ်မောင်းတစ်ဦးထံမှ သိရပါတယ်။ ပို့ကုန်ပိုင်းမှာ ပုံမှန်တင်ပို့နေကျ ပဲ၊ပြောင်း၊ နှမ်း၊ဆန်၊ ရော်ဘာ၊ ဖရဲ၊ သခွား၊ ရေထွက်ကုန်များ၊ တင်ပို့ပြီး သွင်းကုန်ပိုင်းမှာတော့ ဓာတ်မြေဩဇာ၊ ဘိလပ်မြေ၊ ဆိုင်ကယ်အမျိုးမျိုး၊ စက်ဘီး၊ အချိုမှုန့်၊ ပဲပုပ်ဆီ၊ ဂျုံမှုန့်၊ နို့မှုန့်တို့တင်သွင်းခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်ရဲ့ ဇန်နဝါရီလ ကုန်စည်သယ်ယူခနှုန်းထားများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်-

(ပိဿာ/ကျပ်)

| ပို့ကုန် | ၂-၁-၂၀၁၆ မှ ၈-၁-၂၀၁၆ ထိ | ၉-၁-၂၀၁၆ မှ ၁၅-၁-၂၀၁၆ ထိ | ၁၆-၁-၂၀၁၆ မှ ၂၂-၁-၂၀၁၆ ထိ | ၂၃-၁-၂၀၁၆ မှ ၂၉-၁-၂၀၁၆ ထိ |
|---|---|---|---|---|
| ပြောင်း | ၉၀-၉၁ | ၈၈-၉၀ | ၉၃-၉၈ | ၉၅-၁၀၉ |
| ဆန် | ၈၁-၉၁ | ၇၉-၈၅ | ၉၄-၉၉ | ၉၅-၁၀၇ |
| ပဲတီစိမ်း | ၈၂-၈၉ | ၉၀-၉၂ | ၉၅-၁၀၁ | ၉၆-၁၁၀ |
| နှမ်း | ၆၅-၈၈ | ၆၅-၈၈ | ၆၅-၈၈ | ၆၅-၈၈ |
| ရော်ဘာ | ၈၆-၈၉ | ၈၉-၉၂ | ၉၄-၁၀၇ | ၁၁၀-၁၁၉ |
| သွင်းကုန် | | | | |
| မြေပဲဆီ | ၂၈ | ၂၈ | ၂၇ | ၃၀ |

မော်မော်အောင်

## ကားဈေးကွက်အေး အကွာရာအနိမ့်များသာ အရောင်းအဝယ်ရှိနေ

နှစ်ဆန်းပိုင်း၏ ဒုတိယလဖြစ်သော ဖေဖော်ဝါရီလ၊ လဆန်းကာလသို့ ရောက်ရှိလာပြီဖြစ်သော်လည်း မနှစ်ကနှင့် ယခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် ပြစ်တင်ဖြေလျော့ထုတ်ပြန်ပေးခဲ့သော မော်တော်ယာဉ်မူဝါဒများနှင့်ပတ်သက်၍ ဂယက်ရိုက်ခတ်မှုများ မကုန်သေးသလို ကားဈေးကွက် အတွင်း၌ ကားအရောင်းအဝယ်များမှာ ထင်သလောက် ဖြစ်မလာဘဲ ဝယ်သူကြိုက်ဈေးဖြင့်သာ ရောင်းချနေရ ကြောင်း သိရသည်။

ယခုနှစ်တွင် ကားတင်သွင်းခွင့်မူဝါဒများမှာ ယခင်ကထက်စာလျှင် ကန့်သတ်ချက်ပိုများလာသဖြင့် နှစ်ဆန်းပိုင်း နှစ်ဆန်းရက်များအတွင်း တစ်ဟုန်ထိုးတက်လာခဲ့သော ကားဈေးတန်းများသည် ဇန်နဝါရီ ၇ ရက်တွင် ထုတ်ပြန်သောမူဝါဒပြန်လည်ဖြေလျော့မှုများအရ ဈေးပြန်ကျဆင်းလာသော်လည်း ဒေါ်လာဈေးမြင့်တက်နေမှု၊ နိုင်ငံခြားကား ဈေးကွက်များအတွင်း အသွင်းများသည့်ကားများ လေလံဈေးတန်းမြင့်မားနေမှုကြောင့် မနှစ်က ဈေးတန်းသို့ ပြန်မရောက်နိုင်သေးကြောင်း ဝါရင့်ကားဝယ်ရောင်းအကျိုးဆောင်များမှပြောသည်။

လတ်တလော ရန်ကုန်ကားဈေးကွက်အခြေအနေမှာ အရောင်းအဝယ်များရှိသော်လည်း အရောင်းစင်တာများနှင့် ကားပွဲစားတန်းနေရာများတွင် အမေးသာများပြီး၊ အဝယ် ပါးနေကြောင်း၊ အထူးသဖြင့် ဈေးဆစ်၍ကောင်းသည့် ကားပွဲစားတန်းများနှင့် တစ်ပိုင်တစ်နိုင်ဝယ်ရောင်းများထံတွင် ဝယ်လက်များရှိနေပြီး၊ ဝယ်ယူလိုသူများကလည်း ၎င်းတို့ကြိုက်ဈေးရမှသာ ဝယ်ယူတတ်သဖြင့် အရင်းမရှုံးအောင်နှင့် လက်တွင်းကိုင်ထားသည့်အချိန်အား သုံးသပ်ပြီး ဈေးသို့ရောင်းချမှသာ အရောင်းအဝယ်ဖြစ်ကြောင်း၊ လူအများမှာ စောင့်ကြည့်နေကြသည့်သဘောလည်းပါကြောင်း ၎င်းတို့မှ ပြောသည်။

ယခုရက်ပိုင်းအတွင်း မိုဒယ်နိမ့် ၂၀၀၄/၂၀၀၅ စလစ်ကပ်ကားများ ပါမစ်လျှောက်ထားမှုရှိလာ၍ ဈေးတန်းပြန်လည်မာလာကာ ၇၄/၇၅ သိန်းခန့်ရှိကြောင်း၊ ယာဉ်အို ယာဉ်ဟောင်း (နှစ် ၂၀ သက်တမ်းရှိ)ဈေးတန်းမှာ ၆၉/၇၀ သိန်း ဝန်းကျင်ရှိကြောင်း၊ နံပါတ်အနိမ့်အငှားယာဉ်တက္ကစီများအဝယ်ရှိကာ ဖရီးပါမစ်ကားဆိုလျှင် အကွာရာ ၁ တန်း/၂ တန်းနိမ့်များသာ အလုပ်ဖြစ်ကြောင်း၊ သိန်း ၂၀၀ အထက် ကားများဆိုလျှင် ကား၏ရုပ်ခံကိုကြည့်ပြီး ဈေးညှိနှိုင်းပြီးမှသာ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မတ်(ခ်)တူး (၂၀၀၃) | ယာယီ | ၂၀၀ သိန်း | 2.4 စီစီ |
| ၂။ | မတ်(စ်)အိပ်(စ်) (၂၀၀၄) | 9G | ၂၂၅ သိန်း | 2.5 စီစီ |
| ၃။ | ခရောင်း (၂၀၀၃) | 9F | ၁၈၀ သိန်း | 2.0 စီစီ |
| ၄။ | ကလူဂျာ(၂၀၀၄) | ယာယီ | ၂၈၀ သိန်း | 2.4 စီစီ |
| ၅။ | ရက်တစ် (၂၀၀၉) | 3H | ၁၀၀ သိန်း | 1.3 စီစီ |
| ၆။ | ပရိုဘောက် (၂၀၀၈) | ယာယီ | ၁၁၅ သိန်း | 1.3 စီစီ |
| ၇။ | တိုယိုတာဗင်(၂၀၁၀) | ယာယီ | ၁၁၅ သိန်း | 1.3 စီစီ |
| ၈။ | ဝှစ် (၂၀၀၃) | 5G | ၁၈၅ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | အာလ်ဖတ် (၂၀၀၄) | ယာယီ | ၂၆၀ သိန်း | 2.4 ဓာတ်ဆီ |

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးက စမ်းချောင်းမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ



ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၊ အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါပြဋ္ဌာန်းချက်များ၊ ဗဟိုကော်မတီဖွဲ့စည်းထားမှု၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းထားမှု၊ စားသုံးသူအကာအကွယ် ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊စားသုံးရန်မသင့်သည့် အစားအသောက်များ၊ဓာတုဆိုးဆေးသုံးထားသော အစားအစာများ၊ အချိုရည်ဘူးများ၊ သက်တမ်းကုန် မုန့်မျိုးစုံများ၊ ပိုးသတ်ဆေးသုံး ဟင်းသီးဟင်းရွက်သစ်သီးများကို သတိပြုဆင်ခြင်စားသုံးရန်နှင့် စားသုံးသူများမှ မိမိကိုယ်တိုင် အစားအသောက်များကို ရွေးချယ်စားသုံးခြင်းဖြင့် အန္တရာယ်ကင်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာတွင် ကင်ဆာရောဂါဖြစ်ပွားမှု ဒုတိယအဆင့်တွင်ရှိကြောင်း၊ ခေတ်မီကုထုံးများရှိသော်လည်း နေ့စဉ်နေထိုင် စားသောက်မှုပုံစံကို မဖြစ်မနေပြောင်းလဲရန် လိုအပ်ကြောင်း၊ မိမိတို့ပတ်ဝန်းကျင်တွင် ဘေးကင်းလုံခြုံမှုမရှိသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ လူသုံးကုန်၊ ဝန်ဆောင်မှုများတွေ့ရှိပါက လက်ကမ်းစာစောင်ပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဒေါက်တာရွှေဇင်လှိုင်က အစားအသောက်ထဲတွင် ဖန်ကွဲစ၊ ပလတ်စတစ်၊ လက်သည်းခွံ၊ ဘက်တီးရီးယားပိုးများ၊ ဓာတုပစ္စည်းများပါလာတတ်ကြောင်း၊ သောက်ရေသန့်၊ အချိုရည်၊ မုန့်မျိုးစုံ စသည်တို့ ထုတ်လုပ်သော လုပ်ငန်းရှင်များအား လိုင်စင်ထုတ်မပေးမီ လိုက်လံ၍ စစ်ဆေးပြီး သန့်ရှင်းသပ်ရပ် လတ်ဆတ်မှုရှိမှသာ ထုတ်ပေးပါကြောင်းနှင့် အစားအသောက်များတွင် သုံးသောဆိုးဆေးများတွင် ခွင့်ပြုဆိုးဆေးနှင့် ခွင့်မပြုဆိုးဆေးဟူ၍ရှိကြောင်း၊ အဝတ်အထည်ဆိုးဆေးများကို အစားအသောက်တွင် သုံးစွဲပါက ကင်ဆာရောဂါများဖြစ်နိုင်ကြောင်း၊ မည်သည့်အစားအသောက်မဆို FDAထောက်ခံချက် ပါရှိမှသာ စားသောက်စေလိုကြောင်း၊ အလှကုန်များကိုသုံးစွဲရာတွင် ကြော်ငြာကောင်းတိုင်း ဝယ်မသုံးသင့်ကြောင်း၊ ဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်မပါဘဲ မသုံးစွဲသင့်ကြောင်း၊ စပ်ဆေးများသုံးခြင်းကြောင့် အန္တရာယ်ရှိနိုင်မှုတို့ကို အကျယ်တဝင့် ပြောကြားသွားပါသည်။

စမ်းချောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ခင်ဇာလီကျော်က အချိုမှုန့်၊ ကြက်သားမှုန့်များ သုံးစွဲရန်မသင့်ကြောင်း၊ ခြင်ဆေးခွေ၊ အမွှေးတိုင်သုံးစွဲခြင်းအန္တရာယ်နှင့် ဆေးလိပ်၊ ကွမ်းယာ စားသုံးရန်မသင့်ကြောင်း၊ ပူသော အစားအသောက်များကို ပလတ်စတစ်အိတ်၊ ဖော့ဘူးများထဲသို့မထည့်ရန်၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို ကြွပ်ကြွပ်အိတ်များဖြင့်ထည့်ပြီး ရေခဲသေတ္တာထဲတွင် ကြာရှည်မသိမ်းရန်၊ အထပ်ထပ်ကြော်ထားသော ဆီများဖြင့် ပြုလုပ်သည့် ဆီကြော်မုန့်များ မစားသောက်ရန်၊ ကော်ဖီမစ်များ၊ ပုံမှန်ထက်ကြီးထွားသန်စွမ်းသော သီးနှံများ၊ အသား၊ ငါး ၊ ပုစွန်များ၊ မုန့်ဟင်းခါးဖတ်များတွင် ဖော်မလင်သုံးထားတတ်သောကြောင့် သတိထား ရွေးချယ်ဝယ်ယူစားသုံးစေလိုကြောင်း၊ အရောင်ဆိုးဆေးသုံးသော မှုန့်များ၊ အချဉ်ရည်များရှောင်ရှားရန်နှင့် ဝါးတူများကို မသုံးစွဲရန်တို့ကို အကျယ်တဝင့်ပြောကြားသွားပါသည်။

ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍လည်း အကာအကွယ်ပေးရမည်ဖြစ်ကြောင်း၊ စားသုံးသူများမှ မိမိတို့၏ အခွင့်အရေးများကို ရယူပြီး တာဝန်များကိုလည်း သိရှိလိုက်နာရန်လိုပါကြောင်း၊ စီးပွားရေး လုပ်ငန်းရှင်များကလည်း ကျင့်ဝတ်နှင့် တာဝန်များကိုသိရှိပြီး တားမြစ်ချက်များကိုလည်း လိုက်နာရန်လိုပါကြောင်း ဝန်ကြီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် ပြည်ပမှ တင်သွင်းလာမည့် စားသောက်ကုန်၊ လူသုံးကုန်များကို သတ်မှတ်ထားသည့် စံချိန်စံညွှန်း အရည်အသွေးပြည့်မီမှသာ တင်သွင်းခွင့်လိုင်စင် ထုတ်ပေးသည့် အပြင် စားသောက်ကုန်၊ အချိုရည်၊ ဆေးဝါး၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည်တို့ကို လိုအပ်ပါက သက်ဆိုင်ရာ ဌာနများ၏ ထောက်ခံချက်ပါရှိမှသာ တင်သွင်းခွင့်လိုင်စင် ထုတ်ပေးသည့် အခြေအနေ၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာ ဗဟုသုတများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အခြေခံ ပညာကျောင်းများ၊ ဈေးများ၊ စက်မှုဇုန်များ၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးများနှင့် ညှိနှိုင်း၍ ဟောပြောဆွေးနွေးပွဲများ ဆောင်ရွက်နေမှုအခြေအနေနှင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသွားပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ စမ်းချောင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့နယ်/ရပ်ကွက် အထောက်အကူပြုအဖွဲ့များ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အတွင်းရှိ ဈေး (၃) ဈေးနှင့် City Mart ၊ ဂမုန်းပွင့်တို့မှ ဈေးရောင်းချသူများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ဆရာ/ ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ပြီး လက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်မြင့်ဇော် (စားသုံးသူ)ရန်ကုန်**

## စစ်ကိုင်းတိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ၂၃ရက် နံနက်၁၁ နာရီ က မုံရွာမြို့ရှိ တိုင်းဒေသကြီး၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ကိုယ်စား တွဲဖက်အတွင်းရေးမှူး တိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးခမ်လျန်စွမ်းက ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြပြီး တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးအပေါ် သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ် ဆောင်ရွက်ခြင်းအား စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေး မှူးက ရှင်းလင်းဆွေးနွေးတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

**ခိုင်မို့မို့-မြင်းမူ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121627, Fax:081-2121615, email:m.dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

### စီးပွားရေး အကြံပေး ဟောကိန်း

### ၈-၂-၂၀၁၆ မှ ၁၄-၂-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ဖြစ်ပေါ်လာသော အပြောင်းအလဲနှင့် တိုးတက်မှုများ ပူးတွဲ၍ ကောင်းခြင်းဖြစ်ပေါ်မည်၊ ငွေကြေးလက်လွှန်ဆုံးရှုံးမည့်နေရာ အပြောင်းအလဲနှင့် တိုးတက်မည်။ ဘာသာ၊ သာသနာနှင့်ပတ်သက်သောပစ္စည်း သက်နှန်းများထုတ်လုပ် ရောင်းဝယ်ခြင်းအကျိုးဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ မချစ်သင့်သူကို ချစ်မိ၍ သောကရောက်ရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အဆစ်အမြစ်နာကျင်ကိုက်ခဲသော ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။မုန့်ဟင်းခါးလှူပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းခွင်အတွင်း အဟန့်အတားများနှင့် ကြုံမည်၊ စိတ်ကူးကောင်းနှင့် လက်တွေ့အောင်မြင်မှုကြုံမည်။ နိုင်ငံခြားစီးပွားကုန်သွယ်မှု ပိုမိုအကျိုးရှိလိမ့်မည်။ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အကြီးအကဲများ၏ ကူညီပံ့ပိုးမှုကို ရရှိလိမ့်မည်။ စစ်မှန်သော မေတ္တာကိုရရှိရန် အခက်တွေ့နေရတတ်သည်။ ချစ်သူ၏ မတင်မကျအခြေအနေကို အားမလို အားမရရှိမည်။ ကျန်းမာရေးချူချာနေတတ်သည်။ နှာစေး၊ ချောင်းဆိုးခြင်း ဖြစ်နေတတ်ပါသည်။

**ယတြာ။ ။အုန်းနို့ယာဂုလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးတွင် အလုပ်သမားများ လက်အောက်ငယ်သားများအတွက် ပဋိပက္ခများကို ဖြေရှင်းပေးရလိမ့်မည်။ ငွေကုန်စိတ်ပန်းလူပန်း ဖြစ်တတ်သည်။ သယံဇာတပစ္စည်းများနှင့် ပတ်သက်ပြီး အောင်မြင်မှုရရှိတတ်ပါသည်။ နိုင်ငံခြားပညာသင်သွားရတတ်သည်။ အချစ်ရေးတွင် မိမိစွဲလမ်းသူကို ရရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အစားအသောက်ဆင်ခြင်မှုအားနည်းခြင်းကြောင့် ဝမ်းဗိုက်ဥပဒ်ဖြစ်တတ်ပါသည်။

**ယတြာ။ ။အုန်းနို့ခေါက်ဆွဲလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်နှင့်ပတ်သက်သော ကံကောင်းမှုများကြုံမည်။ ကျယ်ကျယ်ပြန့်ပြန့်လုပ်သော စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ရှိနေတတ်ပါသည်။ အဖွဲ့အစည်းများနှင့်ပတ်သက်ပြီး လုပ်ဆောင်သော စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု အားကောင်းနေတတ်ပါသည်။ အချစ်ရေးတွင် မေတ္တာရေးစန်းကောင်းသည့်အတွက် ချစ်သူဝိုင်းဝိုင်းလည်နေတတ်သည်။ ကျန်းမာရေးတွင် လေ၊ သလိပ်၊ အကြောနှင့် ပတ်သက်ပြီး ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ။ထမနဲလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** မြင့်မားသော တိုးတက်မှုအခြေအနေသို့ ပြောင်းလဲရောက်ရှိလာမည်။ စီးပွားရေးတွင် ဆေးနှင့်ဆေးပစ္စည်း၊ ဆေးရုံသုံးပစ္စည်းများ ထုတ်လုပ်ရောင်းဝယ်ခြင်းဖြင့် ချမ်းသာကြီးထွားနိုင်မည်ဖြစ်သည်။ ပညာရေးကြိုးစားအားထုတ်နေရတတ်သည်။ အချစ်ရေးတွင် ရည်ရွယ်ရင်း ကြန့်ကြာနေမည်။ မဝံ့မရဲဖြစ်နေတတ်သည်။ ချစ်သူ၏ အားပေးမှုကို ရရှိတတ်ပါသည်။ ဥတုရာသီပေါ်မူတည်၍ ဖြစ်တတ်သော ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။ဆီထမင်းလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် မြေမှထွက်သော သယံဇာတပစ္စည်း၊ ရွှေ၊ ကျောက်မျက်ရတနာများနှင့်ပတ်သက်ပြီး စီးပွားဖြစ်ထွန်းမှုအားကောင်းနေရတတ်ပါသည်။ ဆရာသမားကောင်းတို့၏ အကြံဉာဏ်ကို လက်ခံရယူ၍ လုပ်ဆောင်ရတတ်သည်။ ပညာရေး တိုးတက်မှုရှိမည်၊ အချစ်ရေးတွင် ခံစားချက်ပြင်းထန်နေတတ်သည်။ အလိုမကျမှုများရှိနေခြင်းကြောင့် ချစ်ရသူနှင့် ဝေးသွားတတ်ပါသည်။ ကျန်းမာရေးတွင် စိတ်ဖိစီးမှုဝေဒနာခံစားရလိမ့်မည်။

**ယတြာ။ ။နို့အေးလှူပါ။**



**စနေသားသမီးများအတွက်** ရည်ရွယ်ချက်ကောင်း၍ လုပ်ငန်းတိုးတက်မှု အားကောင်းလာတတ်ပါသည်။ အလုပ်နှင့်ပတ်သက်၍ ကံကောင်းနေမည်၊ ရေနံဓာတ်ငွေ့လုပ်ငန်း အောင်မြင်မည်၊ ပြည်ပဆက်သွယ်ရေး အခက်အခဲအနည်းငယ်ရှိမည်၊ အချစ်ရေးတွင် ချစ်သူဟောင်း၊ မိတ်ဆွေဟောင်းနှင့် ကြုံရတတ်သည်။ ကျန်းမာရေးတွင် အပူ၊ အအေး မမျှခြင်းကြောင့် ကိုယ်ခံအားနည်းသောဝေဒနာ ခံစားရတတ်သည်။ ယင်းကာလတွင် ထူးခြားသော ပုဂ္ဂိုလ်၊ ထူးခြားသော ဘုရားဖူးရတတ်သည်။ ကံကောင်းခြင်း ကြုံဆုံနေရတတ်သည်။

**ယတြာ။ ။အုန်းသီးသကြားမုန့်ဖတ်ထုပ်လှူပါ။**

# မဲဇာပျားမွေးမြူရေးကြောင့်ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရ

မဲဇာကျေးရွာ တိုက်နယ်တစ်ခွင် နေကြာ၊ ပန်းနှမ်း၊ စိုက်ခင်းများကို အခြေပြုပြီး ပျားရည်ထုတ်လုပ်ကြတဲ့ လုပ်ငန်းရှင်များမှာ ဒေသတွင်း လုပ်သားများ ရှာဖွေငှားရမ်းခြင်း၊ပျားပုံးခေါ် ပျားမွေးသေတ္တာများ ဝယ်ယူကြခြင်းကြောင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများရရှိနေပါတယ်။ အစာကျွေးစရာမလို၊ အပိုဝင်ငွေလည်းရ၊ ပေါင်းစည်းလယ်ယာဖော်ထုတ်မှုနဲ့ သီးနှံများစိုက်ပျိုးထုတ်လုပ်မှုမှာ ဝတ်မှုန်ကူးခြင်းဖြင့် အကျိုးရှိတဲ့အပြင် ပြည်ပပို့ကုန် ပျားရည်နဲ့ ပျားထွက်ပစ္စည်းများ တင်ပို့ခြင်းဖြင့် ပြည်ပဝင်ငွေရရှိတယ်လို့ သိရပါတယ်။

မဲဇာကျေးရွာအုပ်စုမှ လုပ်ငန်းရှင်များက နှစ်စဉ်နိုဝင်ဘာလမှ မတ်လအထိ နေကြာစိုက်ခင်း၊ ပန်းနှမ်း စိုက်ခင်းများမှာ မွေးမြူရေးပျားပုံးများ ချထားပြီး ပျားရည်ထုတ်လုပ်ကြပါတယ်။ မဲဇာတိုက်နယ်မှာ ပျားရည်ထုတ်လုပ်တဲ့ လုပ်ငန်းရှင် ၁၆ ဦးရှိပြီး လုပ်ငန်းအကြီးအသေးအရ ပျားပုံးအရေအတွက် ကွာခြားပါတယ်။ လုပ်ငန်းရှင်များရဲ့ ပျားပုံးပိုင်ဆိုင်မှုမှာ ၅၀၀ မှ ၁၀၀၀ ကြားထိရှိပါတယ်။

မွေးမြူရေးပျားပုံးအလိုက် ပျားရည်ထွက်နှုန်းမတူသော်လည်း ရာသီကုန် တစ်ပုံးပျမ်းမျှ သုံးပိဿာကျော်ထွက်ပါတယ်။ ပုံး ၅၀၀ ပျားရည်ပိဿာ ၁၅၀၀၊ တစ်ပိဿာ ၂၀၀၀ ကျပ်ရောင်းဈေး ရှိလို့ ၃၇ သိန်းကျော်ရရှိပါတယ်။ ပျားပုံး ၅၀၀ စမွေးမယ်ဆိုပါက ကုန်ကျစရိတ် ကိုးသိန်းကျော်ကုန်ကျပါတယ်။ ပျားပုံးချပြီး မတ်လ ပျားရာသီကုန်စာရင်းပိတ်အမြတ် ၂၅ သိန်းကျော် အကျိုးအမြတ်ရှိပါတယ်။ မဲဇာတိုက်နယ်မှ တစ်နှစ် ပျားရည်ထွက်နှုန်း ပိဿာချိန် နှစ်သိန်းကျော်၊ တန် ၃၂၀ ကျော်ထွက်ပါတယ်။ ပျားရည်များကို မြို့နယ်တွင်းနဲ့ မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ မုံရွာ၊ ရွှေဘို၊ ရန်ကုန်၊ မန္တလေးပွဲရုံများသို့ တင်ပို့ရောင်းချပါတယ်လို့ ပျားမွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရပါတယ်။

**ကြည်နိုင်ဦး - အင်းတော်**

# ပုလဲမြို့နယ်မှ ငွေးငယ်နက်စေ့သီးနှံက တစ်ကေကျပ်သိန်း ၂၀ ကျော် ဝင်ငွေရ

ငွေးငယ်နက်စေ့ကို ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ သေတ္တရာကျေးရွာမှ တောင်သူ ဦးမောင်နိုင်က အိန္ဒိယဝါမျိုးဖြစ်တဲ့ RAKA ဝါမျိုးခင်းထဲမှာ ဝါနှစ်ကျင်းခြား၊ ငွေးငယ်နက်စေ့ တစ်ကျင်း ချစိုက်ပြီး အနွယ်များကို ဝါပင်များပေါ်တွင်တက်စေပြီး စင်မထိုးရသောနည်းဖြင့် စိုက်ပျိုးရာ တစ်ဧကငွေးငယ်နက်စေ့ ၁၂ ဘူးကုန်ကျပြီး တစ်နှစ်ခံပင်အဖြစ် စိုက်ပျိုးခြင်း ဖြစ်ပါတယ်။ အစေ့တစ်ပြည်ကို ကျပ် ၈၀၀၀ မှ ကျပ် ၁၀၀၀၀ အထိ ရှိကြောင်း သိရှိရပါတယ်။ ဦးမောင်နိုင်မှာ ယခုလက်ရှိစုဆောင်းပြီးသား ငွေးငယ်နက်စေ့တင်း ၂၀ ကျော်ရှိပြီး ကြိုက်ဈေးမရ၍ မရောင်းသေးကြောင်း၊ တစ်ပြည်ကို ၈၀၀၀ ကျပ်နှုန်းဖြင့် တစ်တင်း ကျပ် ၁၂၈၀၀၀ ၊ တစ်ဧက တင်း ၂၀ အတွက် ၂၅၆၀၀၀၀ ကျပ်ရရှိမှာဖြစ်ပါတယ်။ ယင်းအပြင် စိုက်ပျိုးထားသော ဝါများဆေးဖျန်းခြင်းမပြုရဘဲ တစ်နှစ်အတွက် ပိဿာချိန် ၃၀၀ ရရှိမှာဖြစ်ပြီး တစ်ပိဿာ ကျပ် ၁၀၀၀ ရှိသဖြင့် ဝါသီးနှံမှာလည်း ၃ သိန်းကျပ်ရရှိမှာ ဖြစ်ပါတယ်။



သို့ဖြစ်ပါ၍ တစ်ဧကကို သီးနှံနှစ်မျိုးထွက်ရှိပြီး ဝင်ငွေ ၂၈ သိန်းကျော်ရရှိသွားပြီဖြစ်ကြောင်းနဲ့ အခြားသီးနှံဖြစ်တဲ့ ပဲစင်းငုံသီးနှံများနဲ့ သီးညှပ်စိုက်ပျိုးပါကလည်းရရှိနိုင်ကြောင်းသိရပါတယ်။

ယခုအချိန်မှာ ပြည်ပပို့ကုန်အဖြစ် အလားအလာကောင်းပြီး ကျန်းမာရေးအတွက် အားထားရသော သီးနှံဖြစ်တယ်လို့လည်း သိရပါတယ်။ ပိုးထိလူနာများဟာ ယင်းအစေ့ ၁၅ စေ့လောက်ကို ဆေးရုံမရောက်ခင် စားသွားခြင်းဖြင့်အဆိပ်ပြေနိုင်ကြောင်း၊ ယင်းအပြင် လေးဘက်နာ ရောဂါရှိသူများ၊ အမျိုးသမီးများရဲ့ ကိုယ်တွင်းရောဂါ၊ ကင်ဆာမျိုးပါ ပျောက်ကင်းကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ် မွန်ထောကျေးရွာမှ ဦးဉာဏ်မြင့်၏ ဇနီး ဒေါ်ဗိုလ်မသည် ၂၀၁၂ ခုနှစ်လောက်က အဆုပ်ကင်ဆာရောဂါဖြစ်သောကြောင့် ယင်းအစေ့ကို တစ်ကြိမ်လျှင် သုံးစေ့နှုန်းဖြင့် တစ်နေ့ သုံးကြိမ်စားကြည့်ရာ ကင်ဆာရောဂါပျောက်ကင်းပြီး ယခုအချိန်ထိ သက်ရှိထင်ရှား ရှိနေတဲ့အတွက် ဆေးဖက်ဝင်တယ်လို့ အများကယုံကြည်နေကြကြောင်း၊ အမျိုးသားများအတွက်လည်း အားဆေးတစ်ခွက်ဖြစ်ကြောင်း၊ ဆီးချိုရောဂါ ရှိသူများလည်း သုံးစွဲပါက သက်သာ ပျောက်ကင်းနိုင်ကြောင်း သိရှိရပါတယ်။

**သန်းပို - ယင်းမာပင်**

# တရုတ်နှစ်ကူးအမီ ဖရဲသီးတင်ပို့

ဇန်နဝါရီလနောက်ဆုံးသီတင်းပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃ ဒသမ ၃၁၅ သန်းတန်ဖိုးရှိ ဖရဲသီး ၃၃၁၅၁ တန် တင်ပို့ခဲ့ပါတယ်။ ဇန်နဝါရီလ တစ်လလုံး ဖရဲသီးတန်ချိန် ၁၁၂၀၇၇ တန်ထိ တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။ မူဆယ် သစ်သီးဝလံ ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် ဖရဲသီး သယ်ဆောင်လာတဲ့ ကားစီးရေမှာ ဇန်နဝါရီလလယ် လောက်ထိ အစီး ၂၀၀ ခန့် အဝင်ရှိနေပြီး တရုတ်နှစ်ကူးနီးလာလို့ လကုန်ရက်မှာတော့ အစီး ၇၀၀ ဝန်းကျင်ထိရှိလာကြောင်း၊ ဖရဲသီး တစ်တန်ကို အမြင့်ဆုံးဈေး ယွမ် ၂၂၀၀ ရှိပြီး အနိမ့်ဆုံးယွမ် ၁၀၀၀ ခန့်ရှိ ကြောင်းသတင်းရရှိပါတယ်။

**မော်မော်အောင်**



# မြို့ကြီးများ၏ ၈-၂-၂၀၁၆ မှ ၁၂-၂-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၈-၂-၂၀၁၆) | အင်္ဂါ(၉-၂-၂၀၁၆) | ဗုဒ္ဓဟူး(၁၀-၂-၂၀၁၆) | ကြာသပတေး(၁၁-၂-၂၀၁၆) | သောကြာ(၁၂-၂-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F |
| ရန်ကုန်မြို့ | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၄˚F |
| မန္တလေးမြို့ | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၁˚F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၂၈˚C/၈၂˚F | ၅၀% ၂၅˚C/၇၇˚F | နေသာ ၂၆˚C/၇၉˚F | ၃၀% ၂၅˚C/၇၇˚F | တိမ်အသင့်အတင့် ၂၆˚C/၇၉˚F |
| လားရှိုး | တိမ်အသင့်အတင့် ၂၄˚C/၇၆˚F | တိမ်အသင့်အတင့် ၂၄˚C/၇၅˚F | နေသာ ၂၄˚C/၇၅˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၆˚C/၇၈˚F |
| ကျိုင်းတုံ | နေသာ ၂၄˚C/၇၅˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၉˚C/၈၄˚F |
| လွိုင်ကော် | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၈˚C/၈၃˚F | နေသာ ၂၉˚C/၈၅˚F |
| တောင်ကြီး | နေသာ ၂၁˚C/၇၀˚F | နေသာ ၂၁˚C/၇၀˚F | နေသာ ၂၁˚C/၇၀˚F | နေသာ ၂၂˚C/၇၁˚F | နေသာ ၂၂˚C/၇၂˚F |
| မော်လမြိုင် | နေသာ ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၁˚C/၈၇˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၂˚F |
| ဘားအံ | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၃˚F |
| တောင်ငူ | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၃˚F |
| မုံရွာ | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F |
| ပုသိမ် | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F |
| မြိတ် | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F |
| စစ်တွေ | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၈˚C/၈၃˚F |
| မကွေး | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F |
| ဖလမ်း | နေသာ ၂၀˚C/၆၈˚F | နေသာ ၁၉˚C/၆၇˚F | နေသာ ၁၉˚C/၆၇˚F | နေသာ ၁၉˚C/၆၆˚F | နေသာ ၂၀˚C/၆၈˚F |



## တရုတ်(တိုင်ပေ)တွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ငါးဦးထက်မနည်း သေဆုံး

ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက တရုတ်(တိုင်ပေ)တွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် လူပေါင်း ငါးဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုသည် တရုတ် (တိုင်ပေ)၏ တောင်ပိုင်းဒေသတွင်ဖြစ် ပွားခဲ့ခြင်းဖြစ်ပြီး တိုင်နန်မြို့၌ အဆောက်အဦကြီးတစ်လုံး ပြိုကျခဲ့ပြီး အဆောက်အအုံများ၊ လမ်းတံတားများ အများအပြားပျက်စီးခဲ့ရကြောင်း၊ အနည်းဆုံးငါးဦး သေဆုံးပြီး သေဆုံးသူအရေအတွက်မှာ တိုးလာနိုင်ကြောင်း၊ ဒဏ်ရာရရှိသူပေါင်း ၃၀၈ ဦးရှိကြောင်း၊ အပျက်အစီးများအောက်တွင် ပိတ်မိနေသူပေါင်းမှာ ရာနှင့်ချီ၍ရှိနိုင်ကြောင်း တရုတ်(တိုင်ပေ)အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

တိုင်နန်မြို့၊ ယန်ကန်းခရိုင်ရှိ အထပ်ပေါင်း ၁၇ ထပ်မြင့်သည့် Wei Guan အမည်ရှိ အဆောက်အဦပြိုကျခဲ့ရာ အဆိုပါအဆောက်အဦတွင် နေထိုင်သည့် လူပေါင်း ၂၂၁ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း တရုတ်(တိုင်ပေ) အာဏာပိုင်များက ဆင်ဟွာသတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါငလျင်သည် တရုတ်(တိုင်ပေ)၏ဆိပ်ကမ်းမြို့ဖြစ်သည့် ကောင်းရှုံမြို့၏ မြေအောက်အနက် ၁၅ ပေကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်(တိုင်ပေ)မြေငလျင်တိုင်းတာရေးစခန်းမှ ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းမှာ တရုတ်(တိုင်ပေ)ငလျင်လှုပ်ခတ်မှုကြောင့် ဘေးဒုက္ခရောက်ကြရသူများအား လူသားချင်းစာနာထောက်ထားမှုအစီအစဉ်အဖြစ် အမေရိကန်ဒေါ်လာ ၃၀၄၂၆၈ ကိုလှူဒါန်းခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော် ပြခဲ့သည်။

တရုတ်(တိုင်ပေ)တွင် ၁၉၉၉ ခုနှစ်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၆ အဆင့်ရှိသည့်အင်အားပြင်းငလျင် လှုပ်ခဲ့မှုကြောင့် လူပေါင်း ၂၄၀၀ ကျော်သေဆုံးခဲ့ရသည်။ ထို့ပြင် ၂၀၁၃ခုနှစ်အတွင်းကလည်း အင်အားရစ်ချ်တာ စကေး ၆ ဒသမ ၃ ရှိသည့် အင်အားပြင်းထန်သည့်ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လေးဦးသေဆုံးခဲ့သည်။ **မယ်သီတာ**

## ဆာကူရာဂျီးမားမီးတောင် ပေါက်ကွဲမှုဖြစ်ပွား

ဂျပန်နိုင်ငံတောင်ပိုင်းဒေသရှိ ဆာကူရာဂျီးမား မီးတောင်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂ ရက်က စတင်လှုပ်ရှားလာခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်တွင် မီးတောက်များ၊ မီးခိုးများ၊ မီးခိုးပြာများ မှုတ်ထုတ်ခဲ့ကာ ပေါက်ကွဲနေပြီဖြစ်ကြောင်း အန်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြထားသည်။

ဆာကူရာဂျီးမားမီးတောင်သည် ဂျပန်နိုင်ငံတောင်ပိုင်းရှိ ဖူကူဂျီးမား နျူကလီးယားဓာတ်ပေါင်းဖိုနှင့် ကီလိုမီတာ ၅၀ အကွာတွင် တည်ရှိနေသဖြင့် မီးတောင်ပေါက်ကွဲမှု ပြင်းထန်လာပါက ဖြစ်ပေါ်လာနိုင်မည့်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့်ဒဏ် ရာရရှိသူများမရှိဘဲ မီးတောင်မှ မီးခိုးများစတင်မှုတ်ထုတ်စဉ်ကပင် အဆိုပါမီးတောင်၏အနီးတစ်ဝိုက်တွင် နေထိုင်ကြသည့် ပြည်သူများအား ရွှေ့ပြောင်းပေးထားသည်ဟု ဆိုသည်။

အဆိုပါမီးတောင်၏ ထိပ်ဝအချင်းသည် ၁ ဒသမ ၂ မိုင်ရှိသဖြင့် မီးတောင်ပေါက်ကွဲမည့် ဧရိယာပမာဏမည်မျှအထိ ရှိလာမည်ကို ခန့်မှန်း၍ မရနိုင်ကြောင်း ဂျပန်မိုးလေဝသပညာ ရှင်များက အန်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားခဲ့သည်။



"ပေါက်ကွဲမှုကဘယ်လောက်အထိ ပြင်းထန်လာမလဲဆိုတာ ကျွန်တော်တို့ ခန့်မှန်းလို့မရပါဘူး။ ဒါပေမယ့်မီးတောင်စပြီး လှုပ်ရှားလာကတည်းက ကြိုတင် ပြီးသိထားတဲ့အတွက်ကြိုတင်ကာကွယ်ရေးအစီအစဉ်တွေကို လုပ်ထားပြီးပါပြီ"ဟု ကျိုတိုတက္ကသိုလ်မှ မီးတောင်လှုပ် ရှားမှုလေ့လာရေးပညာရှင် ကာဇူဟီရိုအီရှီဟာရာက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာအတွင်းမီးတောင်များပတ်လည်ဝိုင်းနေ သည့်ဒေသတစ်ခုဖြစ်ရာ မီးတောင်ပေါင်း ၁၀၀ ကျော်ရှိနေသည့်ဒေသတစ်ခုဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၄ခုနှစ်အတွင်းက အွန်တာကီ မီးတောင်ပေါက်ကွဲခဲ့မှုကြောင့် လူပေါင်း ၅၇ ဦး သေဆုံးခဲ့ရသည်။

**မယ်သီတာ**

Domestic Sport News
Vol: 16, No.6 Monday February 8 2016




## သုဝဏ္ဏအားကစားကွင်း၌ ကိုယ်ကာယလေ့ကျင့်ရေးခန်းမ ဖွင့်လှစ်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် သုဝဏ္ဏကွင်းတွင် ကိုယ်ကာယလေ့ကျင့်ရေးခန်းမကို ဖေဖော်ဝါရီ ၃ ရက်ကဖွင့်လှစ်ခဲ့ပြီး ယင်းနေ့မှပင် စတင် အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ ယင်းခန်းမကို မြန်မာနိုင်ငံအတွင်းရှိ လက်ရွေးစင်အသင်းများအားလုံး လေ့ကျင့်နိုင်ရန်အတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်မှုကုန်ကျစရိတ်စုစုပေါင်းမှာ ကျပ်သိန်း ၂၀၀၀ ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"အခုက ကတော့ နိုင်ငံလက်ရွေးစင်အသင်းတွေအားလုံး ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်နိုင်ဖို့အတွက် ဖွင့်လှစ်ခဲ့တာပါ။ တည်ဆောက်မှုအားလုံးအတွက် ကုန်ကျစရိတ်ကတော့ ကျပ်သိန်း ၂၀၀၀ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဆိုပါကိုယ်ကာယလေ့ကျင့်မှုစင်တာတွင် မြန်မာနေရှင်နယ်လိဂ် -၁၊ မြန်မာနေရှင်နယ်လိဂ်-၂ အသင်းများအပြင် လူငယ်အသင်းများကိုပါ ငှားရမ်းအသုံးပြုခွင့်ပေးရန်ကိုလည်း နောက်ပိုင်းတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## ၂၀၁၇ ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများအား ငွေကြေးထောက်ပံ့မှု တိုးမြှင့်ပေးသွားမည်

### ၂၀၁၆ မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီတွင် စပွန်ဆာငွေ ကျပ်သုံးဘီလီယံခန့်ရရှိမည်



လာမည့် ၂၀၁၇ ခုနှစ် ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများအား ငွေကြေးထောက်ပံ့မှုများ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနေရှင်နယ်လိဂ် ကော်မတီအစည်းအဝေးမှ သိရသည်။

ဖေဖော်ဝါရီ ၁ ရက်က ကျင်းပခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ အစည်းအဝေးတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်အသင်းများမှ အသင်းပိုင်ရှင်များအားလုံး တက်ရောက်ခဲ့ကြပြီး ၂၀၁၆ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"ဆရာတို့အနေနဲ့ လာမယ့်နှစ်မှာ ကလပ်အသင်းတွေကို ထောက်ပံ့ငွေတွေတိုးမြှင့်ပေးသွားဖို့ရှိပါတယ်။ အိမ်ကွင်းကျင်းပနိုင်တဲ့ အသင်းတွေကို သိန်းတစ်ထောင်တိုးပေးသွားဖို့ ရှိပါတယ်။ လိဂ်-၂ အသင်းတွေကိုတော့ သိန်းနှစ်ရာလောက် ထောက်ပံ့ပေးသွားမှာပါ။ ဆရာတို့အနေနဲ့ ဒီထက်တိုးပေးသွားဖို့ပဲရှိပါတယ်။ လျော့သွားဖို့တော့ လုံးဝမရှိပါဘူး"ဟု ရတနာပုံအသင်းပိုင်ရှင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ပြောကြားခဲ့သည်။

ကျင်းပပြီးစီးခဲ့သည့်လိဂ် ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနေရှင်နယ် လိဂ်-၁ ကလပ်အသင်းများကို အခြေခံအားဖြင့်အနည်းဆုံး ကျပ်သိန်းလေးရာ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ထပ်မံတိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လိဂ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များအရ ပြိုင်ပွဲမှရရှိသည့် အကျိုးအမြတ်များအားလုံးကို ကလပ်အသင်းများအနေဖြင့် ယခင်ကထက် ပိုမိုရရှိသွားမည်ဖြစ်ပြီး ကလပ်အသင်းပိုင်ရှင်များအနေဖြင့်လည်း လိဂ်ပြိုင်ပွဲများ ပိုမိုအောင်မြင်မှုရရှိရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်မြန်မာနေရှင်နယ်လိဂ် ဘောလုံးရာသီအတွင်း စပွန်ဆာများမှ ရရှိငွေမှာ ကျပ်သုံးဘီလီယံခန့်ရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့မှ သိရသည်။

အဆိုပါဝင်ငွေများမှာ မြန်မာနေရှင်နယ်လိဂ်ကို ထောက်ပံ့မှုပေးနေသည့် အော်ရီဒူးကုမ္ပဏီ၊ ရုပ်သံတိုက်ရိုက်ထုတ်လွှင့်မှုနှင့် အခြားစပွန်ဆာများမှ စုစုပေါင်းဝင်ငွေ ကျပ်သုံးဘီလီယံခန့်ရရှိခဲ့ကြောင်း သိရသည်။

"စပွန်ဆာတွေကနေ ဝင်ငွေ ကျပ်သုံးဘီလီယံခန့်ရရှိမှာဖြစ်ပြီး အဲဒီငွေတွေကို ကလပ်အသင်းတွေနဲ့ လိဂ်ပြိုင်ပွဲတွေတိုးတက်ဖို့အတွက် သုံးစွဲမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယခုအခါတွင် လိဂ်-၁ နှင့် လိဂ်-၂ ပြိုင်ပွဲများကို ကျင်းပလျက်ရှိနေပြီး လိဂ်-၁ အသင်းများအတွက် ထောက်ပံ့ကြေးအဖြစ် အနည်းဆုံး ကျပ်သိန်း ၄၀၀ နှင့် လိဂ်-၂ အသင်းများအတွက် အနည်းဆုံး ကျပ်သိန်း ၂၀၀ထောက်ပံ့ထားကြောင်း သိရသည်။

## ရလဒ်ကောင်းများရရှိနေသည့် ဟံသာဝတီယူနိုက်တက်အသင်းအား အသင်းပိုင်ရှင်က ဆုကြေးငွေ ကျပ်သိန်း ၁၄၀ ချီးမြှင့်

ကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ၂၀၁၆ ဘောလုံးပြိုင်ပွဲ၏ အမှတ်ပေးပြိုင်ပွဲများတွင် ရလဒ်ကောင်းများရရှိနေသည့် ဟံသာဝတီယူနိုက်တက်အသင်းအား အသင်းပိုင်ရှင်က ဆုကြေးငွေကျပ်သိန်း ၁၄၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ဟံသာဝတီယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ်-၁တွင် လေးပွဲကစားထားရာ သုံးပွဲနိုင် တစ်ပွဲသရေရမှတ် ၁၀မှတ်ရရှိကာ ထိပ်ဆုံးမှ ရတနာပုံအသင်းနှင့် ရမှတ်တူရရှိထားသည့်အသင်းဖြစ်ပြီး အဆင့်-၂ နေရာတွင် ရပ်တည်လျက်ရှိသည်။

"ကျွန်တော်တို့အသင်းပိုင်ရှင်က အနိုင်ရတဲ့အသင်းတွေအပေါ် မူတည်ပြီး အဆင့်ခွဲခြားသတ်မှတ်ကာ ဆုကြေးတွေကို ချီးမြှင့်ပေးတာဖြစ်ပါတယ်။ လက်ရှိအချိန်အထိတော့ ဆုကြေးကျပ်သိန်း ၁၄၀ ချီးမြှင့်ထားပါတယ်"ဟု ဟံသာဝတီယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဟံသာဝတီယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ရာသီက ပြိုင်ပွဲပြီးဆုံးကာနီးတွင် တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့သည့်အသင်း တစ်သင်းဖြစ်သည်။ သို့သော် ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပြနေသည့်အသင်းတစ်သင်းဖြစ်ပြီး တိုက်စစ်မှူး မောင်မောင်လွင်နှင့် နောက်ခံလူ အောင်ဇော်တို့အထူး ခြေစွမ်းပြကစားလျက်ရှိကြောင်း သိရသည်။

ဟံသာဝတီယူနိုက်တက်အသင်းသည် ရှမ်းယူနိုက်တက်ကို ပထမဦးဆုံးပွဲစဉ်တွင် ဂိုးမရှိ သရေကျခဲ့သည့်ပွဲမှလွဲ၍ ကျန် သုံးပွဲစလုံးတွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီယူနိုက်တက်အသင်းသည် ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဧရာဝတီအသင်းကို လေးဂိုး-တစ်ဂိုး၊ ချင်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည့် အသင်းတစ်သင်းဖြစ်ကြောင်း သိရသည်။

## ရလဒ်မကောင်းသော်လည်း ကစားသမားများ၏ စွမ်းဆောင်ရည်အတွက် ဂုဏ်ယူသည်ဟု မာယန်းပြောကြား

အာရှချန်ပီယံလိဂ်ခြေစစ်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းသည် အချိန်ပိုတွင် ထိုင်းကလပ်ချောင်ဘူရီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ကစားသမားများ၏စွမ်းဆောင်ရည်ကိုဂုဏ်ယူမိသည်ဟု နည်းပြချုပ်မာယန်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး မာဆယ်လိုကို အထောင်နေရာတွင်ထားရှိပြီး ကျော်ကိုကို၊ အက်ဒီဆင်၊ ရန်အောင်ကျော်၊ ခင်မောင်လွင်၊ ဒေးဗစ်ထန်းတို့ကို ကွင်းလယ်တွင်ထားရှိကာ နောက်တန်းတွင် ဇာနည်ထက်၊ ယာမာရှီတာ၊ ဇော်မင်းထွန်းနှင့် ပြည့်ဖြိုးအောင်တို့ကို ထားရှိခဲ့သည်။

ပွဲချိန် ၁၈ မိနစ်တွင် ကျော်ကိုကို၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် မာဆယ်လိုက ကန်သွင်းခဲ့ရာ ရန်ကုန်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ထို့နောက် ပွဲချိန် ၆၅ မိနစ်တွင် ချောင်ဘူရီအသင်းရရှိသည့် ပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်စစ်မှူး အန်ဒါဆင်က ချေပဂိုးသွင်းယူခဲ့သည်။ ထို့နောက် ၇၉မိနစ်တွင် ကျော်ကိုကိုနှင့် မာဆယ်လိုတို့၏ တွဲလုံးမှ ကျော်ကိုကိုကန်သွင်းခဲ့ရာ ဒုတိယဂိုးရရှိခဲ့သည်။

သို့သော်မကြာမီ ချောင်ဘူရီအသင်းက ချေပဂိုးပြန်လည်သွင်းယူခဲ့သဖြင့် တစ်ဖက် နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့ပြီးအချိန်ပို ယှဉ်ပြိုင်ကစားခဲ့ရာ အချိန်ပို ၁၀၅ မိနစ်တွင် ချောင်ဘူရီကစားသမား သာဝီကန်က အနိုင်ဂိုးတစ်လုံးသွင်းယူနိုင်ခဲ့သဖြင့် ချောင်ဘူရီအသင်းက ရန်ကုန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

"ဒီပွဲမှာ အကောင်းဆုံးပုံစံနဲ့ ကစားသွားခဲ့တဲ့ ကျွန်တော့်ကစားသမားတွေအတွက် ဂုဏ်ယူပါတယ်။ အကောင်းဆုံးပွဲတစ်ပွဲဖြစ်ခဲ့ပေမယ့် အနိုင်ရရှိမယ့် အခွင့်အရေးတွေ လက်လွှတ်ခဲ့ရတယ်။ ရလဒ်အားဖြင့် ကံမကောင်းခဲ့ပေမယ့် ကစားသမားတွေရဲ့အထူးကြိုးစားမှုကို ဂုဏ်ပြုလိုပါတယ်"ဟု နည်းပြချုပ်မာယန်းက ပြောကြားခဲ့သည်။





# ဒူးဒဏ်ရာခွဲစိတ်ခဲ့ရသည့် ရော်ဂျာဖက်ဒရာ ပြိုင်ပွဲများနှင့် တစ်လတာ ဝေးကွာနေရဦးမည်

ဆွစ်ဇာလန်တင်းနစ်ချန်ပီယံ ရော်ဂျာဖက်ဒရာသည် ဩစီအိုးပင်းတင်းနစ်ချန်ပီယံဆုနှင့်လွဲချော်ခဲ့ရပြီးနောက် အဆိုပါပြိုင်ပွဲမှ ရရှိခဲ့သည့်ဒူးဒဏ်ရာကိုခွဲစိတ်ကုသမှုခံယူခဲ့ရကြောင်း သိရသည်။ ရော်ဂျာဖက်ဒရာသည် ၎င်း၏ဒူးဒဏ်ရာကို ခွဲစိတ်ခဲ့ရသဖြင့် ပြိုင်ပွဲများနှင့် တစ်လတာဝေးကွာရတော့မည်ဖြစ်ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

အသက် ၃၄ နှစ်အရွယ်ရှိ ဂရင်းဆလင်းချန်ပီယံ ၁၇ ကြိမ်ရရှိခဲ့သည့် ဖက်ဒရာသည် ဩစီအိုးပင်းပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်တွင် ဆားဘီးယားနိုင်ငံသား ကမ္ဘာ့အဆင့်တစ် တင်းနစ်ချန်ပီယံ နိုဗက်ဂျိုကိုဗစ်နှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရသည်။ အဆိုပါပွဲတွင် ဖက်ဒရာသည် ဒူးအရွတ်ကျောဒဏ်ရာရရှိခဲ့သဖြင့် ဂျိုကိုဗစ်ကို သုံးပွဲတစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့ရကာ ဩစီအိုးပင်းချန်ပီယံဆုနှင့် လွဲချော်ခဲ့ရသည်။

ဖက်ဒရာသည် ဩစီအိုးပင်းချန်ပီယံအဖြစ် ခုနစ်ကြိမ်ရရှိခဲ့ပြီး ၂၀၁၂ခုနှစ်တွင် နောက်ဆုံးရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ၎င်းသည် ဒူဘိုင်းချန်ပီယံ ရှစ်ပြိုင်ပွဲနှင့် ရော့တာဒမ်တွင်ကျင်းပခဲ့သည့် ကမ္ဘာ့တင်းနစ်ချန်ပီယံပြိုင်ပွဲမှလည်း ဒဏ်ရာကြောင့်ပင် နုတ်ထွက်ခဲ့ရသည်။

"ဆရာဝန်တွေက ပြောတယ်။ ကျွန်တော့်ရဲ့ခွဲစိတ်မှု အောင်မြင်တယ်၊ နည်းနည်းလောက်အနားယူပြီး အပေ့ါစားလေ့ကျင့်ခန်းတွေ လုပ်လိုက်ရင် ကောင်းသွားပြီလို့ ပြောပါတယ်။ ကျွန်တော် မကြာခင်မှာ ပြိုင်ပွဲတွေဆီ ပြန်ရောက်လာမှာပါ"ဟု ဖက်ဒရာက ပြောကြားခဲ့သည်။ ဖက်ဒရာသည် ၎င်း၏ခွဲစိတ်ကုသမှုများကို ၎င်း၏မွေးရပ်မြေဆွစ်ဇာလန်တွင်သာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

# တိုင်ဆန်ဖူရီနှင့် ဝလာဒီမာကလစ်ရှ်ကိုတို့၏စိန်ခေါ်ပွဲကို ဇီမ်ခံသဘော်ပေါ်တွင် သန်းကြွယ်သူဌေးကြီးများ၏ ရှေ့မှောက်၌ကျင်းပရန် စီစဉ်

ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ကျင်းပခဲ့သည့်စိန်ခေါ်ပွဲတွင် ရုရှားနိုင်ငံသားလက်ဝှေ့ကျော် ဝလာဒီမာကလစ်ရှ်ကို ကို အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာသူ ယူနိုက်တက်ကင်းဒမ်းနိုင်ငံသားတိုင်ဆန်ဖူရီက မကျေပွဲပြန်လည်ထိုးသတ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။



အဆိုပါစိန်ခေါ်ပွဲကို ကမ္ဘာ့သန်းကြွယ်သူဌေးကြီး ၁၂၀ရှေ့တွင်ထိုးသတ်ရန် စီစဉ်မည်ဖြစ်ပြီး ယင်းထိုးသတ်ပွဲကို ဝင်ဘလေကွင်း ပြင်ပတစ်နေရာတွင် ထိုးသတ်မည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ကလစ်ရှ်ကိုနှင့်ဖူရီတို့၏ မကျေပွဲကို ကမ္ဘာ့သန်းကြွယ်သူဌေးကြီး ၁၂၀ အားတစ်ဦးလျှင် အမေရိကန်ဒေါ်လာတစ်သန်းနှုန်းဖြင့် ကြည့်ရှုခွင့်ပေးမည်ဖြစ်ပြီး ယင်းပွဲကို အာရေးဘီးယားနိုင်ငံ စော်ဘွားများပိုင်ဆိုင်သည့်ကမ္ဘာ့ဇိမ်ခံသဘော်ပေါ်တွင် ကျင်းပရန်စီစဉ်ထားကြောင်း ဖူရီက ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းတို့နှစ်ဦး၏ ထိုးသတ်ပွဲကို သန်းကြွယ်သူဌေးကြီး ၁၂၀ သာ ကြည့်ရှုခွင့်ရရှိရန် စီစဉ်ခြင်းနှင့်ပတ်သက်၍ တိုင်ဆန်ဖူရီက "လက်ဝှေ့ပွဲတစ်ပွဲကို ကမ္ဘာတစ်ဝန်းလုံးက ပြည်သူတွေပါကြည့်သင့်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့လို ကမ္ဘာ့ဟဲဗီးဝိတ်သရဖူကိုပိုင်ဆိုင်ခွင့်ရရှိထားသူတွေရဲ့ လက်ဝှေ့ပွဲကို ကမ္ဘာတစ်ဝန်းလုံးက လူသန်းပေါင်း ၁၂၀ လောက် ကြည့်ရှုနိုင်ဖို့ စီစဉ်ပေးစေချင်ပါတယ်။ ရုပ်သံထုတ်လွှင့်ခွင့်တွေ၊ အများပြည်သူတွေ ကြည့်ရှုခွင့်မရဘူးဆိုရင်တော့ ကျွန်တော်လက်မခံနိုင်ပါဘူး"ဟုဖူရီက ပြောကြားခဲ့သည်။

ဇိမ်ခံသဘော်ပေါ်တွင် ထိုးသတ်ရန် အစီအစဉ် ပျက်ပြယ်သွားသော်လည်း၎င်းတို့နှစ်ဦး၏ ပြန်လည်စိန်ခေါ်သည့်ပွဲမှာ ပျက်ပြယ်သွားခြင်းမရှိသေးကြောင်း၊ အချိန်နှင့်နေရာကို ရွေးရန်သာကျန်ရှိတော့ကြောင်း ဖူရီကထပ်မံပြောကြားခဲ့သည်။

ဖူရီနှင့် ကလစ်ရှ်ကိုတို့၏ မကျေပွဲကို လာမည့်နွေရာသီတွင် ကျင်းပရန် စီစဉ်လျက်ရှိပြီး အရှေ့အလယ်ပိုင်းရှိ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဗြိတိန်တွင် ထိုးသတ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ESPN သတင်းတွင် ဖော်ပြထားသည်။

ယခုအခါတွင် တိုင်ဆန်ဖူရီသည် Ring မဂ္ဂဇင်းကပေးအပ်သည့် ကမ္ဘာ့လက်ဝှေ့လောက၏ ဂုဏ်သိက္ခာကြီးမားသော Ring မဂ္ဂဇင်းဟဲဗီးဝိတ်ချန်ပီယံခါးပတ်နှင့် ၂၀၁၅တစ်နှစ်တာအကောင်းဆုံးလက်ဝှေ့သမားဆု ရရှိထားသည်။ ဖူရီသည်ကလစ်ရှ်ကိုကို နိုင်ခဲ့ပြီးနောက် WBA၊ IBF၊ WBOနှင့် IBO ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ သရဖူလေးခု ရရှိထားသူဖြစ်သည်။

# တစ်ပတ်လျှင် ပေါင် လေးထောင်ဖြင့် အယ်လ်အေဂလက်ဆီသို့ အက်ရှ်လေကိုး ပြောင်းရွှေ့

အင်္ဂလန်အသင်း၏ နောက်ခံလူ အက်ရှ်လေကိုးသည် တစ်ပတ်လျှင် လုပ်ခလစာ ပေါင်လေးထောင်ဖြင့် အမေရိကန်ဘောလုံးလောကသို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။




အက်ရှ်လေကိုးသည် မေဂျာလိဂ်ကလပ်အသင်း တစ်သင်းဖြစ်သည့် အယ်လ်အေဂလက်ဆီအသင်းသို့ပြောင်းရွှေ့သွားခြင်းဖြစ်သည်။

ကိုးလ်သည် ချဲလ်ဆီးအသင်းတွင် ကစားခဲ့စဉ်က တစ်ပတ်လျှင် ပေါင် နှစ်သိန်းရရှိခဲ့ပြီး ဒဏ်ရာပြဿနာများကြောင့် ပွဲထွက်ခွင့်များ ပျောက်ဆုံးခဲ့ရပြီးလုပ်ခလစာ လျှော့ချမှုကြောင့် ရိုးမားအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

အာဆင်နယ်အသင်းတွင် ကစားခဲ့စဉ်က တစ်ပတ်လျှင် ပေါင် ၁၂၀၀၀၀ ရရှိခဲ့ပြီး ချဲလ်ဆီးအသင်းသို့ ရောက်ရှိသည့်အခါ တစ်ပတ်လျှင် ပေါင်နှစ်သိန်းနှုန်းဖြင့် ရရှိခဲ့သည်။ သို့သော် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတွင် ၎င်းအားလုပ်ခ လစာတစ်ပတ်လျှင် ပေါင် ၃၅၀၀၀ လျှော့ချခဲ့သည့်အတွက် အသင်းမှထွက်ခဲ့ကာ ရိုးမားအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

ရိုးမားအသင်းနှင့် နှစ်နှစ်စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် စာချုပ်ကုန်ဆုံးချိန်တွင် အယ်လ်အေဂလက်ဆီအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ကိုးလ်သည် အယ်လ်အေဂလက်ဆီအသင်းသို့ ၎င်း၏အသင်းဖော်ဖြစ်သူစတီဖင်ဂျရတ်၏ ဆက်သွယ်ပေးမှုဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

အယ်လ်အေဂလက်ဆီ အသင်းတွင် စတီဖင်ဂျရတ်၊ ရော်ဘီကင်းနှင့် ဂျီအိုဗင်နီဒေါ့စ်ဆန်းတို့စ်တို့ ရောက်ရှိနေပြီး ၎င်းတို့ကလည်း ကိုးလ်အား ကြိုဆိုလျက်ရှိသည်ဟု ဆိုသည်။

အသက် ၃၅နှစ်အရွယ်ရှိ အက်ရှ်လေကိုးသည် ဒဏ်ရာပြဿနာများနှင့် ရုန်းကန်နေရသူဖြစ်သည့်အတွက် ဥရောပဘောလုံးလောကတွင် ကျင်လည်ခွင့် ပျောက်ဆုံးနေခဲ့ခြင်းဖြစ်သည်။




# ဇနီးသည်နှင့်လမ်းခွဲနေသည့်အချိန်သည် ဘဝတွင်အောင်မြင်မှုများနှင့် ဝေးကွာနေသည့်အချိန်ပင်ဖြစ်သည်ဟု လီဝက်စ်ဝုဒ် ဝန်ခံ

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးချန်ပီယံ လီဝက်စ်ဝုဒ်က ၎င်းအနေဖြင့် ဇနီးသည်ထံမှ ကွာရှင်းရန် အကြောင်းကြားစာရရှိပြီးကတည်းက ပြိုင်ပွဲတိုင်းတွင် အောင်မြင်မှုများနှင့်ဝေးကွာခဲ့ရကြောင်း၊ ဒူဘိုင်း ကလပ်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲတွင် ရှုန်းကန်ခဲ့ရပြီးနောက် ပြောကြားခဲ့သည်။

လီဝက်စ်ဝုဒ်နှင့် ဇနီးဖြစ်သူ လော်ရာတို့သည် ၂၀၁၅ ခုနှစ်အတွင်းက လမ်းခွဲခဲ့ကြခြင်းဖြစ်သည်။ အဆိုပါနှစ်အတွင်း ကမ္ဘာ့နံပါတ်တစ်နေရာမှ အဆင့် ၂၅၊ ထို့နောက် အဆင့် ၆၀ သို့ ကျဆင်းသွားခဲ့သည်။

"ကျွန်တော်တို့ ကွာရှင်းကြပြီးပါပြီ။ အဲဒီကာလတွေဟာ ကျွန်တော့်အတွက်တော့ တကယ့်ကို စိတ်ရှုပ်ခဲ့ရတဲ့အချိန်တွေပါပဲ။ ပြိုင်ပွဲတိုင်းမှာ လက်ရည်ကျခဲ့သလို အောင်မြင်မှုတွေနဲ့လည်း ဝေးကွာခဲ့ရပါတယ်"ဟု အားကစားဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် ESPN သို့ ပြောကြားခဲ့သည်။

အသက် ၄၂ နှစ်အရွယ်ရှိ လီဝက်စ်ဝုဒ်သည် ယခုယှဉ်ပြိုင်လျက်ရှိသည့် ဒူဘိုင်းကလပ်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ကျင်းအမှတ်လေးတွင် သတ်မှတ်ရိုက်ချက်ထက် ပိုရိုက်ခဲ့သဖြင့် ချန်ပီယံဖြစ်ရန် အလှမ်းကွာဝေးခဲ့ပြီဖြစ်သည်။

# ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းနှင့် အသိပညာပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ် အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၂၈ ရက်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းနှင့် စားသုံးသူအသိပညာပေးရေး သိကောင်းစရာများ ဟောပြောဆွေးနွေး ကျင်းပခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲမှူး ဦးစီးမှူးဦးမျိုးအောင်က ဟောပြောဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀)ဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းဥပဒေ၏ ရည်ရွယ်ချက်များအောင်မြင်စေရေးနှင့်စားသုံးသူများကို အပြည့်အဝအကာအကွယ်ပေးနိုင်ရန် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုအဖွဲ့ကို ၂၀၁၄ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများ နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် ပဲခူးတိုင်းဒေသကြီးစီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဌာနဝန်ကြီး ဦးကျော်မြင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရက ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့၏ လက်အောက်တွင် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့် လည်းကောင်း၊ ပြည်တွင်း ပြည်ပမှ ကုန်ပစ္စည်းများ လုံခြုံစိတ်ချမှု ရှိစေရန်စစ်ဆေးခြင်းနှင့် စားသုံးသူ၊ သုံးစွဲသူ များ ဘေးကင်းလုံခြုံစေရန်အတွက် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၁၁ ဦး ဖြင့် လည်းကောင်း ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင် ပါရှိသည့် စားသုံးသူများ၏ အခွင့်အရေးကို ရယူနိုင်သကဲ့သို့ တာဝန်များကိုလည်း လိုက်နာရန်လိုအပ်ကြောင်း၊ ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိတို့၏တာဝန်နှင့် တားမြစ်ချက်များကို လိုက်နာရန်လိုအပ်ကြောင်း ဥပဒေပါပြစ်မှု ပြစ်ဒဏ်များအကြောင်းနှင့် စားသုံးသူရေးရာဌာန၏ လုပ်ငန်းဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် စားသောက်ကုန်ပစ္စည်းများတွင် ပါဝင်ရမည့် အမှတ်တံဆိပ်၊ ပါဝင်ပစ္စည်းအမျိုးအစား၊ ထုတ်လုပ်သည့် ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ထုတ်လုပ်သည့်အမည်နှင့် လိပ်စာစသည့်ပါဝင်ရမည့် အချက်များအား ရှင်းလင်းပြောကြားပြီး အစားအသောက်များတွင် ဓာတုဆိုးဆေးများ၏ အန္တရာယ်ဆိုးကျိုးများအကြောင်း၊ အရက်ဘီယာ၊ ဆေးလိပ်၊ ကွမ်းယာတို့တွင် လူကိုစွဲလမ်းစေတဲ့ ဓာတုပစ္စည်းများ ပါဝင်နေပြီး၊ အသက်အန္တရာယ်နှင့် ကင်ဆာရောဂါဖြစ်စေတတ်ကြောင်း၊ ခဲဆိပ်သင့်ခြင်းအန္တရာယ်ကြောင့် မှတ်ဉာဏ်ချို့တဲ့ခြင်း၊ သင်ယူတတ်မြောက်မှု နှေးကွေးခြင်း၊ ကိုယ်အလေးချိန်ကျခြင်းနဲ့ မကြာခဏ ဗိုက်အောင့်ခြင်းတို့ဖြစ်တတ်ကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ညောင်လေးပင်မြို့မှ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျောင်းကျန်းမာရေး အဖွဲ့များ၊ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း အင်အား ၅၀၀ ဦးခန့် တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား စားသုံးသူအကာအကွယ်ပေးရေးသိကောင်းစရာများ၊ အသိပညာပေးလက်ကမ်းစာစောင်များ နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ခွင့်မပြု ဓာတုဆိုးဆေးပါ မုန့်အမည် စာရင်းစာရွက်များကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မျိုးအောင် (စားသုံးသူ၊ပဲခူး)**

## ဟားခါးမြို့အတွင်းရှိ အခြေခံပညာကျောင်းတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးကွင်းဆင်းဆောင်ရွက်

ချင်းပြည်နယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ၊စားသုံးသူရေးရာ ဌာနခွဲမှူး၊ ဦးဇော်မင်း ဦးဆောင်ပြီး ချင်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၅ ရက်တွင် အခြေခံပညာမူလတန်းကျောင်း၊ ဒင်လိုဦလည်းကောင်း၊ ဇန်နဝါရီ ၁၂ရက်တွင် အခြေခံပညာ မူလတန်းကျောင်း၊ တပ်ကုန်း၌လည်းကောင်း၊ ဇန်နဝါရီ ၁၄ ရက်တွင် အခြေခံပညာမူလွန်ကျောင်း ကျောဘုတ်၌လည်းကောင်း၊ ဇန်နဝါရီလ ၁၉ ရက်တွင် အခြေခံပညာ မူလတန်းကျောင်း၊ ပြည်တော်သာ၌ လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ သွားရောက်ဆောင်ရွက်ခဲ့ပါသည်။

အသိပညာပေး ဆွေးနွေးဟောပြော ဆောင်ရွက်ခဲ့ရာတွင် အခြေခံပညာကျောင်းများ၏ ကျောင်းအုပ်ကြီး/ ကျောင်းအုပ်ဆရာမကြီးနှင့်အတူ ဆရာ/ဆရာမ ၂၇ဦး၊ ကျောင်းသား/ ကျောင်းသူ ၃၇၈ ဦး၊ စုစုပေါင်း ၄၀၅ ဦးတို့ တက်ရောက်ခဲ့ပြီး၊ လက်ကမ်း စာစောင်၃၀၀၊ ကျန်းမာရေးဝန်ကြီး ဌာနက စားသုံးရန်မသင့်ကြောင်း ကြေညာထားသော မြေပဲဆီများစာရင်း အစောင် ၁၀၀နှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေမူကြမ်းစာအုပ် ၅၀ အုပ်ခန့်တို့ကို ဖြန့်ဝေနိုင်ခဲ့ပါသည်။

စားသုံးသူရေးရာ ဌာနခွဲမှူး၊ ဦးဇော်မင်းက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာသိကောင်းစရာများ အကြောင်း၊ စားသုံးရန်မသင့်သော အစားအစာများနှင့် လူတို့ကျန်းမာရေး အကြောင်းဆွေးနွေးခြင်း၊ အငယ်တန်းစာရေး ဒေါ်ကြွယ်က နေ့စဉ်စားသုံးသင့်သော အစားအစာများအကြောင်းကို ချင်း/မြန်မာနှစ်ဘာသာဖြင့် ဟောပြောဆွေးနွေးခဲ့ပါသည်။

**ဒေါ်ကြွယ်**
**(စားသုံးသူ) ဟားခါးမြို့**

## ပခုက္ကူခရိုင်တွင် စံမညီ မြေပဲဆီများ ရှိ/မရှိကို ကွင်းဆင်းလေ့လာဆောင်ရွက်

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရုံးချုပ်နဲ့ လမ်းညွှန်ချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၁၄ ရက်ထုတ်မြန်မာ့အလင်းသတင်းစာများတွင် ကြေညာခဲ့သည့် စံမညီမြေပဲဆီ ၁၈ မျိုးနှင့်ပတ်သက်ပြီး လိုအပ်သလို ထိရောက်စွာ အရေးယူနိုင်ရန်၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေအရလည်း အရေးယူဆောင်ရွက်နိုင်ရန်နှင့် အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)နှင့်လည်း ညှိနှိုင်းဆောင်ရွက်သွားရန်၊ တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ အကြောင်းကြားထားကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါသတင်းစာများတွင် အသိပညာပေး ကြေညာချက်ပါ မြေပဲဆီအမည်ခံစားအုန်းဆီနှင့် ဆီအရောအမှတ်တံဆိပ် ၁၈ မျိုး ရှိ/မရှိကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှခရိုင်ဦးစီးမှူး ဦးသန်းဦးကဦးဆောင်၍ ဝန်ထမ်း အဖွဲ့ဝင်များလိုက်ပါပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များနဲ့အတူ ဆက်စပ်၍ စားသုံးသူများအတွက် ထိခိုက်နစ်နာမှုမရှိစေရန်၊ ဘေးရောဂါအန္တရာယ်ကင်းရှင်းစေရန်၊ ကျန်းမာသန်စွမ်းပြီး စားသုံးရာတွင်လည်း ထုတ်ကုန်များကို လုံခြုံစိတ်ချမှုများရရှိစေရန် ရည်ရွယ်၍ ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ ဆိပ်ဖြူ၊ရေစကြို၊ မြိုင်၊ ပေါက်၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုမြို့နယ် များရှိ မြို့မဈေးများ၊ ကုန်စုံအရောင်းဆိုင်ကြီးများ၊ အရောင်းကုန်တိုက်ကြီးများတွင် စံမညီ မြေပဲဆီများ ရှိ/မရှိကို ကွင်းဆင်းလေ့လာဆောင်ရွက် ခဲ့ကြကြောင်း သိရှိရပါတယ်။

ထိုသို့ကွင်းဆင်းလေ့လာဆောင်ရွက်ရာတွင် စံမညီမြေပဲဆီအမည်ခံ စားအုန်းဆီနှင့်ဆီအရောအမှတ်တံဆိပ် ၁၈ မျိုး ကိုလည်း မတွေ့ရှိရကြောင်းနှင့် စံမညီမြေပဲဆီ ၁၈ မျိုးကို လူအများမြင်သာ သော ဈေးအတွင်းရှိ ဈေးကွပ်ကဲရေးရုံးများတွင် ကြော်ငြာသင်ပုန်းများတွင် ကပ်၍ သတိပေးခဲ့ကြောင်းသတင်းများ ရရှိပါတယ်။ **ပပရွှေ(ပခုက္ကူ)**

## ဆားလင်းကြီးမြို့နယ် ပန်ထူးကျေးရွာနှင့် ကံတောကြီးကျေးရွာတို့တွင် စားသုံးသူ အကာအကာပေးရေး ဟောပြောပွဲများ ကျင်းပ

ယင်းမာပင်ခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနရုံးမှ ခရိုင်ဦးစီးမှူးဦးဆောင်သည့် ဝန်ထမ်းများသည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် ဆားလင်းကြီးမြို့နယ်ရှိ ပန်ထူးကျေးရွာ အ. လ. က (ခွဲ) နှင့် ကံတောကြီးကျေးရွာ အ. လ. က (ခွဲ) ကျောင်းများသို့ သွားရောက်ကာ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ရာတွင် ရှေ့ဦးစွာ ခရိုင်ဦးစီးမှူး ဦးသန်းပိုက အန္တရာယ်ရှိသော ဆိုးဆေးများပါ အစားအစာများ၊ အချိုရည်နဲ့ မုန့်မျိုးစုံများ၊ ခန္ဓာကိုယ်အတွက် အကျိုးမပြုသော အစားအစာများ မစားမိကြရန်အတွက်လည်းကောင်း၊ ဒုတိယခရိုင်ဦးစီးမှူး ဦးမောင်မောင်သိန်းက စားသုံးဆီနဲ့ အချိုမှုန့်တို့ကို ရေရှည်စားသုံးပါက ဘေးထွက်ဆိုးကျိုးအနေဖြင့် ရောဂါများ ရရှိနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ ပန်ထူးကျေးရွာနှင့် ကံတောကြီးကျေးရွာတို့မှ ဆရာ၊ ဆရာမ ၁၉ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၃၂၉ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများအား ဌာနမှ ထုတ်ဝေသည့် ကောမတ်စ်ဂျာနယ်နှင့် စားသုံးသူရေးရာနှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များ ပေးအပ်ခဲ့တယ်လို့သိရပါတယ်။

**မိုးမိုးမြင့် (ယင်းမာပင်)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စစ်ကိုင်းမြို့ မြို့မဈေးအတွင်း အန္တရာယ်ရှိ စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မြို့မဈေး၌ အန္တရာယ်ရှိစားသောက်ကုန်များ ရောင်းချမှု ရှိ/မရှိအခြေအနေများကို တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းအဖွဲ့မှ ဦး ဆောင်ပြီး ဇန်နဝါရီလ ၃၁ ရက် နံနက် ၁၀း၀၀ နာရီအချိန်မှစ၍ လိုက်လံစစ်ဆေးလျက်ရှိကြောင်း သိရသည်။



စားသောက်ကုန်များ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိန်မောင်းနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ပေါ်ရှိ မြို့မဈေး၌ အန္တရာယ်ရှိစားသောက်ကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ပါသည်။

ယခင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ Mobile Lab ဖြင့် စစ်ဆေးရာတွင် အန္တရာယ် ရှိသော စားသောက်ကုန်များကို ရောင်းချသည့်ဆိုင်များအား ဆက်လက် ရောင်းချခြင်းမပြုရန် သတိပေးခြင်း၊ ဆက်လက်ရောင်းချသည်ကို စစ်ဆေးတွေ့ရှိပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ (၇) အရ သော်လည်းကောင်း၊ အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈/ခ အရသော်လည်းကောင်း အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းမှာကြား၍ စစ်ဆေးတွေ့ရှိတဲ့ ဈေးသည် ၂၂ ဦးကို ဝန်ခံကတိ လက်မှတ်ထိုးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ယင်းနောက် FDA က ဈေးကွက်တွင် ရောင်းချလျှက် ရှိသော စားသောက်ကုန်ပစ္စည်းများမှ အမျိုးပေါင်း ၂၀ ကိုလည်း အန္တရာယ် ရှိ/မရှိ ဓါတ်ခွဲစစ်ဆေးနိုင်ရန် နမူနာများ ဝယ်ယူဆောင်ရွက်ခဲ့ပါသည်။

ယင်းအန္တရာယ်ရှိ စားသောက်ကုန်ပစ္စည်းများ စစ်ဆေးရာတွင် တိုင်းဒေသကြီး၊ ကုန်သွယ် မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း၊ အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဒေါက်တာ ဒေါ်လဝန်းရွှေနှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေး အဖွဲ့နှင့် ဈေးကော်မတီများ၊ မြို့နယ်စီမံခန့်ခွဲမှုကော် မတီဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် များ စုစုပေါင်း ၃၉ ဦး တို့ပူးပေါင်း ပါဝင် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါ သည်။

**သူဇာကျော်-မုံရွာ**

## ရွှေဘိုခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်

ရွှေဘိုခရိုင်ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများကရွှေဘိုမြို့နယ်နဲ့ ဝက်လက်မြို့နယ်များရှိစာသင်ကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်တွင် ဝက်လက်မြို့နယ်သို့ သွားရောက်ဟောပြောခဲ့ရာ စိုင်နိုင်လေးကျေးရွာတွင် ကျောင်းသား/သူ ၁၀၁ ဦး၊ဆရာ/ဆရာမ လေး ဦး၊မိဘပြည်သူ ၂၅ ဦး၊ပေါင်း ၁၃၀ ဦး ၊ အုန္နဲဘုတ်ကျေးရွာတွင် ကျောင်းသား/သူ ၇၂ ဦး ၊ ဆရာ/ဆရာမ လေးဦး ၊ မိဘပြည်သူ ၃၅ ဦး ပေါင်း ၁၁၁ဦး၊ စင်းတဝဲကျေးရွာတွင် ကျောင်းသား/သူ ၁၅၄ ဦး၊ဆရာ/ဆရာမ ရှစ်ဦး၊မိဘပြည်သူ ၅၀ ဦး ၊ ပေါင်း ၂၁၂ ဦးတို့ တက်ရောက်ကြပါတယ်။ ပညာပေးလက်ကမ်းစာစောင် ၃၀၀ ဖြန့်ဝေပေးအပ်ခဲ့ပါတယ်။

ဇန်နဝါရီ၂၇ ရက်တွင် ရွှေဘိုမြို့ အမှတ်(၃)မူလွန်ကျောင်းတွင် ကျောင်းသား/သူ ၅၀၀ ဦး၊ဆရာ/ဆရာမ ၃၀ ဦး ၊ပေါင်း ၅၃၀ ဦး၊ လက်ကမ်းစာစောင် ၂၃၀၊မင်းကုန် အ. မ. ကကျောင်းတွင် ကျောင်းသား/သူ ၆၄ ဦး၊ ဆရာ/ဆရာမ ၁၁ ဦး၊မိဘပြည်သူ ၁၀ ဦး၊ပေါင်း ၈၅ ဦး၊လက်ကမ်းစာစောင် ၈၅ စောင် ၊ကင်းဗျား အ. မ. က ကျောင်းတွင် ကျောင်းသား/သူ ၃၄ ဦး၊ ဆရာ/ဆရာမခြောက်ဦး၊မိဘပြည်သူ ၁၀ ဦး ၊ပေါင်း ၅၀ ဦး လက်ကမ်းစာစောင် ၅၀ ဖြန့်ဝေပေးအပ်ခဲ့ပါတယ်။

ဇန်နဝါရီ၂၈ ရက်တွင် ရွှေဘိုမြို့ အမှတ်(၁၀) အ. မ. ကကျောင်းတွင် ကျောင်းသား/သူ ၁၅၁ ဦး၊ဆရာ/ဆရာမ ၁၁ ဦး၊မိဘပြည်သူ ၂၈ ဦး ၊ပေါင်း ၁၉၀ ဦး၊လက်ကမ်းစာစောင် ၁၅၀ စောင်၊ ခ. လ. ရ(၄၂)အ. မ. ကကျောင်းတွင် ကျောင်းသား/သူ ၁၃၀ ဦး၊ဆရာ/ဆရာမ ၁၄ ဦး၊ကျောင်းဈေးသည် ၁ဦး၊ မိဘပြည်သူ ၅၅ ဦး ၊ပေါင်း ၂၀၀ ၊လက်ကမ်းစာစောင် ၂၀၀ စောင်၊အမှတ်(၈)အ. မ. ကကျောင်းတွင် ကျောင်းသား/သူ ၅၃၁ ဦး၊ဆရာ/ဆရာမ ၂၅ ဦး၊ ကျောင်းဈေးသည် သုံးဦး၊ပေါင်း ၅၅၉ ဦး၊လက်ကမ်းစာစောင် ၂၅၀ ဖြန့်ဝေပေးခဲ့ပါတယ်။

ဟောပြောပွဲများတွင် ခရိုင်ဦးစီးမှူးရုံးမှ ဦးခင်မောင်ဆွေ(ဌာနခွဲစာရေး) က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများ ၊ဟင်းချိုမှုန့် စားသုံးမှုအန္တရာယ်၊ မူမမှန် စားသုံးဆီများအကြောင်းနှင့်ဖျော်ဖြေရေးအန္တရာယ်များ ဟောပြောပြီး ဒေါ်ဝင်းဝင်းသန်း အကြီးတန်းစာရေးက သုံးစွဲမှုရှောင်ကြဉ်အပ်သည့် ကွမ်း၊ဆေးလိပ်၊အရက်၊ ဘီယာအကြောင်း၊ ဒေါ်ထွေးထွေးအေး အကြီးတန်းစာရေးက ကျောင်းသူ/သားများကို ဘေးအန္တရာယ်ဖြစ်စေမည့် မုန့်မျိုးစုံ အကြောင်းတို့ကို နားလည်လွယ်ကူစေမည့် စကားများဖြင့် ရှင်းလင်းပြောကြရာ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်နှင့်ဆရာ/ဆရာမများ၊ကျောင်းသား/သူ၊မိဘပြည်သူများက စားသုံးသူအကာအကွယ်ပေးရေး အသိပညာဗဟုသုတများ ရရှိသဖြင့် ဝမ်းမြောက်ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြပါတယ်။

**ဝင်းဝင်းသန်း(ရွှေဘို)**



## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ် ဇီးဖြူကွင်း အ.ထ.က တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၊ ဇီးဖြူကွင်း အ. ထ. က တွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်နေ့လယ်တွင် ကျင်းပပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ၊ သာပေါင်းမြို့နယ် ဦးစီးမှူး နှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ သူများ စုစုပေါင်း ၄၂၅ ဦး တက်ရောက်ခဲ့ပါသည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဌေးဌေးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် စားသုံးသူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများကို အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဦးမြင့်အောင်က ခွင့်မပြုအရောင်ဆိုးဆေးဆိုးထားသော အစားအသောက်များနှင့် ဘေးထွက်ဆိုးကျိုးများ တာရှည်ခံဓာတုဆေးသုံးထားသော အစားအသောက်များနှင့် ဘေးအန္တရာယ်များ၊ ဟော်မုန်းဆေးသုံးထားသော အစားအသောက်များ၊ အစားအစာများ စားသောက်ရာတွင် အပေါ်ယံအမြင်ကိုကြည့်ပြီး မစားဘဲ မိမိ၏ အသိ၊ သတိ၊ ဉာဏ်ဖြင့်ယှဉ်ပြီး စားသောက်သင့်ကြောင်း၊ အခါအားလျော်စွာ ကျန်းမာရေးဝန်ကြီးဌာနမှ နေ့စဉ်သတင်းစာများနှင့် ဂျာနယ်များတွင် ထုတ်ပြန်သော အန္တရာယ်ရှိ အစားအသောက်များ၊ မသုံးသင့်သော ဆေးဝါးများ၊ အလှကုန်ပစ္စည်းများ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့်များ အကြောင်းကို နမူနာပုံများနှင့်တကွ ပရိုဂျက်တာနှင့် အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါတယ်။

ဇီးဖြူကွင်း အ. ထ. က ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန်းက ယခုလို ဟောပြော ဆွေးနွေးပွဲမျိုးပြုလုပ်လိုသည်မှာ ကြာပြီဖြစ်ကြောင်း၊ အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများသည် ကျန်းမာရေး ဗဟုသုတတွေကို သိရှိရသဖြင့် မိမိတို့မိသားစုမှတစ်ဆင့် ပတ်ဝန်းကျင်အထိ အဆင့်ဆင့် ဖြန့်ဝေပေးနိုင်ကြပြီး စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဟာ အများပြည်သူကျန်းမာရေးအတွက် အကျိုး ရှိတဲ့ လုပ်ငန်းဖြစ်လို့ ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကျေးဇူးတင်စကားပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါကြောင်း သတင်းရရှိပါသည်။

**မြင့်အောင် - ပုသိမ်**

Organizations News
Vol: 16, No.6 Monday February 8 2016

# အာဆီယံဒေသအတွင်းမှာ ထိုင်းနိုင်ငံက အလုပ်သမားရှားပါးမှုနဲ့ အကြီးအကျယ်ရင်ဆိုင်ရဖွယ်ရှိ

ကမ္ဘာ့ဘဏ်ရဲ့ အဆိုအရ အာဆီယံဒေသအတွင်းမှာ ထိုင်းနိုင်ငံက အလုပ်သမားရှားပါးမှုပြဿနာနဲ့ ကြီးမားစွာ ရင်ဆိုင်ရဖွယ်ရှိကြောင်းနဲ့ အလုပ်သမားဈေးကွက်နဲ့ ကိုက်ညီ တဲ့ ကျွမ်းကျင်မှုတွေကို ကျောင်းသားများရရှိစေဖို့အတွက် နယ်မြေအခြေပြုပညာရေးကို အကောင်အထည်ဖော်ဖို့ ပညာရှင်တစ်ဦးက အဆိုပြုထားကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

မကြာသေးမီက ထုတ်ပြန်ခဲ့တဲ့ စစ်တမ်းအရထိုင်းနိုင်ငံအတွင်းရှိ လုပ်သားအင်အားများအနက် ၈၃ ဒသမ ၅ ရာခိုင်နှုန်းမှာ ကျွမ်းကျင်မှုမရှိသောလုပ်သားများဖြစ်ကြောင်း တွေ့ရပါတယ်။ ဒီအချိုးအစားမှာ အာဆီယံနိုင်ငံများအနက် အမြင့်ဆုံးအချိုးအစားဖြစ်ပြီး ထိုင်းနိုင်ငံနောက်တွင် မလေးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ ရှိကြပါတယ်။ ဒီလိုမြင့်မားနေရခြင်းမှာ ထိုင်းနိုင်ငံရဲ့ ပညာရေးစနစ်ကြောင့်ဖြစ်ရပြီး နိုင်ငံရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ကျဆင်းစေခဲ့ကြောင်း ကမ္ဘာ့ဘဏ်က သုံးသပ်ပါတယ်။

၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ကောက်ယူခဲ့တဲ့ စစ်တမ်းအရလုပ်သားအင်အားရဲ့ ၃၈ ဒသမ ၈ ရာခိုင်နှုန်းသာလျှင် သူတို့လုပ်ကိုင်နေတဲ့လုပ်ငန်းနဲ့ကိုက်ညီတဲ့ ကျွမ်းကျင်မှုရှိကြရာ ဒီအချိုးအစားမှာလည်း အာဆီယံဒေသတွင်းမှာ အနိမ့်ဆုံးဖြစ်ပါတယ်။

ထိုင်းပညာရေးစနစ်က ကျောင်းသားတွေကို မှန်ကန်ကိုက်ညီတဲ့ကျွမ်းကျင်မှုကိုပေးစွမ်းနိုင်ခြင်းမရှိကြောင်းနဲ့ ဒီလိုဆောင်ရွက်မပေးနိုင်တဲ့အတွက် ရရှိတဲ့အလုပ်နဲ့ ကိုက်ညီတဲ့လုပ်သားများကို မွေးထုတ်ပေးနိုင်ခြင်းမရှိခဲ့ကြောင်း ဒူရာကစ်ပန်ဒစ်တက္ကသိုလ်သုတေသနဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ကီယာတာနန် ဂူအန်ကူးကပြောပါတယ်။ ဒါကြောင့် အလုပ်ရှင်တွေရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ကျွမ်းကျင်မှုတွေကို ကျောင်းသားတွေရရှိအောင်ဆောင်ရွက်ပေးနိုင်ဖို့ အတွက် ပြောင်းလဲမှုတွေဆောင်ရွက်ဖို့လိုကြောင်းလည်း သူကပြောပါတယ်။

“မလေးရှား၊ တရုတ်နဲ့ စင်ကာပူတို့လို အိမ်နီးချင်း နိုင်ငံတွေကိုကြည့်ရင် စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ရာမှာ ပညာရေးကအရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။ ဒီနိုင်ငံတွေမှာ ပညာရေးက စီမံခန့်ခွဲမှု၊ စီမံကိန်း၊ ပုဂ္ဂိုလ်ရေးနဲ့ သယံဇာတခွဲဝေအသုံးပြုမှုစတဲ့နယ်ပယ်လေးရပ်ကို အမှီပြုသင်ကြားပေးပါတယ်။ သင်ရိုးညွှန်းတမ်းကိုလည်းကျောင်းသားတွေရွေးချယ်နိုင်အောင် ပြောင်းလွယ်ပြင်လွယ်ဖြစ်တဲ့ သင်ရိုးအဖြစ်ပြဋ္ဌာန်းထားကြောင်း သူကပြောပါတယ်။

# RCEP စေ့စပ်ညှိနှိုင်းမှုများကို ယခုနှစ်အကုန်တွင် အာဆီယံက အပြီးသတ်ဆောင်ရွက်မည်

ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partner ship- RCEP) အရ ကုန်သွယ်ရေး ဝန်ဆောင်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု ပေါင်းစည်း ရေးဆိုင်ရာညှိနှိုင်းဆွေးနွေး မှုတွေကို ယခုနှစ်အကုန်မှာ အပြီးသတ်ဆောင်ရွက်ဖို့ အာဆီယံရဲ့ ကုန်သွယ်ဖက်ခြောက်နိုင်ငံတို့က ကြိုးပမ်းဆောင်ရွက်တော့မှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

RCEP အဖွဲ့ဝင်နိုင်ငံတွေထဲမှာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအပြင် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနဲ့ နယူးဇီလန် နိုင်ငံတွေပါဝင် ပြီး စာချုပ်နဲ့ပတ်သက်တဲ့ကိစ္စရပ်တွေကို အရှိန်မြှင့်ဆွေးနွေးနိုင်ဖို့အတွက် ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ဘရူနိုင်းနိုင်ငံမှာ(၁၁) ကြိမ်မြောက် RCEP ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို ကျင်းပမှာဖြစ်ကြောင်း ထိုင်းနိုင်ငံ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးဌာန ညွှန်ကြားရေးမှူးချုပ် ဆီရီနတ်ချိုင်မန်က ပြောပါတယ်။

ဆွေးနွေးပွဲတွေမှာ အဓိကဆွေးနွေးမယ့်အချက်က ယခုနှစ်အကုန်မှာ RCEP သဘောတူစာချုပ်ချုပ်ဆို နိုင်ဖို့ဖြစ်ပြီး ဆွေးနွေးမယ့်ပြဿနာတွေထဲ မှာ အဖွဲ့ဝင် ၁၆ နိုင်ငံအချင်းချင်း အကောက်ခွန်လျှော့ချရေး ဖြစ်ပါတယ်။

RCEP အရပထမအဆင့်မှာ ကုန်သွယ်မှုပြုလုပ်နေတဲ့ ကုန်ပစ္စည်း တွေရဲ့ ၆၅ ရာခိုင်နှုန်းကို အကောက်ခွန် သုည ရာခိုင်နှုန်းအထိချက်ချင်းလျှော့ချပေးဖို့ ဖြစ်ပါတယ်။ ပို့ကုန်အမယ်အားဖြင့် ၈၀၀၀ မှ ၉၀၀၀ အထိ ပါဝင်ပါတယ်။ ရောင်းဝယ်နေတဲ့ကုန်ပစ္စည်းတွေ ရဲ့ ၂၀ ရာခိုင်နှုန်းကို အကောက်ခွန် လျှော့ချရာတွင်မူ RCEP ကိုအကောင် အထည်ဖော်ပြီးနောက် ၁၀ နှစ်အတွင်း အကောက်ခွန် သုည ရာခိုင်နှုန်းအထိ လျှော့ချပေးမှာ ဖြစ်ပါတယ်။ ရောင်းဝယ်နေတဲ့ ကျန်ကုန်စည် ၁၅ ရာခိုင်နှုန်းက သက်ဆိုင်ရာနိုင်ငံတိုင်း အတွက်အရေးကြီးကုန်ပစ္စည်းတွေဖြစ်တဲ့အတွက် နောက်ပိုင်းကျမှစေ့စပ်ညှိနှိုင်းသွားမှာ ဖြစ်ပါတယ်။

RCEP အစည်းအဝေးမှာ ကုန်သွယ်မှုထုတ်ကုန် ၁၀၀ ရာခိုင်နှုန်းကို အခွန်လျှော့နိုင်ခြင်းရှိမရှိနဲ့ အရေးကြီးကုန်ပစ္စည်းစာရင်းကို လျှော့ချနိုင်ခြင်း ရှိမရှိ ဆွေးနွေးသွားမှာဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောပါတယ်။

ထိုင်းနိုင်ငံက ကုန်သွယ်မှုထုတ် ကုန်ပစ္စည်းရဲ့ ၈၀ ရာခိုင်နှုန်းကို အကောက်ခွန်နှုန်း သုည ရာခိုင်နှုန်းထိ လျှော့ပေးနိုင်တဲ့ အနေအထားရှိရာ ယခင်ကသဘောတူထားခဲ့တဲ့ ပမာဏထက် ပိုမိုများပြားလာကြောင်း ဆရီနုတ်ကပြောပါတယ်။

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအပြင် RCEP အဖွဲ့ဝင်နိုင်ငံတွေက ဉာဏပစ္စည်းပိုင်ဆိုင်မှု၊ ယှဉ်ပြိုင်မှု စွမ်းရည်နဲ့ အီလက်ထရွန်းနစ်စနစ်ဖြင့် ကူးသန်းရောင်းဝယ်ရေးကိစ္စတွေကိုလည်း ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# အာဆီယံဈေးကွက်ကို အာရုံစိုက်ဆောင်ရွက်ရန် အင်ဒိုနီးရှား ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို စက်မှုဝန်ကြီးဌာနက တိုက်တွန်း

လူဦးရေသန်း ၆၅၀ ရှိတဲ့ အာဆီယံဈေးကွက်မှာ ရောင်းအားမြှင့်တင်နိုင်မယ့် အခွင့်အလမ်းများကို ရှာဖွေကြဖို့ ပြည်တွင်း စီးပွားရေးလုပ်ငန်းများအား အင်ဒိုနီးရှားစက်မှုဝန်ကြီးဌာနက တိုက်တွန်းထားကြောင်း အန်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

“လူဦးရေ သန်း ၆၅၀ ရှိတဲ့ အာဆီယံဈေးကွက်က လက်ရှိတိုးတက်နေတဲ့ ကျွန်တော်တို့ရဲ့ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းအတွက် အခွင့်အလမ်းကို ဖန်တီးပေးလျက်ရှိပါတယ်”လို့ အင်ဒိုနီးရှားစက်မှုလုပ်ငန်းဝန်ကြီးဌာန ဓာတုဗေဒလုပ်ငန်းညွှန်ကြားရေး မှူးချုပ်ဟာဂျန်တိုက အန်တာရာသတင်းဌာနကို ဖေဖော်ဝါရီ ၂ ရက်က ပြောပါတယ်။

ဒါကြောင့် အင်ဒိုနီးရှားနိုင်ငံရဲ့ ဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်ဖို့ အတွက် အစိုးရက မူဝါဒများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးဝါးလုပ်ငန်းအတွက် ရှေ့လုပ်ငန်းစဉ်တွေကိုချမှတ်ရာမှာ ဆေးဝါးလုပ်ငန်းနယ်ပယ်တွေမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကြိုးကြပ်မှုတွေလျှော့ချတဲ့ မူဝါဒကို ရေးဆွဲဖို့ အစိုးရက ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

ချမှတ်ထားတဲ့ မူဝါဒထဲမှာ အင်ဒိုနီးရှားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက် အခွန်သက်သာခွင့်တွေ အပါအဝင် ဘဏ္ဍာရေးဆွဲဆောင်မှုတွေပေးဖို့ဆိုတဲ့အချက်လည်းပါဝင်ပါတယ်။ ဆေးဝါးထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုအတွက် ခွင့်ပြုမိန့်ထုတ်ပေးရာမှာလည်း မူဝါဒကိုလျှော့ချပေးဖို့ အရေးကြီးကြောင်း ဟာဂျန်တိုက ပြောပါတယ်။

ယခုလောလောဆယ်မှာ အိန္ဒိယနိုင်ငံမှ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းပေါင်း ၁၇၀ က လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး အများစုမှာဆေးဝါးများဖြန့်ဖြူးဖို့အသင့်ရှိနေကြပြီ ဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံရှိ ဓာတုဗေဒ၊ ဆေးဝါးနဲ့ ရိုးရာဆေးဝါးထုတ်လုပ်မှုလုပ်ငန်းက နိုင်ငံရဲ့ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အဓိက မောင်းနှင်အားဖြစ်လာပြီး ၂၀၁၅ ခုနှစ် တတိယသုံးလပတ်မှာ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက ၁၀ ဒသမ ၂၁ ရာခိုင်နှုန်းအထိရောက်ရှိခဲ့ပါတယ်။ ယခုတိုးတက်မှုနှုန်းက ၂၀၁၄ ခုနှစ်က ရှိခဲ့တဲ့ ၁ ဒသမ ၁၂ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ရင်တဟုန်ထိုးမြင့်တက်လာတာကို တွေ့ရပါတယ်။

# ဗီယက်နမ်နိုင်ငံက အကောက်ခွန်ပြုပြင် ပြောင်းလဲမှုများပြုလုပ်မည်



ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ရဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ် (Trade Facilitation Agreement-TFA) များကို ဆောင်ရွက်မည်ဆိုပါက ကမ္ဘာ့ကုန်သွယ်မှုစံနှုန်းများနဲ့အညီ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုလုပ်ငန်းတွေချောမွေ့စေဖို့အတွက် အကောက်ခွန်ပြုပြင်ပြောင်းလဲမှုများကို တိုးမြှင့်ဆောင်ရွက်ရမှာဖြစ်ကြောင်း ဗီယက်နမ်အရာရှိတစ်ဦးက ပြောပါတယ်။ ဗီယက်နမ်နိုင်ငံက လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ်အမြောက်အမြားကို အကောင်အထည်ဖော်တော့မှာဖြစ်တဲ့ အတွက် ဗီယက်နမ်နိုင်ငံအနေ နဲ့ အကောက်ခွန်ပြုပြင်ပြောင်းလဲမှုများကို အဆောတလျင်ဆောင်ရွက်ဖို့ အရေးကြီးကြောင်း ဗီယက်နမ်သတင်းအေဂျင်စီရဲ့ သတင်းမှာ ဖော်ပြပါတယ်။

TFA မှာ ကုန်ပစ္စည်းများရွှေ့ပြောင်းခြင်း၊ ထုတ်ပေးခြင်းနဲ့ အကောက်ခွန် ရှင်းလင်းခြင်းစတဲ့လုပ်ငန်းတွေ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရမယ့် ပြဋ္ဌာန်းချက်တွေပါဝင်ပြီး ဗီယက်နမ်ကလက်မှတ်ရေးထိုးထားပြီး သို့မဟုတ် လက်မှတ်ရေးထိုးတော့မယ့် လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်တွေမှာ ပါဝင်တဲ့ ကတိကဝတ်တွေအကောင်အထည်ဖော်ရာမှာ ဗီယက်နမ်အတွက် ကောင်းမွန်တဲ့အခြေအနေတွေ ဖန်တီးပေးမှာဖြစ်ကြောင်း အထွေထွေအကောက်ခွန်ဦးစီးဌာန လက်အောက်ရှိ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူး ငုယင်တိုအန်က ပြောပါတယ်။ အကောက်ခွန်ရှင်းလင်းမှု မြန်ဆန်ဖို့နဲ့ သွင်းကုန်နဲ့ ပို့ကုန်ခွန်တွေကောက်ခံ ရာမှာ ဆုံးရှုံးမှုတွေမရှိဖို့အတွက် အကောက်ခွန်စီမံခန့်ခွဲမှုကို ခေတ်မီအောင်ဆောင်ရွက်မှုတွေကို အရှိန်မြှင့်ရမှာ ဖြစ်ပါတယ်။

ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ကို ၂၀၁၃ ခုနှစ်က ကျင်းပခဲ့တဲ့ ဘာလီဝန်ကြီးအဆင့်ကွန်ဖရင့်မှာ ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံတွေက ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ သဘောတူစာချုပ်ရဲ့ ရည်ရွယ်ချက်က အကောက်ခွန်ဌာနနဲ့ အခြားသက်ဆိုင်ရာ အာဏာပိုင်တွေထိရောက်စွာ ပူးပေါင်းဆောင်ရွက်မယ့် အစီအမံတွေချမှတ်နိုင်ဖို့ ဖြစ်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနဲ့ အကောက်ခွန်ဆိုင်ရာပြဿနာတွေကို ဖြေရှင်းဆောင်ရွက်သွားမှာဖြစ်ပြီး TFA အတွက် နည်းပညာဆိုင်ရာ ထောက်ပံ့မှုရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးတွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

# ဗီယက်နမ်အကောက်ခွန်ကဏ္ဍအတွက် ပိုမိုကောင်းမွန်တဲ့ အိုင်တီစနစ်တပ်ဆင်မည်

ဗီယက်နမ် အထွေထွေ အကောက်ခွန်ဦးစီးဌာန ရဲ့ ရည်မှန်းချက်က ပြည်သူတွေနဲ့ စီးပွားရေးလုပ်ငန်း တွေ လုပ်ကိုင်ဆောင်ရွက်တဲ့အခါ လွယ်ကူချောမွေ့စေ ဖို့အတွက် အကောက်ခွန်လုပ်ငန်းအားလုံးမှာ သတင်း အချက်အလက်နဲ့ နည်းပညာအသုံးချမှုကို မြှင့်တင် ပေးဖို့ဖြစ်ပါတယ်။

အနာဂတ်ကာလမှာ e-government အဖြစ် ဆောင်ရွက်ရေးဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်ရာမှာ အကောက်ခွန်ဌာနရဲ့ ဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီးအကောက်ခွန်ဌာနရဲ့အိုင်တီနဲ့ စာရင်းအင်း ဌာနခွဲ ညွှန်ကြားရေးမှူး ငုယင်မန်းတန်က ဗီယက်နမ် နယူးအေဂျင်စီရဲ့ အီလက်ထရွန်းနစ်သတင်းစာ Vietnam Plus ကို ရှင်းလင်းပြောကြားပါတယ်။

အွန်လိုင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို အနည်းဆုံးအဆင့် ၃ အထိရောက်ရှိအောင် ဆောင် ရွက်ဖို့ ဘဏ္ဍာရေးဝန်ကြီးဌာနက လမ်းညွှန်ချက်ချမှတ် ထားပါတယ်။ လမ်းညွှန်ချက်နဲ့အညီ ဒီနှစ်အတွင်းမှာ အထူးသဖြင့် ဌာနက ဆောင်ရွက်ထားတဲ့ e-portal မှာ အကောက်ခွန်ဌာနက အွန်လိုင်းပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ယခုအဆင့်ကို အသုံးပြုမယ်ဆိုရင် လျှောက်လွှာတွေ ကိုဖြည့်သွင်းပြီး အွန်လိုင်းကနေ တင်သွင်းလျှောက် ထားနိုင်တော့မှာ ဖြစ်ပါတယ်။ လာမယ့်နှစ်မှာ အဓိက ကျတဲ့အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေအတွက် အွန်လိုင်း ပြည်သူ့ဝန်ဆောင်မှုအဆင့် ၄ ကို ဌာနက ဆောင် ရွက်ပေးတော့မှာဖြစ်ကြောင်း တန်က ပြောပါ တယ်။

အွန်လိုင်းပြည်သူ့ဝန်ဆောင်မှု အဆင့် ၄ အရ လျှောက်ထားသူတွေက အခွန်အခ ပေးတာတွေနဲ့ အသိပေး အကြောင်းကြားချက်စတဲ့လုပ်ငန်းတွေကို အွန်လိုင်းကနေတစ်ဆင့် ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒ့ါပြင် အကောက်ခွန်ဌာနက ဒီအွန်လိုင်း စနစ်ကို ဆိပ်ကမ်းရှိ စီးပွားရေးလုပ်ငန်းရုံးတွေ၊ အကောက်ခွန်လွှတ်ဆိုင်တွေ၊ ကုန်စည်တစ်ဆင့်ခံ အကူးအပြောင်းလုပ်ငန်းတွေ၊ ကုန်စည်နဲ့ပတ်သက်တဲ့ သတင်းအချက်အလက်စုဆောင်းမှု ဆောင်ရွက်နေသူ တွေအပြင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေနဲ့လည်း ချိတ်ဆက်ပေးထားမှာဖြစ်ပါတယ်။

အထူးသဖြင့် အွန်လိုင်းဝန်ဆောင်မှုမှာ ပါဝင်တဲ့ စွန့်စားမှု စီမံခန့်ခွဲရေးစနစ် (Risk Management System) က စီးပွားရေးလုပ်ငန်းတွေနဲ့ ပြည်သူတွေကို ပိုမိုကောင်းမွန်အောင် ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် ဒီစနစ်ကိုပြန်လည်သုံးသပ်ကာ အဆင့်မြှင့်ပေးသွား မှာ ဖြစ်ပါတယ်။

# ရုံးခန်းလွတ်များပြားမှုနဲ့ အခန်းခကျဆင်းမှုများကြောင့် စင်ကာပူအခန်းရှင်တို့ရဲ့အနာဂတ်အလားအလာကျဆင်း



ရုံးခန်းအငှားသမားများက မြို့ လယ်ပိုင်းစီးပွားရေးလုပ်ငန်း ရပ်ဝန်း (Central Business District-CBD) အတွင်း Grade A အဆင့်ရှိနေရာများ သို့ ပြောင်းရွှေ့သွားကြသဖြင့် စင်ကာပူ မြို့တော်ဆင်ခြေဖုံးဒေသရှိ ရုံးခန်း အဆောက်အဦများတွင် နေရာလွတ် များပေါ်များလာပြီး အခန်းခဈေးနှုန်း များကျဆင်းလာကြောင်း တူဒေးဝက်ဘ် ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေး လျင် မြန်စွာတိုးတက်မှုက ရေရှည်တည်တံ့ပြီး ကျန်အာရှဒေသများကိုလည်း ဖွံ့ဖြိုး တိုးတက်အောင် တစ်ပါတည်း ဆွဲခေါ် သွားမယ်လို့ စင်ကာပူအိမ်ခြံမြေ ဆောက်လုပ်ရေး လုပ်ငန်းရှင်များက အတွက်မှားခဲ့ကြကြောင်းနဲ့ ရုံးခန်းနေ ရာများရဲ့ဈေးနှုန်းများ ကျဆင်းရခြင်းမှာ ဒီလိုတွက်ချက်မှုအခြေခံများ မှားယွင်း မှုကလည်း အကြောင်းအချက်တစ် ချက်အဖြစ်ပါဝင်ကြောင်း ဘလွမ်းဘတ် သတင်းဌာနမှ အင်ဒီမူကာဂျီအပါအဝင် ပညာရှင်အချို့က သုံးသပ်ကြပါတယ်။

စီးပွားရေး လုပ်ငန်းများအနေနဲ့ လုပ်ငန်းစီမံကိန်းများကို ရပ်နားနေတဲ့ အခုလိုအချိန်မျိုးမှာ ဆောက်လုပ်ဆဲ ရုံးခန်းနေရာသစ်ဧရိယာက စတုရန်း ပေ ခုနစ်သိန်းခန့် ရှိနေတဲ့အတွက် စင်ကာပူရှိ ရုံးခန်းများမှာ ငှားရမ်းခများ ဆက်လက်ကျဆင်းနေဦးမှာ ဖြစ် ကြောင်း လေ့လာဆန်းစစ်သူတို့ က သတိပေးထားပါတယ်။ ရုံးခန်းငှားခ တွေက ၂၀၁၅ ခုနှစ်က ၆ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ရာမှ ယခုနှစ်မှာ ၁၀ ရာခိုင်နှုန်းကနေ ၁၅ ရာခိုင်နှုန်း အထိကျဆင်းလိမ့်မယ်လို့ အိမ်ခြံမြေ အတိုင်ပင်ခံလုပ်ငန်း SLP International Property မှ အမှုဆောင်ဒါရိုက်တာ နီကိုလပ်မက်က ပြောပါတယ်။

"လွန်ခဲ့တဲ့ခြောက်လအတွင်းမှာ ရုံးခန်းတွေရဲ့ဝယ်လိုအားက သိသိ သာသာနေးကွေးကျဆင်းနေပါတယ်။ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းတွေက ဝယ်လိုအား မြှင့်တင်ပေးတဲ့အဓိက မောင်းနှင်အားတွေဖြစ်ခဲ့ပေမယ့် လွန်ခဲ့တဲ့နှစ် အနည်းငယ်အတွင်းအကြီး မားဆုံးအားနည်းချက်ကြီးတစ်ခုဖြစ်ခဲ့ ပါတယ်"လို့ CBRE Research ရဲ့ စင်ကာပူနဲ့ အရှေ့တောင်အာရှဆိုင်ရာ အကြီးအကဲမစ္စတာ ဒက်စမွန်းဆင်းက ပြောပါတယ်။

# ဖိလစ်ပိုင်စွမ်းအင်ဝန်ကြီးဌာနက စွမ်းအင်ချွေတာရေးစံနှုန်းများ တင်းကျပ်စွာ သတ်မှတ်မည်

ဖိလစ်ပိုင်စွမ်းအင်ဝန်ကြီးဌာနက လူသုံးကုန် ပစ္စည်းတွေမှာ စွမ်းအင်ချွေတာရေးအနိမ့်ဆုံး စံသတ် မှတ်ချက်များကို တင်းကျပ်စွာပြဋ္ဌာန်းပေးရန် စီစဉ် လျက်ရှိကြောင်း ဖီးလ်စတားဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

"အနိမ့်ဆုံး စွမ်းအင်သတ်မှတ်ချက်အကောင် အထည်ဖော်ရေးနဲ့ ဖိလစ်ပိုင်စွမ်းအင်စံနှုန်းများနဲ့ အမှတ်တံဆိပ်တပ်ရေးဆိုင်ရာ လမ်းညွှန်မှုများ" (Guidelines Inplementing the Minimum Energy Performance-MEPS and Strengthening the Philippine Energy Standards and Labeling Program-PELP) ဆိုတဲ့ နှိုးဆော်စာ (Circular) ကို ဝန်ကြီးဌာနကထုတ်ပြန်တော့မှာဖြစ်ကြောင်းနဲ့ အဲဒီ နှိုးဆော်စာက ဖိလစ်ပိုင်နိုင်ငံက ဆောင်ရွက်နေတဲ့ စွမ်းအင်ချွေတာရေးရှေ့လုပ်ငန်းစဉ်ရဲ့ အစိတ်အပိုင်း တစ်ရပ်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်ချွေ တာရေးနဲ့ စွမ်းအင်ထိန်းသိမ်းရေးဌာနခွဲ အကြီးအကဲ အာတီမီယို ဟာဘီတန်က သည်စတားသတင်းဌာနနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောပါတယ်။

ဝန်ကြီးဌာနအနေနဲ့ စွမ်းအင်ချွေတာရေးနဲ့ ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်းဆောင်ရွက်သွား မှာဖြစ်ကြောင်း ဟာဘီတန်က ပြောပါတယ်။ အဆိုပြု ထားတဲ့ နှိုးဆော်စာကို မတ်လရဲ့နောက်ဆုံး သီတင်း ပတ်မှာ ဝန်ကြီးက လက်မှတ်ရေးထိုးလိမ့်မယ်လို့ ခန့် မှန်းထားပါတယ်။

စံနှုန်းသတ်မှတ်ဖို့ အဆိုပြုထားတဲ့ လူသုံးကုန် ပစ္စည်းတွေထဲမှာ အိမ်သုံးပစ္စည်း၊ အိမ်မီးလင်းရေး ပစ္စည်းများနဲ့ မော်တော်ယာဉ်သုံးပစ္စည်းဆိုပြီး နှိုး ဆော်စာမူကြမ်းမှာ နယ်ပယ်သုံးခုသတ်မှတ်ထားပါ တယ်။

ချမှတ်ထားတဲ့ အစီအမံများအရ စွမ်းအင် ဝန်ကြီးဌာနက အနိမ့်ဆုံးစွမ်းအင်သတ်မှတ်ချက်များ ကို ပြဋ္ဌာန်းပေးထားပြီးဖြစ်ရာ သွင်းကုန်လုပ်ငန်း ရှင်များ၊ ကုန်ချောထုတ်လုပ်သူများ၊ ဖြန့်ဖြူးသူများနဲ့ စွမ်းအင်သုံးစွဲမှုဆိုင်ရာ ထုတ်ကုန်များအား ရောင်း ဝယ်သူများကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စောင့် ကြပ်ထိန်းသိမ်းသွားမှာ ဖြစ်ပါတယ်။

အစိုးရအေဂျင်စီများနဲ့ စွမ်းအင်ဆိုင်ရာလုပ်ငန်း တွေမှာ လုပ်ကိုင်ဆောင်ရွက်နေသူတွေပါဝင်တဲ့ နည်း ပညာဆိုင်ရာလုပ်ငန်းအဖွဲ့က စွမ်းအင်စွမ်းဆောင်ရည် စံနှုန်းများကို သတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာန သုတေသနနဲ့ စမ်းသပ်ရေး ဓာတ်ခွဲခန်းကလည်း ထုတ်ကုန်များကို စမ်းသပ်ပြီး အဆိုပါထုတ်ကုန်များအတွက် လိုအပ်တဲ့အမှတ် တံဆိပ် များကိုထုတ်ပေးမှာ ဖြစ်ပါတယ်။

## လျှပ်စစ်မီးရရှိမှု အနည်းဆုံးပြည်နယ်များအတွက် အင်ဒိုနီးရှားအစိုးရက ပြန်ပြည့်မြဲစွမ်းအင်ကို အသုံးပြုမည်

အင်ဒိုနီးရှားနိုင်ငံက ၂၀၁၉ ခုနှစ်မှာ အမျိုးသားလျှပ်စစ်စွမ်းအင်သုံးစွဲ မှုကိုလက်ရှိ ၈၇ ရာခိုင်နှုန်းမှ ၉၉ ရာခိုင် နှုန်းအထိ တိုးချဲ့ဆောင်ရွက်သွားရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ ပါတယ်။ အဆိုပါ ရည်မှန်းချက်များကို အကောင်အထည်ဖော်တဲ့ အနေဖြင့် အင်ဒိုနီးရှားအရှေ့ပိုင်းဒေသရှိ လျှပ်စစ် ဓာတ်အားရရှိမှု အနည်းဆုံးဖြစ်တဲ့ ပြည်နယ်ကို လျှပ်စစ်ဓာတ်အားတိုးမြှင့် ဖြန့်ဖြူးနိုင်ရေးအတွက် အစိုးရက ပြန်ပြည့်မြဲစွမ်းအင်ကို အသုံးပြုဖို့ ဆောင်ရွက်လျက်ရှိကြောင်း ဂျကာတာ ပို့စ်သတင်းမှာ ဖော်ပြပါတယ်။

ရှာပေါင်း ၁၂၆၆၉ ရွာမှာ လျှပ် စစ်ဓာတ်အားကွန်ရက်နဲ့ ဆက်သွယ် မှုမရှိဘဲ အများစုမှာ အနောက်နူဆာ တင်ဂါရာ၊ အရှေ့ နူဆာတင်ဂါရာ၊ ပါပူ အာ၊ အနောက်ပါပူအာ၊ မြောက် မာလူ ကူနဲ့ အရှေ့မာလူကူဒေသမှာ တည်ရှိ ကြကြောင်း စွမ်းအင်နဲ့ သတ္တုသယံဇာတ ဝန်ကြီး ဆူဒီမန်ဆက်က ပြောပါတယ်။

"လျှပ်စစ်ဓာတ်အား ကွာဟချက် ကို သုံးနှစ်လေးနှစ်အတွင်း ဖြေရှင်းဖို့ ရည်မှန်းထားတဲ့ နယ်မြေတွေထဲမှာ ဒီနယ်မြေတွေလည်း ပါဝင်ပါတယ်" လို့ ဖေဖော်ဝါရီ ၃ ရက်က ဂျကာတာမြို့ မှာ ဘဏ္ဍာရေးဝန်ဆောင်မှု အာဏာပိုင် အဖွဲ့နဲ့ နားလည်မှုစာချွန်လွှာရေးထိုး အပြီးမှာ ဆူဒီမန်က ပြောပါတယ်။

အင်ဒိုနီးရှားအစိုးရက ပြန်ပြည့် မြဲစွမ်းအင်ထုတ်လုပ်မှုထဲမှ မီဂါဝပ် ၃၀၀၀၀၀ ကို အသုံးပြုနိုင်လိမ့်မယ်လို့ ရည်မှန်းထားတဲ့အနက် သုံးရာခိုင်နှုန်း ကိုသာ အသုံးပြုနိုင်သေးတဲ့အတွက် အင်ဒိုနီးရှားနိုင်ငံရဲ့ ပြန်ပြည့်မြဲစွမ်းအင် အလားအလာအားလုံးကို အသုံးချနိုင် ခြင်းမရှိသေးကြောင်း ဆူဒီမန်ကပြော ပါတယ်။

ပြန်ပြည့်မြဲစွမ်းအင် ဖွံ့ဖြိုးရေး အတွက် အစိုးရဘတ်ဂျက်မှ တစ်နှစ်ကို ရူပီးနှစ်ထရီလီယံ လျာထားပေးနိုင်တဲ့ အတွက် ဘဏ္ဍာရေးအဖွဲ့အစည်းများ ရဲ့ အခန်းကဏ္ဍကိုမြှင့်တင်ပေးခြင်းဖြင့် ဘဏ္ဍာရေးဝန်ဆောင်မှုအာဏာပိုင် အဖွဲ့နဲ့ နားလည်မှုစာချွန်လွှာရေးထိုး က ပြန်ပြည့်မြဲစွမ်းအင်ဖွံ့ဖြိုးတိုးတက် ရေးကို ဆောင်ရွက်မှာဖြစ်ကြောင်း သူကပြောပါတယ်။

ယခုနှစ်အတွင်း ပြန်ပြည့်မြဲ စွမ်းအင်လုပ်ငန်းတွေအတွက် ရူပီး သုံး ထရီလီယံအထိ ရင်းနှီးမြှုပ်နှံကြဖို့ ဘဏ္ဍာရေးအဖွဲ့အစည်းများက ကတိ ပေးထားကြောင်း ဘဏ္ဍာရေးဝန်ဆောင် မှု အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ မူလျာမန် ဟာဒက်က ပြောပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ဂျကာတာ**

ယှဉ်ပြိုင်မှုပြင်းထန်လျက်ရှိတဲ့ ယခုခေတ်ကြီးမှာ နိုင်ငံတိုင်းကနိုင်ငံရဲ့ အမှတ်တံဆိပ် (Country Brand) ကို ထူထောင်ရန်လိုကြောင်း၊ ကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်းနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ နိုင်ငံရဲ့ အမှတ်တံဆိပ်က အရေးပါတဲ့အတွက် နိုင်ငံပုံရိပ်မြှင့်တင်ပေးဖို့အတွက် အခြေခံအဆောက်အအုံ နဲ့ အထောက်ကူပြုပစ္စည်းများဖွံ့ဖြိုးရေးကို အရှိန်မြှင့် ဆောင်ရွက်ရန်လိုကြောင်း အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒို (ဂျိုကိုဝီ) ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

**နယူးဒေလီ**

အိန္ဒိယအိုင်တီပို့ကုန်ဈေးကွက်ရဲ့ ထက်ဝက်ရှိတဲ့ အမေရိကန်ပြည်ထောင်စုမှာ ရွေးကောက်ပွဲလှုပ်ရှားမှုတွေရှိနေသလို ဥရောပနဲ့ ယူနိုက်တက်ကင်းဒမ်းမှာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမြင့်တက်မှုတို့ရှိနေ ပေမယ့် အိန္ဒိယနိုင်ငံရဲ့ အိုင်တီပို့ကုန်လုပ်ငန်းမှာ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်ခဲ့ပြီး ၂၀၁၆-၁၇ ဘဏ္ဍာနှစ်မှာ ဆယ်ဂဏန်းနဲ့ တိုးတက်ဖွယ်ရှိကြောင်း ဟိန္ဒူသတင်းမှာ ဖော်ပြပါတယ်။

**ဝယ်လင်တန်**

နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့မှာ ဖေဖော်ဝါရီ ၃ ရက်က ကျင်းပတဲ့ အစည်းအဝေးမှာ အမေရိကန်အပါအဝင် ပစိဖိတ်ဝန်းကျင်ဒေသနိုင်ငံ ၁၂ နိုင်ငံတို့မှ ကုန်သွယ်ရေးဝန်ကြီးတို့က လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်းနဲ့ စာချုပ်အတည်ပြုနိုင်ရန် တစ်နိုင်ငံချင်းအလိုက်ပြည်တွင်းမှ အတည်ပြုချက်ရယူရန် သာလိုတော့ကြောင်း အဆာဟိသတင်းမှာ ဖော်ပြပါတယ်။

**မနီလာ**

မြစိမ်းရောင် နည်းပညာ (Green Technology) နဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်မှာ အလုပ်အကိုင်သစ်များဖန်တီးပေးရန်အတွက် အခွင့်အလမ်းများဖော်ဆောင်ပေးမယ့် ဥပဒေတစ်ရပ်ဖြစ်တဲ့ "Green Jobs Act" ဥပဒေမူကြမ်းကို ဖိလစ်ပိုင်သမ္မတ အာကွီနိုထံတင်ပြထားပြီးဖြစ်ရာ မကြာမီ အတည်ပြုနိုင်တော့မည်ဖြစ်ကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

**MIDDLE EAST**

## ရေနံစိမ်းဈေးနှုန်းကျဆင်းမှုကိစ္စကို အိုပက်အဖွဲ့နဲ့ ဆွေးနွေးရန် ရုရှားနိုင်ငံ အသင့်ဖြစ်

ရေနံတင်ပို့တဲ့ နိုင်ငံများအဖွဲ့ (အိုပက်) မှာ ရေနံအများဆုံး ထုတ်လုပ်နေတဲ့ ဆော်ဒီအာရေဘီးယားနိုင်ငံက ရေနံထုတ်လုပ်မှုကို ငါးရာခိုင်နှုန်းလျှော့ချဖို့ အဆိုပြုထားတယ်လို့ ဇန်နဝါရီ ၃၁ ရက်မှာ ရုရှားနိုင်ငံက ပြောကြားကြောင်း jewocity ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။

ယခုကဲ့သို့ အဆိုပြုထားတဲ့အတွက် ဆယ်နှစ်တာကာလအတွင်း ရေနံစိမ်းအလျှံပယ် ထုတ်လုပ်နေမှုကို လျှော့ချနိုင်ဖို့အတွက် လမ်းစပေါ်လာပြီး ရေနံစိမ်းဈေးနှုန်းတွေ မြှင့်တင်နိုင်ရေး ပထမဆုံးအကြိမ်အဖြစ်ဆောင်ရွက်မယ့် ဆွေးနွေးမှုတစ်ရပ်ဖြစ်လာနိုင်ပါတယ်။

ရေနံစိမ်းဈေးနှုန်းတွေကျဆင်းနေပေမယ့် အိုပက်အဖွဲ့ဝင်မဟုတ်တဲ့နိုင်ငံတွေကပါ ရေနံထုတ်လုပ်မှုကို လျှော့ချမပေးဘူးဆိုရင် အိုပက်အဖွဲ့ကလည်း ရေနံထုတ်လုပ်မှုကို လျှော့ချပေးမှာမဟုတ်ကြောင်း ကူဝိတ်နဲ့အီရတ်နိုင်ငံတို့က ဇန်နဝါရီ ၂၆ ရက်က ပြောကြားထားပြီးဖြစ်ပါတယ်။

အဆိုပြုချက်နဲ့ ပတ်သက်ပြီး ဆော်ဒီအာရေဘီးယားမှ တာဝန်ရှိသူတွေကချက်ချင်း တုံ့ပြန်ပြောကြားခဲ့ခြင်းမရှိပါဘူး။ ဒီသတင်းက ဗင်နီဇွဲလားနဲ့ အယ်လ်ဂျီးရီးယားက လာတာဖြစ်ကြောင်း ပင်လယ်ကွေ့ဒေသ အိုပက်ကိုယ်စားလှယ်တစ်ဦးက ပြောပါတယ်။ ဒီသတင်းတွေ ထွက်ပေါ်လာ ပြီးနောက်ပိုင်း ဘရင့်ရေနံစိမ်းဈေးနှုန်းက ၈ ရာခိုင်နှုန်းမြင့်တက်ကာ တစ်စည်ကို အမေရိကန်ဒေါ်လာ ၃၆ ဒေါ်လာအထိရှိခဲ့ပြီး အမေရိကန်ပြည်ထောင်စု ရေနံစိမ်းဈေးက အမေရိကန်ဒေါ်လာ ၃၅ ဒေါ်လာနှုန်းထိ မြင့်တက်ခဲ့ပါတယ်။

ရုရှားနိုင်ငံက လာမယ့်လကစပြီး ဆွေးနွေးပွဲတွေမှာပါဝင်လိမ့် မယ်လို့ ခန့်မှန်းထားပါတယ်။

တကယ်လို့နိုင်ငံတိုင်းက ထုတ်လုပ်မှုကို ငါးရာခိုင်နှုန်းစီလျှော့ချမယ်ဆိုရင် ကမ္ဘာ့ရေနံထုတ်လုပ်မှု က တစ်ရက်ကို စည်တစ်သန်းလျော့ကျသွားမှာဖြစ်ပြီး ဈေးကွက်ထဲမှာလက်ရှိ အပိုအလျှံဖြစ်နေတဲ့ ပမာဏနဲ့ညီမျှသွားနိုင်ပါတယ်။

**EAST ASIA**

## ဈေးသက်သာပြီးအရသာရှိတဲ့ ဂျပန်အစားအစာများကို အာရှဒေသအတွင်းဖြန့်ချီနိုင်ရန် ကန်ဆိုင်းဒေသမှ ကုမ္ပဏီများကြိုးပမ်း

ဂျပန်နိုင်ငံ ကန်ဆိုင်းဒေသကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားခရီးသွားတွေကအရသာ ရှိတဲ့ကန်ဆိုင်းဒေသအစားအစာတွေကို အူလှိုက်သည်းလှိုက် စွဲလမ်းနှစ်သက်ကြတာကို တွေ့ရပါတယ်။

ဒါကြောင့် အဲဒီဒေသကို လာရောက်လည်ပတ်သူတွေက သူတို့နေရင်းဒေသကို ပြန်ရောက်တဲ့အခါမှာလည်းဒီအစားအစာတွေကိုစားသောက်ချင်ကြမှာဖြစ်တဲ့အတွက် အဲဒီဒေသတွေမှာဈေးကွက်အလားအလာတွေရှိနိုင်တယ်လို့ အစားအစာထုတ်လုပ်သူတွေနဲ့ စားသောက်ဆိုင်တွေက ယူဆကြကြောင်း အဆာဟိသတင်းမှာ ဖော်ပြပါတယ်။




သူတို့နှစ်သက် စွဲလမ်းကြတဲ့အထဲမှာဟင်းသီးဟင်းရွက်၊ အသားနဲ့ တခြားအစပ်အဟပ်တွေပါတဲ့ ဆီကြော်မုန့်တစ်မျိုးဖြစ်တဲ့ အိုကိုနိုမိယာကီ၊ ဝက်သားကင်တစ်မျိုးဖြစ်တဲ့ ကူရှိကာဆုနဲ့ ပဲပုပ်နဲ့လေးသင်းနေအောင်ချက်ထားတဲ့ အိုဒင်ဟင်းချိုစတာတွေ ပါဝင်ပြီး ဒီအစားအစာတွေက ဟရိုဂျိုစီရင်စုမှာရှိတဲ့ ဟီမဲဂျီဒေသက အစားအစာတွေ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်းက ဟီမဲဂျီအိုဒင်အရောင်းမြှင့်တင်ရေး ကော်မရှင်ကဦးစီးပြီး အစားအစာပြပွဲတစ်ခုကို ခင်းကျင်းပြသခဲ့ပါတယ်။ ကော်မရှင်အဖွဲ့ဝင်တွေထဲမှာ အစားအစာထုတ်လုပ်သူတွေနဲ့ ဒီလုပ်ငန်းနဲ့ဆက်စပ်နေတဲ့လုပ်ငန်းတွေပါဝင်ပြီး နိုင်ငံခြားသားတွေက သူတို့နိုင်ငံမှာရောင်းချနေတဲ့ ဟီမဲဂျီအိုဒင်ဟင်းချိုကို မြည်းစမ်းပြီးနောက် ဂျပန်နိုင်ငံအထိ လာရောက်စားသောက်ကြလိမ့်မယ်လို့ ကော်ရှင်က ခန့်မှန်းထားပါတယ်။ ဟီမဲဂျီအိုဒင်ဟင်းချိုကို အထူးပြုရောင်းချမယ့် စားသောက်ဆိုင်တစ်ဆိုင်ကို တောင်ကိုရီးယားမှာ မကြာမီဖွင့်လှစ်ဖို့ စီစဉ်ထားပါတယ်။

တကယ်လို့ ပင်လယ်ရပ်ခြားဒေသမှာ အိုဒင်ဟင်းချိုကိုသောက်ချင်တယ်ဆိုရင် ဟီမဲဂျီစတိုင်အတိုင်းစားနိုင်အောင် ဖန်တီးပေးဖို့ကော်မရှင်က စဉ်းစားလျက်ရှိပါတယ်။

**EAST ASIA**

## တရုတ်နိုင်ငံရဲ့ ဇန်နဝါရီကုန်ထုတ်လုပ်မှုက ၂၀၁၂ ခုနှစ် နောက်ပိုင်းအနိမ့်ဆုံးနှုန်းဖြင့် တိုးတက်

ဇန်နဝါရီလအတွင်းမှာ တရုတ်နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်နှုန်းက နှစ်နှစ်ခွဲကာလအတွင်း အလျင်မြန်ဆုံးနှုန်းနဲ့ ကျဆင်းခဲ့ကြောင်း၊ ယခုလိုကျဆင်းမှုက ဈေးကွက်ရဲ့ ကြိုတင်ခန့်မှန်းချက်နဲ့ ကိုက်ညီမှုမရှိသေးကြောင်း ဖေဖော်ဝါရီ ၁ ရက်က တရားဝင်ထုတ်ပြန်တဲ့ စစ်တမ်းအရ သိရပါတယ်။

တရားဝင်ထုတ်ပြန်တဲ့ ဝယ်ယူသူမန်နေဂျာများ အညွှန်းကိန်း (Purchasing Manager's Index-PMI) က ဇန်နဝါရီမှာ ၄၉ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့တဲ့အတွက် ယခင်လက ရှိခဲ့တဲ့ ၄၉ ဒသမ ၇ ရာခိုင်နှုန်းနဲ့နှိုင်းယှဉ်ရင်နိမ့်ကျနေတဲ့အပြင် တိုးတက်နှုန်းနဲ့ကျဆင်းမှုကိုသတ်မှတ်ထားတဲ့ ၅၀ ရာခိုင်နှုန်းအောက်ကို ကျဆင်းနေတာကိုတွေ့ရပြီး ၂၀၁၂ ခုနှစ်ဩဂုတ်လနောက်ပိုင်း အနိမ့်ဆုံး ဖွံ့ဖြိုးမှုနှုန်းဖြစ်ခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

PMI အရ စက်ရုံများရဲ့ ကုန်ထုတ်လုပ်လုပ်ငန်းကျဆင်းမှုက ခြောက်လမြောက်ဆက်တိုက်ကျဆင်းလာတာကို တွေ့ရပါတယ်။ သံမဏိနဲ့ စွမ်းအင်အပါအဝင်အဓိကကျတဲ့ ကဏ္ဍတွေမှာ အလျှံပယ် ထုတ်လုပ်နေမှုနဲ့ ဈေးနှုန်းများကျဆင်းမှုဒဏ်ကို ပြင်းထန်စွာခံနေရတဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းရဲ့ နှစ် အစတာထွက်မှာ အားနည်းတဲ့လက္ခဏာတွေ ဖြစ်ပေါ်လျက်ရှိတာတွေ့ရပါတယ်။

"ဇန်နဝါရီလမှာ လျှပ်စစ်ကဏ္ဍထုတ်လုပ်မှုက ကျဆင်းနေဆဲဖြစ်ပြီး သံမဏိထုတ်လုပ်မှုကလည်းဆက်လက်ကျဆင်းနေပါတယ်။ ဒါတွေကိုကြည့်ရင် စက်မှုကဏ္ဍတွေမှာ ထုတ်လုပ်မှုစွမ်းအားတွေကျဆင်းနေတာကို ပြသလျက်ရှိနေတာကို တွေ့ရပါတယ်"လို့ Commerzbank ရဲ့ စီးပွားရေးပညာရှင် ချူဟောင်က ပြောပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

**SOUTH ASIA**

## သီးနှံအာမခံလုပ်ငန်း အစီအစဉ်ကိုအများစုက ပိုမိုသိမြင် သဘောပေါက်အောင် ဆောင်ရွက်ဖို့ အိန္ဒိယဝန်ကြီးချုပ်နှိုးဆော်

အိန္ဒိယကျေးလက်ဒေသတွေမှာ တွေ့ကြုံနေရတဲ့ ဒုက္ခတွေကကြီးမားနေတဲ့အတွက် အသစ်ကြေညာထားတဲ့ သီးနှံအာမခံအစီအစဉ်ကို လာမယ့်နှစ်နှစ်သုံးနှစ်အတွင်း ကျေးလက်တောင်သူလယ်သမားအနည်းဆုံး ရာခိုင်နှုန်း ၅၀ ခံစားခွင့်ရှိအောင်ဆောင်ရွက်ပေးဖို့လိုကြောင်း အိန္ဒိယနိုင်ငံရဲ့ ဝန်ကြီးချုပ် နရိန္ဒရာမိုဒီက ဇန်နဝါရီ ၃၁ ရက်မှာတိုက်တွန်းပြောကြားပါတယ်။

တိုင်းပြည်သို့ အသံလွှင့်မိန့်ခွန်းအစီအစဉ်ဖြစ်တဲ့ "Manm Ki Boat" လစဉ်ရေဒီယိုထုတ်လွှင့်မှုအစီအစဉ်အရ ၂၀၁၆ ခုနှစ်အတွက် ပထမဆုံးအဖြစ်ထုတ်လွှင့်ခဲ့တဲ့ မိန့်ခွန်းမှာ ဝန်ကြီးချုပ်မိုဒီက အကြောင်းအရာအများအပြားကို ပြောကြားသွားခဲ့ပြီး Manm Ki Boat အစီအစဉ်ကိုလည်း မိုဘိုင်းဖုန်းကို အသုံးပြုပြီးဘာသာစကားအမျိုးမျိုးနဲ့ အသုံးပြုနားထောင်နိုင်အောင် ဆောင်ရွက်ပေးသွားမယ်လို့ ပြောကြောင်း ဟိန္ဒူဘိဇနက်လိုင်းသတင်းမှာ ဖော်ပြခဲ့ပါတယ်။

"သီးနှံအာမခံ လုပ်ငန်းကို ဆောင်ရွက်ရာမှာ နည်းပညာဆိုင်ရာသွင်းအားစုတွေနဲ့အသုံးပြုထားတဲ့အတွက်ဆောင်ရွက်ရာမှာအလွန်လွယ်ကူပါတယ်။ ရိတ်သိမ်းချိန် ၁၅ ရက်အတွင်းတစ်စုံတစ်ရာဖြစ်ခဲ့ရင်တောင်မှအကူအညီပေးသွားမှာ ဖြစ်ပါတယ်" လို့ သူကပြောကြားပြီး အစီအစဉ်အကြောင်းကို လူအများသိရှိသဘောပေါက်အောင်ပြည်သူလူထုက ကူညီဆောင်ရွက်ပေးဖို့ သူကတိုက်တွန်းထားပါတယ်။

အိန္ဒိယအစိုးရက အိန္ဒိယထူထောင်စလုပ်ငန်းများ အစီအစဉ် (Start-up India Scheme) ကိုလည်း ဇန်နဝါရီ၁၆ ရက်ကကြေညာခဲ့ပါတယ်။ ယခုကြေညာချက်တွင် ထူထောင်စလုပ်ငန်းသစ်ဟုဆိုရာတွင် ခေတ်မီအိုင်တီလုပ်ငန်းများကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ အခြားစိုက်ပျိုးရေးကဲ့သို့ သာမန်လုပ်ငန်းကိုပါထည့်သွင်းသတ်မှတ်ပေးခဲ့ပါတယ်။ ဥပမာအားဖြင့် အိန္ဒိယအရှေ့မြောက်ဒေသမှာ လုပ်ငန်းသစ်ထူထောင်တဲ့ လူငယ်နှစ်ဦးက ပရဆေးနဲ့ အော်ဂဲနစ်စိုက်ပျိုးရေးကိုသာဆောင်ရွက်ကြပေမယ့် သူတို့ ထုတ်ကုန်တွေကို ကမ္ဘာ့ဈေးကွက်အထိ တင်ပို့လျက်ရှိကြောင်းဝန်ကြီးချုပ်က ရည်ညွှန်းပြောကြားပါတယ်။

# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်






အမေရိကန်ပြည်ထောင်စုက စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းများ ထုတ်ပြန်တော့မည်ဖြစ်ရာ ထွက်ပေါ်လာမယ့် စီးပွားရေးကိန်းဂဏန်းများကို ခန့်မှန်းကြည့်ခြင်းအားဖြင့် အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းများကို မူလခန့်မှန်းထားတာထက် နောက်ကျပြီး တိုးမြှင့်ပေးလိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက ယုံကြည်ကြပါတယ်။ ဒါကြောင့် ဖေဖော်ဝါရီ ၅ ရက်မှာ ထွန်းသစ်စအာရှငွေကြေးများ တန်ဖိုးမြင့်တက်လာခဲ့ပါတယ်။ အခြားအဓိကငွေကြေးခြောက်ခုနဲ့ ဖလှယ်ရာမှာလည်း သီတင်း ၁၅ ပတ်အတွင်း ဒေါ်လာတန်ဖိုး အနိမ့်ဆုံးနှုန်းကိုရောက်ရှိခဲ့ပါ တယ်။

ရိုက်တာသတင်းဌာနက ကောက်ခံထားတဲ့ စစ်တမ်းအရ လယ်ယာလုပ်ငန်းမှအပဖြစ်တဲ့ လုပ်ငန်းတွေဆောင်ရွက်နေတဲ့ အမေရိကန်အလုပ်ရှင်တို့ကလုပ်ငန်းသစ် ၁၉၀၀၀၀အထိ ဖန်တီးနိုင်မယ်လို့ ခန့်မှန်းရပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ အလုပ်အကိုင်သစ် ၂၂၀၀၀၀ အထိ ဖန်တီးနိုင်မှသာ အာရှငွေကြေးတွေ တန်ဖိုးကျဆင်းနိုင်မယ်လို့ ခန့်မှန်းကြပါတယ်။ လာမယ့်သီတင်းပတ်မှာ တရုတ်ဈေးကွက်တွေက သီတင်းတစ်ပတ်လုံးနီးပါး ပိတ်ထားမှာဖြစ်လို့ အာရှဘဏ္ဍာရေးဈေးကွက်အများစုလည်းပိတ်ထားမှာဖြစ်ပါတယ်။

**တရုတ်ယွမ်**

ဂျပန်ဗဟိုဘဏ် အတိုးနှုန်းကို သုည ရာခိုင်နှုန်းအောက် အထိလျှော့ချပေးမယ်လို့ ဂျပန်ဗဟိုဘဏ်က ဇန်နဝါရီ ၂၉ ရက်က ကြေညာ ခဲ့ပြီးနောက် ပိုင်းပင်လယ်ရပ်ခြားရှိ ယွမ်ငွေကြေးတန်ဖိုးက အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဖေဖော်ဝါရီ ၁ ရက် တစ်ဒေါ်လာကို ၆ ဒသမ ၆၂၀၃ ယွမ်နှုန်း ရှိပြီး သီတင်းသုံးပတ်အတွင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။ ဖေဖော်ဝါရီ ၃ ရက်မှာ တစ်ဒေါ်လာကို ၆ ဒသမ ၆၄၂၃ ယွမ်နှုန်းထိ ရောက်ရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

သွင်းကုန်လုပ်ငန်းတွေနဲ့ဘဏ်တွေက အမေရိကန်ဒေါ်လာကိုဝယ်ယူလာကြတဲ့အတွက် ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေး ဈေးကွက်မှာ ရူပီးငွေကြေးက တစ်ဒေါ်လာကို ၆ ဒသမ ၆၅ ရူပီးနှုန်း ဖြစ်ခဲ့တဲ့အတွက် သုည ဒသမ ၀၁ ရူပီးနှုန်းတန်ဖိုးကျဆင်းခဲ့ပါတယ်။

တချို့ ကမ္ဘာ့ငွေကြေးတွေနဲ့ ဖလှယ်တဲ့အခါ ဒေါ်လာတန်ဖိုးမြင့်တက်မှုက ရူပီးတန်ဖိုးမြင့်တက်မှုကို အဟန့်အတား ဖြစ်စေခဲ့ပေမယ့် ရှယ်ယာဈေးကွက်အဖွင့်မှာ ပြည်တွင်းရှယ်ယာတန်ဖိုး မြင့်တက်မှုကြောင့် ဆုံးရှုံးမှုကို သက်သာရာရစေခဲ့ပါတယ်။

**ဂျပန်ယန်း**

ယန်းငွေနဲ့ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာ သီတင်းနှစ်ပတ်အတွင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။ ဒါပေမယ့် ဂျပန်ဗဟိုဘဏ်က အတိုးနှုန်းကို သုည ရာခိုင်နှုန်းအောက်ချလိုက်တဲ့အတွက် ယန်းတန်ဖိုးမြင့်တက်မယ့် အလားအလာကျဆင်းခဲ့ပါတယ်။

ဒါပေမယ့် ဖေဖော်ဝါရီ ၄ ရက်က ထုတ်ပြန်တဲ့ စီးပွားရေးကိန်းဂဏန်းတွေအရ အလုပ်လက်မဲ့ခံစားခွင့် တောင်းခံတဲ့သူဦးရေက ခန့်မှန်းထားတာထက် ပိုမိုများပြားတဲ့အတွက် အလုပ်အကိုင်ရရှိမှု အခြေအနေက ခန့်မှန်းထားတာထက်ပိုမိုနိမ့်ကျမယ့် အခြေအနေရှိနေပါတယ်။

အမေရိကန်ဒေါ်လာတန်ဖိုးက ဖေဖော်ဝါရီ ၅ ရက်မှာ တစ်ဒေါ်လာကို ၁၁၆ ဒသမ ၇၃ ယန်းနှုန်း ရှိခဲ့ရာ ဖေဖော်ဝါရီ ၄ ရက်ကရှိတဲ့ နှုန်းဖြစ်တဲ့ ၁၁၆ ဒသမ ၅၂၅ ယန်းနှုန်းနဲ့ နှိုင်းယှဉ်ရင်ကွာခြားမှုအများကြီး မရှိတာကို တွေ့ရပါတယ်။ ရက်သတ္တပတ်အလိုက် နှိုင်းယှဉ်ရင်တော့ ၃ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ပါတယ်။

ယူရိုနဲ့ ဒေါ်လာ ဖလှယ်နှုန်းက တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၉၈ ဒေါ်လာနှုန်းရှိတဲ့အတွက် နေ့အလိုက်နှိုင်းယှဉ်ရင် ၁ ရာခိုင်နှုန်း ကျဆင်းပြီး သီတင်းပတ်အလိုက် နှိုင်းယှဉ်ရင် ၃ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ပါတယ်။

**မလေးရှားရင်းဂစ်**

ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းမှာ ထုတ်ပြန်မယ့် အမေရိကန် အလုပ်အကိုင် ကိန်းဂဏန်းတွေ မထုတ်ပြန်သေးတဲ့အတွက် ရင်းနှီးမြှုပ်နှံသူများက သတိထားပြီး လုပ်ကိုင်နေကြတာကြောင့် ရင်းဂစ်ငွေကြေးရဲ့ ဝယ်လိုအားကျဆင်းခဲ့ပါ တယ်။ ဒါကြောင့် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ငွေကြေးဖလှယ်နှုန်းက ဖေဖော်ဝါရီ ၄ ရက်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၁၅၀၅ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့ညနေ ၅ နာရီမှာ တစ်ဒေါ်လာ ၄ ဒသမ ၁၅၂၀ ရင်းဂစ်နှုန်းအထိဒေါ်လာတန်ဖိုးမြင့်တက်ခဲ့ပါတယ်။

တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ အများအားဖြင့် ရင်းဂစ်တန်ဖိုးကျဆင်းပါတယ်။

**တောင်ကိုရီးယားဝမ်**

နှစ်သစ်ကူးပွဲတော် အတွက် အားလပ်ရက်သုံးရက်မတိုင်မီဖြစ်ခြင်း၊ ရေနံဈေးနှုန်းများကျဆင်းနေခြင်းစတဲ့ အခြေအနေများကြောင့် ရင်းနှီးမြှုပ်နှံသူများကအခြေအနေကို အကဲခတ်စောင့်ကြည့်နေတဲ့အတွက် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းမှာ တောင်ကိုရီးယားရှယ်ယာတန်ဖိုးက မဆိုသလောက်သာ မြင့်တက်ခဲ့ပါတယ်။

ပြည်တွင်းသုံး ဝမ်ငွေကြေးတန်ဖိုးက ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီမိနစ် ၂၀ မှာ အမေရိကန်တစ်ဒေါ်လာကို ၁၁၉၄ ဒသမ ၅ ဝမ်နှုန်းရှိခဲ့တဲ့အတွက် ဖေဖော်ဝါရီ ၄ ရက်ကနဲ့ နှိုင်းယှဉ်ရင် ၇ ဒသမ ၆ ဝမ်နှုန်းမြင့်တက်ခဲ့ပါတယ်။

**ထိုင်းဘတ်**

ဘွန်းစာချုပ်တွေမှတစ်ဆင့် ရင်းငွေများ ထိုင်းနိုင်ငံအတွင်းသို့ စီးဝင်လာတဲ့အတွက် ဘတ်ငွေတန်ဖိုးက ယခုသီတင်းပတ်အတွင်း သုည ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်



## ထူထောင်စလုပ်ငန်းများကို အားပေးနိုင်ရန်အတွက် အိန္ဒိယဗဟိုဘဏ်က အက်ဖ်ဒီအိုင် သတ်မှတ်ချက်များကို လျှော့ချ

အိန္ဒိယနိုင်ငံမှာ စတင်ထူထောင်စလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု-အက်ဖ်ဒီအိုင် (Foreign Direct Investment) စံနှုန်းများအပါအဝင် စည်းကမ်းသတ်မှတ်ချက်အများအပြားကို ဖေဖော်ဝါရီ ၂ ရက်က လျှော့ပေါ့ပေးခဲ့ကြောင်း အိန္ဒိယတိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

မည်သည့်လုပ်ငန်းကဏ္ဍမှာလုပ်ကိုင်နေတာပဲဖြစ်ဖြစ် လုပ်ငန်းစတင်ထူထောင်စလုပ်ငန်းတွေက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လက်ခံနိုင်ခွင့်ပေးထားပါတယ်။ အသစ်ပြဋ္ဌာန်းလိုက်တဲ့ သတ်မှတ်ချက်များအရ ရှယ်ယာများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများထံမှ အိန္ဒိယနိုင်ငံတွင် အခြေခံနေထိုင်သူသို့မဟုတ် အခြေချနေထိုင်သူမဟုတ်သူတို့အား လွှဲပြောင်းခွင့်ပေးထားပါတယ်။

“နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို တည်ထောင်စလုပ်ငန်းတွေက လက်ခံခွင့်ပြုတဲ့ အဆိုပြုချက်က ကြိုဆိုရမယ့်အချက်တစ်ချက် ဖြစ်ပါတယ်။ လောလောဆယ်မှာ အိန္ဒိယနိုင်ငံရှိ Venture Capital Fund (VCF) နဲ့ India Venture Capital Undertakings (IVCU) တို့ကသာ နိုင်ငံခြားစွန့်ဦးရင်းနှီးမြှုပ်နှံမှုကို လက်ခံနိုင်ခွင့်ရှိပါတယ်”လို့ BMR Advisors အဖွဲ့မှ ဗိုဗစ်ဂုပတားက ပြောပါတယ်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနဲ့ ဆက်နွယ်နေတဲ့ ငွေပေးငွေယူရှင်းလင်းမှုများနှင့် ဆိုင်သော ကိစ္စရပ်များကို ရှင်းလင်းလွယ်ကူမှုရှိအောင် ဗဟိုဘဏ်က ဆောင်ရွက်ပေးခဲ့ပါတယ်။

## ကျဆင်းနေတဲ့စီးပွားရေးကို မြှင့်တင်ပေးဖို့အတွက် တောင်ကိုရီးယားနိုင်ငံက စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ်ချမှတ်

ရေနံစိမ်းဈေးနှုန်းများကျဆင်းခြင်း၊ တရုတ်နဲ့တခြားအဓိကနိုင်ငံကြီးများမှ ဝယ်လိုအားကျဆင်းခြင်းစတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်နေတဲ့ တောင်ကိုရီးယား စီးပွားရေးကို နာလန်ထူစေမယ့် လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်စေရန် တောင်ကိုရီးယားနိုင်ငံက စီးပွားရေးလှုံ့ဆော်တွန်းအားပေးအစီအစဉ်တွေကို ဖေဖော်ဝါရီက ထုတ်ပြန်ခဲ့ကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ချမှတ်လိုက်တဲ့ အစီအမံတွေထဲမှာ အစိုးရအသုံးစရိတ်ကို ဝမ်ခြောက်ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၄ ဘီလီယံ) အထိမြှင့်တင်ပေးဖို့နဲ့ ပေါ်လစီဘဏ်တွေက ဝမ် ၁၅ ဒသမ ၅ ထရီလီယံအထိ ထုတ်ချေးပေးဖို့စတဲ့ အချက်တွေပါဝင်ပါတယ်။

ဇွန်လနှောင်းပိုင်းအထိ လူစီးကားတွေအတွက် ကောက်ခံတဲ့ ပုဂ္ဂလိကစားသုံးခွန်ကို ၃ ဒသမ ၅ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိလျှော့ချပေးမှာဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ပါတယ်။

“၂၀၁၅ ခုနှစ်နှောင်းပိုင်းကစပြီး စားသုံးမှုမြင့်တက်လာတဲ့အတွက် ကျွန်တော်တို့နိုင်ငံစီးပွားရေးက ပြန်လည်နာလန်ထူလာပါတယ်။ ဒါပေမယ့် ယခုနှစ်စပိုင်းကစပြီး စီးပွားရေးအခြေအနေတွေက ခန့်မှန်းထားတာထက် ပိုမိုဆိုးရွားလာပြီး ပို့ကုန်ကလည်း ပိုမိုကျဆင်းလာပါတယ်”လို့ အစိုးရအဖွဲ့ဝန်ကြီးများနဲ့ ကျင်းပတဲ့အဖွင့်မိန့်ခွန်းမှာ ဘဏ္ဍာရေးဝန်ကြီး ယူအီဟိုက ပြောပါတယ်။



## ဦးနှောက်သွေးကြောပိတ်လို့ ရုတ်တရက် သေဆုံးခဲ့ရတဲ့ ပလေးဘွိုင်းမဂ္ဂဇင်းရဲ့မော်ဒယ်

# ကေတီမေ

ပလေးဘွိုင်းမဂ္ဂဇင်းရဲ့ မော်ဒယ်တစ်ဦးဖြစ်ခဲ့တဲ့ အသက် ၃၄ နှစ်အရွယ်ရှိ မော်ဒယ်လ် ကေတီမေယ်ဟာ ဖေဖော်ဝါရီ ၁ ရက်က ဦးနှောက်သွေးကြောပိတ်ရောဂါနဲ့ ကွယ်လွန်သွားပြီလို့ သူ့ရဲ့အစ်ကိုဖြစ်သူက အတည်ပြု ပြောကြားခဲ့ပါတယ်။

ကေတီမေဟာ လည်ချောင်းနာတဲ့ရောဂါကို ခံစားနေရာ ကာလအတန်ကြာနေပြီဖြစ်ပေမယ့် သတိမထားမိတာကြောင့် အခုလိုဖြစ်ခဲ့ရတာဖြစ်တယ်လို့ အစ်ကိုဖြစ်သူ စတီဖင်က Contact music ကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

“ကျွန်တော်ရော၊ အမေရော၊ ညီမလေးရော၊ သူ့ရဲ့သူငယ်ချင်းတွေအကုန်လုံး တကယ့်ကို ဝမ်းနည်းနေကြပါပြီ။ မမျှော်လင့်ဘဲ အခုလိုဖြစ်သွားတဲ့အတွက် တကယ့်ကို ယုံကြုံးမရဖြစ်မိပါတယ်။ သူ့မှာ ဒီရောဂါရှိနေလိမ့်မယ်လို့မထင်မိဘူး။ ဆရာဝန်က နှလုံးသွေးကြောပိတ်ပြီးတော့ ဖြစ်ရတာလို့ ပြောတာကို မယုံနိုင်ဘူး”လို့ စတီဖင်ကပီးပဲလ်မဂ္ဂဇင်းနဲ့ အင်တာဗျူးရာမှာထည့်သွင်းပြောကြားခဲ့တာဖြစ်ပါတယ်။

ကေတီမေဟာ ပုရိသတွေကိုစွဲလန်းမှုတွေ ပေးနိုင်တဲ့အတွက် သူ့ရဲ့ လူမှုကွန်ရက်ဝက်ဘ်ဆိုက် Instagram မှာ ပရိသတ်ပေါင်း ၁ ဒသမ ၉ သန်းရှိနေပြီလို့ ဆိုပါတယ်။

သူ့ရဲ့ပရိသတ်တွေကလည်း အခုလို ရုတ်တရက် ကွယ်လွန်သွားတဲ့အတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာတွေ၊ ပန်းစည်းတွေ ပေးပို့ခဲ့ကြတယ်လို့ စတီဖင်က ပြောကြားခဲ့ပါတယ်။




ဟောင်ကောင်အက်ရှင်မင်းသား Carl Ng ဟာ ဖေဖော်ဝါရီ ၃ ရက်က သူနေထိုင်ရာ ဟောင်ကောင်မြို့လယ်ခေါင်မှာရှိတဲ့ အခန်းကို ပြန်အလာမှာ မှုတ်ဆေးအနီတွေနဲ့ ပက်ပြီးတိုက်ခိုက်တာကို ခံလိုက်ရတယ်လို့ဆိုပါတယ်။

“မှုတ်ဆေးအနီတွေနဲ့ ပက်တဲ့သူဟာ နံရံတစ်ဖက်မှာပုန်းနေပြီး ကျွန်တော်ရောက်အလာမှာ ကျွန်တော့်ရဲ့မျက်နှာကို သူ့လက်ထဲက မှုတ်ဆေးတွေနဲ့ ပက်ဖျန်းခဲ့တာပါ။ ကျွန်တော့်မျက်နှာတစ်ခုလုံး အနီရောင်တွေ ပေကုန်တာတစ်ခုပါပဲ။ ဒဏ်ရာတော့ မရပါဘူး။ ကျွန်တော့်ကို နောက်ချင်တဲ့စိတ်နဲ့လုပ်တာလား၊ ထိခိုက်နာကျင်စေအောင် လုပ်တာလားဆိုတာတော့ သူ့ကိုမေးကြည့်မှပဲရမယ်”လို့ သတင်းထောက်တွေရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားခဲ့ပါတယ်။

အခင်းဖြစ်ပွားတဲ့နေရာကို သတင်းထောက်တွေ ရောက်လာတဲ့အခါမှာ Carl Ng နဲ့ ရဲအရာရှိတို့ စကားများနေတာကို မြင်တွေ့ခဲ့တယ်လို့ ဆိုပါတယ်။

အသက် ၃၉ နှစ်အရွယ်ရှိတဲ့ Carl Ng ဟာ Mediacorp Channel 5 က ရိုက်ကူးတဲ့ Point of Entry ဇာတ်လမ်းတွဲမှာ အဓိကသရုပ်ဆောင်ဖြစ်တဲ့ကနေဒီယန်-အမေရိကန်လူမျိုး အက်ရှင်မင်းသား ဂျက်ယန်းရဲ့နေရာမှာ အစားထိုးဝင်ရောက်သရုပ်ဆောင်ရင်း အက်ရှင်မင်းသားအဖြစ် ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။



## အဆုပ်ရောင်ရောဂါကြောင့် ဆေးရုံတက်နေရတဲ့ မိုက်ကယ်မိုးရ်

ဖြစ်ရပ်မှန် ရုပ်ရှင်ဇာတ်ကားတွေကိုသာ ရိုက်ကူးလေ့ရှိတဲ့ ဒါရိုက်တာ မိုက်ကယ်မိုးရ်ဟာ အဆုတ်ရောင်ရောဂါကြောင့် ဆေးရုံတက်ရောက် ကုသနေရတယ်လို့ Contactmusic မှာ ဖော်ပြထားပါတယ်။

မိုက်ကယ်မိုးရ်ရဲ့ ရောဂါအခြေအနေဟာ ပြင်းထန်လှတာကြောင့် နယူးယောက်စီးတီးဆေးရုံရဲ့အထူးကြပ်မတ်ကုသဆောင်မှာထားရှိပြီး အရေးပေါ်ပြုစု ကုသလျက်ရှိတယ်လို့ ဆိုပါတယ်။

မိုက်ကယ်ဟာ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုကို အခြေခံပြီး Fahrenheit 9/11 ဆိုတဲ့အမည်နဲ့ ဖြစ်ရပ်မှန်ဇာတ်ကားတစ်ကားကို ၂၀၀၄ ခုနှစ်က ရိုက်ကူးခဲ့တဲ့အတွက် နာမည်ကျော် ဒါရိုက်တာစာရင်းဝင်တစ်ဦး ဖြစ်ခဲ့ရပါတယ်။

မိုက်ကယ်က “ကျွန်တော် အခုဆေးရုံရောက်နေပါပြီ။ ကျွန်တော် အဆုတ်ရောင်ရောဂါနဲ့ နယူးယောက်စီတီးရဲ့ဆေးရုံကြီးမှာ တက်ရောက်ကုသမှုခံယူနေရပါတယ်။ အထူးကြပ်မတ်ကုသဆောင်မှာပါ။ ဆရာဝန်တွေက နေ့ညမပြတ် ပြုစုပေးနေပါတယ်”လို့ သူ့ရဲ့လူမှုကွန်ရက်ဝက်ဘ်ဆိုက်မှာ ရေးသားဖော်ပြခဲ့တာကြောင့် သူ့ရဲ့ပရိသတ်တွေအားလုံး သိရှိခဲ့ရတာဖြစ်ပါတယ်။

## Girl Generation အဖွဲ့နဲ့ ပူးပေါင်းပြီး သီဆိုဖျော်ဖြေမယ့် ဟောချန်မီ



F-ve Doll အဖွဲ့ရဲ့ပင်တိုင်အဆိုတော်တစ်ဦးဖြစ်တဲ့ ဟောချန်မီဟာ သူ့ရဲ့ဂီတဖျော်ဖြေပွဲအတွက် Girl Generation အဖွဲ့နဲ့ပူးပေါင်းပြီး သီဆိုဖျော်ဖြေသွားမယ်လို့ ထုတ်ဖော် ကြေညာခဲ့ပါတယ်။

ဟောချန်မီဟာ Girl Generation အဖွဲ့နဲ့ ပူးပေါင်းနိုင်ဖို့အတွက် SM Entertainment မှာ ကကြိုးကကွက်တွေကို သင်ကြားနေသလို Girl Generation အဖွဲ့နဲ့ တွဲဖက်သီဆိုနိုင်ဖို့အတွက် ကြိုးစားလေ့ကျင့်နေတယ်လို့ ဆိုပါတယ်။

ဟောချန်မီဟာ သူ့ရဲ့သီဆိုဖျော်ဖြေပွဲကို Produce 101 လို့ အမည်ပေးထားပြီး သူနဲ့တွဲဖက်သီဆိုမယ့်အဖွဲ့ကို လွန်ခဲ့တဲ့လကတည်းက ရှာဖွေခဲ့တာဖြစ်ပါတယ်။ သူဟာ နောက်ဆုံးမှာ Girl Generation အဖွဲ့နဲ့ပဲ ပူးပေါင်းသီဆိုသွားဖို့ ဆုံးဖြတ်ခဲ့ပြီး သူနဲ့ Girl Generaton အဖွဲ့တို့ရဲ့ ပူးပေါင်းဖျော်ဖြေမှုဟာ ကမ္ဘာကျော်လောက်တဲ့အထိ ဖြစ်သွားနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့်လည်း ဟောချန်မီဟာ သူ့ရဲ့ပရိသတ်တွေကို ကမ္ဘာသစ်ဆီကို လျှောက်လှမ်းချင်ရင်ဖြင့် ဒီဂီတဖျော်ဖြေပွဲကို အရောက်လှမ်းခဲ့ပါလို့ ဆိုထားပါတယ်။



"Stay with "ALPINE"
ALPINE®
Purified Drinking Water
'Live Longer
and
Healthier'
ACM
ISO 22000
UKAS
ALPINE PROMISES HEALTH

COMMERCE
INTERNATIONAL

# 0,fvdkt;rsm;usqif;rIrsm;aMumifh xdkif;EdkifiHrS qefwifydkYrI usqif;

အဓိကဝယ်လက်များရဲ့ ဝယ်လိုအားမရှိတဲ့အတွက် အာရှဆန်ဈေးနှုန်းတွေက ယခုရက်သတ္တပတ်အတွင်းမှာ အနည်းငယ် ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့်လာမယ့်ရက်သတ္တပတ်မှာ ကျဆင်းမယ်လို့ ခန့်မှန်းထားတဲ့ ဗီယက်နမ်ဆန်အတွက် ဝယ်လိုအားက မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ဗီယက်နမ်ကုန်သည်တွေက ဖေဖော်ဝါရီ ၃ ရက်မှာ ပြောပါတယ်။

ကမ္ဘာပေါ်မှာ ဆန်အများဆုံးတင်သွင်းတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံက ဒီနှစ်အတွက်ဆန်ဝယ်ယူရေးအစီအစဉ်ကို အပြီးသတ်ရေးဆွဲနိုင်ခြင်းမရှိသေးသလို ဗီယက်နမ်ရဲ့ ထိပ်တန်းဆန်ဝယ်နိုင်ငံ ဖြစ်တဲ့ တရုတ်နိုင်ငံက နှစ်သစ်ကူးပွဲတော်ကို ကျင်းပလျက်ရှိပါတယ်။

ထိုင်းနဲ့ ဗီယက်နမ်တို့က အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာ့ဆန်တင်ပို့မှုမှာ ဒုတိယနဲ့ တတိယအဖြစ်နေရာယူထားတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။

"ဗီယက်နမ်နိုင်ငံမှာလည်း နှစ်သစ်ကူးပွဲတော်ပြီးရင် ပြည်တွင်းဆန်ဖြန့်ဖြူးမှုမြင့်တက်လာမှာ ဖြစ်တဲ့အတွက် ဝယ်လက်တွေက ကျဈေးကို စောင့်နေကြပါတယ်"လို့ ဟိုချီမင်းစီတီးရှိ ကုန်သည်တစ်ဦးက ဖေဖော်ဝါရီ ၆ ရက်မှ ၁၄ ရက်အထိ ကျင်းပမယ့် ဗီယက်နမ်နှစ်သစ်ကူးပွဲတော်ကို ရည်ညွှန်းပြီး ပြောကြားပါတယ်။

ဗီယက်နမ်မှာ ဆန်စပါးအများဆုံး ရိတ်သိမ်းရာသီဖြစ်တဲ့ ဆောင်း-နွေဦးသီးနှံရာသီက ဖေဖော်ဝါရီဖြစ်တဲ့အတွက် ဒီလမှာ ရောင်းလိုအားတွေ မြင့်တက်လာလို့ ဈေးနှုန်းတွေကျဆင်းနိုင်ကြောင်း ကုန်သည်တွေက ပြောပါတယ်။

ထိုင်း ၅ မှတ်ဆန်ရဲ့ FOB Bangkok ဈေးက ဖေဖော်ဝါရီ ၃ ရက်က တစ်တန်ကို အနည်းဆုံး အမေရိကန်ဒေါ်လာ ၃၆၅ မှအများဆုံး ၃၈၀ ဒေါ်လာအထိရှိရာမှ တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၆၅ ဒေါ်လာမှ ၃၇၅ ဒေါ်လာထိ ကျဆင်းလာခဲ့ပါတယ်။ ထိုင်းဆန်နဲ့ ဗီယက်နမ်ဆန်ဈေးက တစ်တန်ကို ၁၅ ဒေါ်လာမှ ဒေါ်လာ ၂၀ အထိကွာခြားနေတဲ့အတွက် အပြည်ပြည်ဆိုင်ရာဝယ်လက်တွေက ဗီယက်နမ်ဆန်ကို ဝယ်ကြပါတယ်။



ဝယ်လိုအား နည်းပါးမှုနဲ့ အမေရိကန်ဒေါ်လာနဲ့ ထိုင်းဘတ်ဖလှယ်နှုန်း တည်ငြိမ်မှုက ထိုင်းဆန်ဈေးကွက်ကို မှန်မှန်လေးသွားနေအောင် ထိန်းထားနိုင်ခဲ့တယ်လို့ ဘန်ကောက်ရှိကုန်သည်တွေက ပြောပါတယ်။

ဖိလစ်ပိုင်နိုင်ငံမှာ ယခုနှစ်ဆန်ထွက်ရှိမှုက အနည်းဆုံး တန်ချိန် ၁၈ သန်းရှိမယ်လို့ ခန့်မှန်းထားတဲ့အတွက် ၂၀၁၅ ခုနှစ်က ထွက်ရှိခဲ့တဲ့ တန်ချိန် ၁၈ ဒသမ ၁၅ သန်းနဲ့ နှိုင်းယှဉ်ရင် ကျဆင်းမယ်လို့ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ပရိုစက်ဆိုအယ်ကာလာက ဖေဖော်ဝါရီ ၂ ရက်က ပြောပါတယ်။

ဖိလစ်ပိုင်နိုင်ငံက နောက်ထပ်ဆန်တန်ချိန်လေးသိန်း ဝယ်ယူဖို့ လျာထားခဲ့ပေမယ့် အခြေအနေကို စောင့်ကြည့်နေဦးမှာဖြစ်ကြောင်း နိုင်ငံတော် ဆန်သိုလှောင်ရေးအဖွဲ့က ပြောပါတယ်။

ဉာဏ်တင်

(၁၂.၂.၂၀၁၆)ရက်နေ့တွင်ကျရောက်သည့် ပြည်ထောင်စုနေ့ အခါသမယတွင်.........

စိုက်ပျိုးထုတ်လုပ်မှု ဖူလုံပြည့်စုံအောင်ဆောင်ရွက်ပေးနေကြသော ကျေးဇူးရှင်တောင်သူလယ်သမား ဦးကြီးများ၊ စိုက်ပျိုးရေးသမားများအားလုံး စိုက်ပျိုးရေးလုပ်ငန်းများ ရေရှည်အောင်မြင်တိုးတက်၍ လူမှုဘဝ ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အရောင်းဆိုင်များ

(၁)ကျွန်းတောလမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၉-၇၃၀၇၅၈၂၂၊ ၀၁-၂၃၀၅၂၄၇၊ ၀၁-၅၀၄၆၀၂

(၂)မြေပဒေသာကျွန်း၊(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃)ည(၈၂)ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၇၄၆၈၃၂၀၈

(၄)အမှတ် (T2-7) ပုလဲလမ်း၊ ၃၁x၃၂ နှင့် ၇၃x၇၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး၊ ၀၂-၃၀၇၈၀၊ ၃၀၇၇၀၊

မာလာမြိုင် ကုမ္ပဏီလီမိတက်

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 8th February 2016

<< January And February Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.20 | 1.55 | 1.90 | 2.20 | 3.50 | X | | | 30.12.2015 | 2.1.2016 | 3.1.2016 | | | 11.1.2016 | 15.1.2016 | |
| | S/O CUT | | | | | | | 26.12.2015 | 29.12.2015 | 30.12.2015 | | | | | |
| MV.CITY OF MUMBAI V.27 | 1.55 | 1.90 | 2.20 | 3.50 | X | | | 16.1.2016 | 15.1.2016 | 14.1.2016 | | | 28.1.2016 | 1.2.2016 | |
| | S/O CUT | | | | | | | 12.1.2016 | 11.1.2016 | 10.1.2016 | | | | | |
| MV.HOEGH CHENNAI V.21 | 1.55 | 1.90 | 2.20 | 3.50 | X | | | 5.2.2016 | 6.2.2016 | 7.2.2016 | | | 15.2.2016 | 19.2.2016 | |
| | S/O CUT | | | | | | | 1.2.2016 | 2.2.2016 | 3.2.2016 | | | | | |
| MV.CITY OF MUMBAI V.28 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 18.2.2016 | 19.2.2016 | 17.2.2016 | | 28.2.2016 | 4.3.2016 | |
| | S/O CUT | | | | | | | | 14.2.2016 | 15.2.2016 | 13.2.2016 | | | | |
| MV.HOEGH CHENNAI V.22 | 1.55 | 1.90 | 2.20 | 3.50 | X | | | 8.3.2016 | 9.3.2016 | 10.3.2016 | | | 18.3.2016 | 22.3.2016 | |
| | S/O CUT | | | | | | | 4.3.2016 | 5.3.2016 | 6.3.2016 | | | | | |
| MV.CITY OF MUMBAI V.29 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 22.3.2016 | 23.3.2016 | 21.3.2016 | | 3.4.2016 | 7.4.2016 | |
| | S/O CUT | | | | | | | | 18.3.2016 | 19.3.2016 | 17.3.2016 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shioml Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway El Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်သုံးနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။